ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 1 July 2021 ၁၀၄၂၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၃၀

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း
စာမျက်နှာ » ၁၀

ကာကွယ်ဆေးနှစ်မျိုး ရောစပ်အသုံးပြုပါက ကိုဗစ်-၁၉ ရောဂါ ခုခံနိုင်စွမ်းပိုမိုမြင့်မား
စာမျက်နှာ » ၁၂

နိုင်ငံကို ရောင်းစားနေတဲ့ NUG
စာမျက်နှာ » ၁၄

လူငယ်နှင့် လူ့ဘောင် ဖွံ့ဖြိုးတိုးတက်ရေး
စာမျက်နှာ » ၁၉

ကြေးမုံ

# ကျင့်ဝတ်ဥပဒေကို မပျက်မကွက်လိုက်နာ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို စတင်လက်ခံကျင့်သုံးချိန်မှစ၍ အသိအမှတ်ပြုတရားဝင်မီဒီယာများ ရာဂဏန်းကျော်ရှိလာသည်။ မီဒီယာတစ်ခု ရပ်တည်ရှင်သန်ရေးမှာ လွယ်ကူသည့်အလုပ်မဟုတ်သော်လည်း စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ရပ်တည်ချက်အမျိုးမျိုးဖြင့် ငွေကြေးစိုက်ထုတ်လုပ်ကိုင်နေကြသည်။ ယနေ့အချိန်အခါတွင် စီးပွားရေး၊ လူမှုရေးအရ ရပ်တည်နိုင်သည့် မီဒီယာများ အနည်းငယ်သာရှိတော့ပြီး နိုင်ငံရေးကိုနောက်ခံပြု၍ နောက်ကွယ်မှငွေကြေးထောက်ပံ့ပေးနေသော မီဒီယာများ အမြောက်အမြားရှိလာသည်။

နိုင်ငံရေးကို ဦးစားပေးထုတ်လွှင့်ဖော်ပြလျက်ရှိသော ပြည်တွင်းသတင်းအရင်းအမြစ် တရားမဝင်မီဒီယာများနှင့် ပြည်ပအခြေစိုက် ပြည်တွင်းသတင်းဖော်ပြသော မီဒီယာများအားလုံးနီးပါးသည် ပြည်ပအထောက်အပံ့ခံများသာများကြသည်။ မည်သည့်သတင်းမီဒီယာဖြစ်စေ ဆိုင်ရာဆိုင်ရာ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်၊ စီမံခန့်ခွဲမှု၊ လုပ်ထုံးလုပ်နည်း code of ethic, code of conduct, code of practice တို့ရှိသည်။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် လိုက်နာရမည့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေလည်းရှိသည်။ နိုင်ငံတကာတွင် ပြဋ္ဌာန်းထားသည့် သတင်းစာပညာကျင့်ဝတ်များလည်းရှိသည်။

သို့သော် ပြည်ပအခြေစိုက် ပြည်တွင်းမီဒီယာများနှင့် ပြည်တွင်းတရားမဝင်မီဒီယာများသည် မြန်မာနိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေးထက် အကျိုးစီးပွားပျက်စီးရေး သတင်းများသာ တစိုက်မတ်မတ် ထုတ်လွှင့်ဖြန့်ဝေနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ပြည်သူ ပြည်သားများသာမက ကမ္ဘာ့ပြည်သူပြည်သားများကို သတင်းအဆိပ်သင့်အောင်၊ နိုင်ငံနှင့်လူမျိုး ပျက်စီးရာပျက်စီးကြောင်းဖြစ်ပေါ်လာအောင် တိကျသေချာမှုမရှိသောသတင်းများ၊ မမှန်သတင်းများ၊ ဘက်လိုက်သတင်းများ စသည်တို့အပြင် ဖြစ်စဉ်ဖြစ်ရပ်အပေါ် ပိုမိုချဲ့ကားပုံဖော်နေသည့်သတင်းများကို တွင်တွင်ပြုလုပ်နေကြသည်။

ဖော်ပြပါသတင်းမီဒီယာများအနေဖြင့် ပရော်ဖက်ရှင်နယ်ပီသစွာ၊ ရိုးသားဖြောင့်မတ်စွာဖြင့် သတင်းမီဒီယာလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက လေးစားထိုက်သော သတင်းစာပညာ၊ လိုက်နာအပ်သော သတင်းမီဒီယာကျင့်ဝတ်များနှင့်အညီ မှန်မှန်ကန်ကန် ရေးသားဖော်ပြထုတ်လွှင့်ကြရန် အထူးလိုအပ်ပေသည်။ မိမိတို့သည် ပြည်ပအထောက်အပံ့ခံစားခွင့်များယူထားကြသူများဖြစ်၍ ထောက်ပံ့သူများအလိုကျ လုပ်ကိုင်လေ့ရှိသော်လည်း မိမိတို့သည် မြန်မာနိုင်ငံတွင် မွေးဖွားသော မြန်မာနိုင်ငံသားများဖြစ်၍ မြန်မာနိုင်ငံ၏ကျေးဇူးကို သိနားလည်ရန်လိုအပ်သည်။ သို့သော် မြန်မာနိုင်ငံသား မြန်မာလူမျိုးများဖြစ်သော်လည်း မိမိနိုင်ငံ၊ မိမိလူမျိုး ပျက်စီးရာပျက်စီးကြောင်းသတင်းများ ရေးသားထုတ်လွှင့်နေကြသည်မှာ စိတ်မကောင်းဖွယ်ဖြစ်ရသည်။

အဆိုပါ သတင်းမီဒီယာများသည် လက်ရှိနိုင်ငံတော်ကို တာဝန်ယူနေသော အစိုးရဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား military council (သို့မဟုတ်) military junta (သို့မဟုတ်) junta ဟု သတင်းများတွင် သုံးနှုန်းဖော်ပြခြင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အခြေအမြစ်မရှိသော သတင်းမှားများကို ကိုးကားချဲ့ကား ရေးသားဖော်ပြခြင်းများ ပြုလုပ်နေကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး အာဏာသိမ်းအစိုးရမဟုတ်ကြောင်း အတိအလင်းရှင်းလင်းပြောကြားထားပြီးဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုထားပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသော ကျင့်ထုံးဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြောင်းကိစ္စများနှင့်ပတ်သက်၍ မှန်ကန်တိကျသော သတင်းအချက်အလက်များကို နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည့်အပြင် သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် သတင်းစာရှင်းလင်းပွဲများပြုလုပ်ခြင်း၊ သတင်းမေးမြန်းမှုများအား မှန်ကန်မြန်ဆန်စွာ ဖြေကြားခြင်းများကို ပြုလုပ်ပေးလျက်ရှိသည်။

ယခုအခါတွင် သတင်းအကြောင်းများ ရေးသားဖော်ပြဖြန့်ဝေခြင်းတို့နှင့်ပတ်သက်၍ မမှန်မကန်သတင်းများ၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်ပုန်ကန်သည့် သတင်းများအား လက်ရှိတွင် ဥပဒေ၊ ကျင့်ဝတ်များကို ဖောက်ဖျက်မျက်ကွယ်ပြုကာ ပြုလုပ်လျက်ရှိ၍ သတင်းမီဒီယာဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေတို့နှင့် အရေးယူခြင်းခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအား ပြည်ပသတင်းဌာနအချို့နှင့် တရားမဝင်သတင်းဌာနများက military council (သို့မဟုတ်) military junta (သို့မဟုတ်) junta ဟု သုံးနှုန်းနေမှုများကို နောင်တွင် သုံးစွဲမှု မပြုလုပ်ရန်နှင့် အသုံးအနှုန်း လွဲမှားသုံးစွဲခြင်း၊ သတင်းအမှားများ ကိုးကားချဲ့ကားဖော်ပြခြင်း၊ သတင်းအမှားများ ဖြန့်ဝေခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်စွာသွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာစိုးစိုးအေး<br>ဒုတိယပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာယောဟန်ထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ဟားခါးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဦးထွန်းမြင့်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၃၀- ၆ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၄၁ | ၃၆၉,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၀၀ | ၂,၆၇၆ | ၉,၄၈၀,၅၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၂၀၃ | ၄,၀၆၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၂၇၁ | ၇၃၁,၈၀၀ |
| EFR | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၃၀

ရန်ကုန်(ရွှေဈေး) ၁၅၆၂၀၀၀

မန္တလေး(ရွှေဈေး) ၁၅၆၂၀၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း မြန်မာငွေကျပ်**

| | | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၁၇.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၂၃.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၀.၃၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၄၆၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၉.၇၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၇၄၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၁၄.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၃.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၄.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၃၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်

**မိမိတို့ ယခုတာဝန်ယူဆောင်ရွက်နေခြင်းသည် အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာထိန်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် အာမခံချက်ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီပေါင်း ၉၀ ကျော်ရှိကြောင်း၊ အခြားနိုင်ငံများတွင် မိမိတို့နိုင်ငံကဲ့သို့ ပါတီများစွာမရှိကြောင်း၊ ပါတီများဖွဲ့စည်းရာတွင် နိုင်ငံရေးကို အခြေခံသည့်ပါတီ၊ ဒေသကိုအခြေခံသည့်ပါတီ၊ တိုင်းရင်းသားကို အခြေခံသည့် ပါတီများရှိကြောင်း၊ နိုင်ငံရေးဆောင်ရွက်ရာတွင် သဘောထားကွဲလွဲနေ၍မရဘဲ စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

☆ **ရှေ့ဖုံးမှ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေး ဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအခါ COVID–19 ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လာမှုကြောင့် ကူးစက်မှုလျှော့ချနိုင်ရေးအတွက် မိမိတို့ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ COVID–19 ရောဂါကူးစက်မှု ကာကွယ်ရေးအတွက် ဆောင်ရွက်ရာတွင် တစ်ဦးချင်း၏ ကြိုတင်ကာကွယ်မှုများသည် အဓိက အကျဆုံးဖြစ်ကြောင်း၊ ယခုအခါ ကလေးငယ်များ ပညာသင်ကြားရေးအတွက် စာသင်ကျောင်းများဖွင့်လှစ်ခြင်း၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ ဖြေလျှော့မှုများ ပြုလုပ်ပေးခြင်းနှင့် စေတီပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာနေရာများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၌လည်း မျိုးဗီဇပြောင်းကူးစက်မြန် COVID–19 ရောဂါများဖြစ်ပေါ်နေသလို မိမိတို့နိုင်ငံအတွင်း၌လည်း စတင်ဖြစ်ပေါ်နေပြီဖြစ်၍ မဖြစ်မနေ ကျော်လွှားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထို့ပြင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု အမြန်လျှော့ချနိုင်ရေးမှာ တစ်ဦးချင်း ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကာကွယ်ဆေးများ ထိုးနှံနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရုရှားနိုင်ငံခရီးစဉ်အတွင်း COVID–19 ရောဂါကာကွယ်ဆေးများ ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးအလုံးရေ နှစ်သန်း ဝယ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ရောဂါစစ်ဆေးရန်အတွက်လည်း PCR စက် သုံးလုံး ဝယ်ယူခဲ့သည်ဟု သိရှိရကြောင်း၊ အဆိုပါ PCR စက်သည် တစ်ကြိမ်လျှင် လူဦးရေ ၁၄၀ ခန့်အား ၁ နာရီခွဲအတွင်း စစ်ဆေးနိုင်ကြောင်း၊ အလားတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကာကွယ်ဆေးများ ဝယ်ယူရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးများ မရရှိသေးသည့် ကာလအတွင်း ယခုလ ၂၉ ရက်နေ့တွင် ရောဂါတွေ့ရှိသူ ၁၃၁၂ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၅ ဒသမ ၉၄ ရာခိုင်နှုန်းရှိကြောင်း၊ ကူးစက်မြန်သည့် ဗိုင်းရပ်စ်ပိုးဖြစ်သဖြင့် ရောဂါကူးစက်မှုများ ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ ရောဂါကူးစက်ခံရသူများအား ဆေးရုံများ၌ ကုသပေးလျက်ရှိသော်လည်း ယခုထက်ပို၍ ရောဂါကူးစက်မှု မြင့်တက်လာချိန်တွင် Quarantine Center များ ထပ်မံ၍ လုံလောက်စွာထားရှိရေး ကြိုတင်စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တစ်ဦးချင်း ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကဦးစားပေးအနေဖြင့် ကျောင်းသား ကျောင်းသူများ ကူးစက်မှုမဖြစ်စေရန် လိုအပ်သည့် Face Mask များ လုံလောက်စွာ စဉ်ဆက်မပြတ်ဝေငှနိုင်ရေး၊ စာသင်ကျောင်းခန်းသို့ ဝင်/ထွက်ရာတွင် လက်ဆေးနိုင်ရေး ဆပ်ပြာ၊ သုံးရေရရှိစေရေးအတွက် နိစ္စဓူဝ ကြပ်ကြပ်မတ်မတ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ လူအများစု သွားလာလှုပ်ရှားလျက်ရှိသည့် ဈေးများ၊ စက်ရုံအလုပ်ရုံများနှင့် ရုံးဌာနများအတွက်လည်း Face Mask များ ဝေငှနိုင်ရေးကမ်ပိန်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူတစ်ဦးချင်း၏ ကာကွယ်ရေးအတွက် Face Mask များ တပ်ဆင်စေရေး ရပ်ကွက်၊ မြို့၊ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Face Mask တပ်ဆင်သည့် ကမ်ပိန်းများအား ယခုထက် မြှင့်တင်ဆောင်ရွက်ကြရန်အတွက် တိုက်တွန်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများအတွက် Face Mask များ လုံလောက်စွာရရှိစေရေး သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တပ်မတော်အနေဖြင့်လည်း Face Mask များ လိုအပ်သည့်အရေအတွက်ရရှိစေရေး တိုးမြှင့်ထုတ်လုပ်လျက် ရှိကြောင်း၊ အလားတူ Stay at Home သတ်မှတ်ထားသည့် မြို့နယ်များရှိ ပြည်သူများ Face Mask များ တပ်ဆင်ရေး ကမ်ပိန်းများ ပြုလုပ်သွားရန်လိုကြောင်း မှာကြားသည်။

**○ အိမ်နီးချင်းနိုင်ငံများ၌လည်း မျိုးဗီဇပြောင်းကူးစက်မြန် COVID-19 ရောဂါများဖြစ်ပေါ်နေသလို မိမိတို့နိုင်ငံအတွင်း၌လည်း စတင်ဖြစ်ပေါ်နေပြီဖြစ်၍ မဖြစ်မနေ ကျော်လွှားဆောင်ရွက်သွားရမည်ဖြစ်**

**○ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအမြန် လျှော့ချနိုင်ရေးမှာ တစ်ဦးချင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကာကွယ်ဆေးများ ထိုးနှံနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်**

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က မြန်မာနိုင်ငံအတွင်း COVID–19 ရောဂါကူးစက်ပြန့်ပွားနေမှု အခြေအနေ၊ COVID–19 ရောဂါ ဒုတိယလှိုင်းနှင့် တတိယလှိုင်းဖြစ်ပွားမှု အခြေအနေ၊ တတိယလှိုင်းအတွင်း ရောဂါစစ်ဆေးတွေ့ရှိမှု၊ ကုသပေးမှုနှင့် သေဆုံးမှုအခြေအနေ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများတွင် ရောဂါကူးစက်ခံရမှုအခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရောဂါကူးစက်မှုအခြေအနေ၊ ရောဂါကူးစက်မှုနှုန်း မြင့်မားသည့် မြို့နယ်များတွင် Stay at Home သတ်မှတ်ထားမှုအခြေအနေနှင့် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသူများအား Facility Quarantine ထားရှိနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးတို့က လက်ရှိ COVID–19 ရောဂါ စစ်ဆေးတွေ့ရှိမှု၊ ကုသပေးမှုနှင့် သေဆုံးမှုအခြေအနေ၊ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်ပြန့်ပွားနေမှုအခြေအနေ၊ ရောဂါစစ်ဆေးရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ COVID–19 ရောဂါထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ပြည်သူများ သိသင့်သိထိုက်သည်များ ထုတ်လွှင့်ပြန်ကြားပေးရေး၊ ရောဂါတွေ့ရှိမှုများပြားလာပါက လူနာများထားရှိရန် Quarantine Center များ ကြိုတင်ပြင်ဆင်ထားရှိမည့် အခြေအနေ၊ တပ်မတော်အနေဖြင့် ရောဂါကုသထိန်းချုပ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေး စုဖွဲ့ထားရှိမှုအခြေအနေ၊ ရောဂါတွေ့ရှိမှုများပြားလာပါက အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေး၊ မြို့ဝင်မြို့ထွက်များတွင် စနစ်တကျ စိစစ်ကြပ်မတ်ရေးနှင့် ရှောင်ကွင်းလမ်းများမှ ဝင်ရောက်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရေး၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာကျောင်းများတွင် COVID–19 စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးညွှန်ကြားထားရှိမှု၊ COVID–19 ရောဂါဆိုင်ရာ အချက်အလက်များနှင့် ရောဂါကာကွယ်ရေးအတွက် နှိုးဆော်ချက်များအား အော်ပရေတာများမှ တစ်ဆင့် ပြည်သူများသိရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ယာဉ်မောင်းများနှင့် ဝန်ထမ်းများ ကာကွယ်ဆေးထိုးနှံနိုင်ရေးနှင့် ရောဂါစစ်ဆေးမှုများ ပြုလုပ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ရောဂါကူးစက်ခံရသည့် အလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ငွေများ ပေးအပ်ခဲ့မှုနှင့် ဆေးဝါးကုသပေးမှု အခြေအနေ၊ တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ ရောဂါကူးစက်မှုအခြေအနေ၊ Stay at Home ပြုလုပ်ထားသည့် မြို့နယ်များရှိ အခြေခံပညာကျောင်းအချို့ ယာယီပိတ်ထားမှု အခြေအနေများနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ စာသင်ကျောင်းများတွင် ရောဂါကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေထားရှိမှုအခြေအနေ၊ COVID–19 ကာကွယ်ထိန်းချုပ်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်မည့် အခြေအနေ၊ Social Distancing ရှိစေရေး ဆောင်ရွက်သွားရမည့် အခြေအနေများနှင့် COVID–19 စည်းကမ်းချက်များ၊ SOP/ Guideline များအား လိုက်နာမှုရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ COVID–19 ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာ သင်တန်းများပို့ချပေးနေမှုနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးမှုအခြေအနေများ၊ COVID–19 ရောဂါ ကူးစက်ခံရသူများအတွက်လိုအပ်သည့် အောက်ဆီဂျင် လုံလောက်စွာရရှိနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်မှုများအား ရှင်းလင်းဆွေးနွေး အကြံပြုတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား

(ယမန်နေ့မှအဆက်)

**မေး။ ။အခုအသစ်ဖွဲ့လိုက်တဲ့ UEC အနေနဲ့ စုံစမ်းမှုတွေပြုလုပ်ပြီးမှသာ ရွေးကောက်ပွဲကို ကျင်းပလို့ရမယ်လို့ နားလည်ထားပါတယ်။ ဒီလို သန်းဆယ်ချီပြီး မှားယွင်းနေမှုကို စစ်ဆေးမှုဟာ အချိန်ဘယ်လောက်ကြာနိုင်ပါသလဲ။ ဘယ်အချိန်လောက်ပြီးမယ်လို့ ခန့်မှန်းထားပါသလဲ။**

**ဖြေ။** ။ကျွန်တော်တို့ တော်တော်များများတော့ပြီးနေပြီ။ ၉၀ ရာခိုင်နှုန်းလောက် စစ်ဆေးတာပြီးသွားပါပြီ။ ကျွန်တော်တို့ လာမယ့် ဇူလိုင်လနောက်ဆုံးအပတ် သို့မဟုတ် ဩဂုတ်ပထမပတ်ထဲမှာ ကျွန်တော်တို့အနေနဲ့ အဲဒါကို တရားဝင်ရှင်းလင်းဖို့ရှိပါတယ်။

**မေး။ ။မဖြစ်မနေ လုပ်ငန်းစဉ်တွေအားလုံးပြီးသွားလို့ရွေးကောက်ပွဲကျင်းပဖို့ အဆင်သင့်ဖြစ်တဲ့အချိန်မှာ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံရေးပါတီတွေအားလုံးအနေနဲ့ ဒီရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသလား။**

**ဖြေ။** ။ပြိုင်နိုင်ပါတယ်။ ပြိုင်ခွင့်ရှိတာပေါ့။ ဒါပေမဲ့ သူက သတ်မှတ်တဲ့စည်းကမ်းတွေရှိတယ်။ ဥပမာအားဖြင့် မဲဆန္ဒနယ်ဘယ်နှခု ဝင်ရောက်ယှဉ်ပြိုင်ရမယ်တို့ ဒါတွေလည်းရှိပါတယ်။ အဲဒီလို စည်းကမ်းနဲ့ကိုက်ညီမယ်ဆိုရင်တော့ အားလုံးယှဉ်ပြိုင်ခွင့်ရှိပါတယ်။

တစ်ခုရှိတာပေါ့ဗျာ၊ အဲဒါဘာလဲဆိုရင် ပါတီများ ဖွဲ့စည်းခြင်းနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေရှိတယ်။ ဒါတွေနဲ့လည်း ကိုက်ညီဖို့လိုအပ်ပါတယ်။ ဖွဲ့စည်းမှုနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီဖို့လိုတယ်။ ပြီးရင် ရွေးကောက်ပွဲဝင်နိုင်မယ့် စည်းမျဉ်းစည်းကမ်းတွေကိုက်ညီဖို့လိုတယ်၊ ဒီနှစ်ခုနဲ့ ပြည့်စုံတဲ့ ဘယ်နိုင်ငံရေးပါတီတွေမဆို ယှဉ်ပြိုင်ခွင့်ရှိပါတယ်။

အကြမ်းဖက်မှုကတော့ ပထမဦးဆုံး ရိုးရိုးဆန္ဒပြတာကနေပြီးတော့ နောက်ပိုင်းမှာ ဒီလို ဆန္ဒပြတာတွေက နေတစ်ဆင့်တက်လာပြီး အကြမ်းဖက်မှုတွေ ရှိနေတယ်။ ဒါပေမဲ့ အခုတော့ အကြမ်းဖက်မှုတွေက အရင်လို မများတော့ဘူး။ တော်တော်တော့ ကျသွားပါပြီ။ လက်လုပ်ဗုံးတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာတို့၊ လူတွေချောင်းမြောင်းပစ်ခတ်တာတို့ ဒီလို အနည်းအကျဉ်းတော့ရှိပါတယ်။ ဒါက ဘာလဲဆိုရင် ပြည်သူတွေ အကြောက်တရားတွေဖြစ်အောင်၊ နောက်တစ်ခါ နိုင်ငံတော်အစိုးရအနေနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ဘူးဆိုတာကို နိုင်ငံတကာမှာ ပုံရိပ်တစ်ခုပျက်ပြားအောင်၊ နိုင်ငံတကာရဲ့ ပုံရိပ်မှာ ကျွန်တော်တို့ရဲ့ အနေအထိုင်ပျက်ပြားအောင် ဆောင်ရွက်တာဖြစ်နိုင်ပါတယ်။



နောက်တစ်ခုကတော့ သူတို့ ဒီလိုလုပ်ပြီးတော့၊ ဒီလိုလုပ်ခြင်းအားဖြင့် သူတို့အပေါ် တစ်ဖက်က အားပေးတဲ့သူတွေ စိတ်ဓာတ်တက်ကြွပြီး ဒီထက်ပိုမိုအရှိန်ပြင်းပြင်း လုပ်ဆောင်နိုင်အောင် လုပ်နိုင်တဲ့ ရည်ရွယ်ချက်လည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ အများပြည်သူက လက်မခံဘူး၊ အကြမ်းဖက်မှုကို ဘယ်သူမှ လက်မခံဘူး၊ တော်တော်များများတော့ အခုနှိမ်နင်းဆောင်ရွက်နိုင်တာတော့ရှိတယ်။

သူတို့ မျှော်လင့်ထားတာကတော့ ဒီအကြမ်းဖက်မှုတွေက အရှိန်ပြင်းထန်လာလိမ့်မယ်လို့ မျှော်လင့်ထားတာပဲ။ ပြင်းထန်လာလို့ရှိရင် ကျွန်တော်တို့ရဲ့ တုံ့ပြန်ချက်ကလည်း ပြင်းထန်လာလိမ့်မယ်။ ပြင်းထန်လာလို့ရှိရင် နိုင်ငံတကာက ဝင်ရောက်စွက်ဖက်ဖို့ အခွင့်အရေးတွေက သူတို့ မျှော်မှန်းနိုင်တဲ့အခြေအနေမျိုးမှာ ပိုရောက်သွားမယ်။ ဒါပေမဲ့ သူတို့ ဒီလို အခြေအနေမျိုးလုံးဝရောက်ဖို့ ဘယ်သူမှ မရှိနိုင်ဘူး။ ဒါကတော့ အမြင့်ဆုံး ကျွန်တော်တွက်ကြည့်တာပါ။ ဒီလိုတော့ မှန်းလို့ရပါတယ်။

**မေး။ ။ဒီလိုမျိုး အကြမ်းဖက်မှုတွေကို ထောက်ခံတဲ့သူတွေ ပေါ်ပေါက်လာအောင် လုပ်ဆောင်နေတယ်လို့ ပြောတဲ့အချိန်မှာ ထောက်ခံသူတွေအနေနဲ့ နိုင်ငံရေးအရ ထောက်ခံသူကို ဆိုလိုတာလား။ ဒါမှမဟုတ် ငွေရေးကြေးရေးအရ ထောက်ခံသူကို ဆိုလိုတာလား။**

**ဖြေ။** ။နိုင်ငံရေးအရထောက်ခံသူတွေရဲ့ ဦးဆောင်မှုနဲ့ ငွေကြေးနဲ့ လိုက်လုပ်နေတဲ့သူတွေ ပိုများတာပေါ့။ ဦးဆောင်တဲ့သူတွေကတော့ နိုင်ငံရေးအရ ဆန့်ကျင်တဲ့သူတွေ ဦးဆောင်တာရှိတယ်။ သူတို့ရဲ့ ငွေကြေးတွေနဲ့ ခိုင်းတဲ့အခါ ငွေကြေးရတဲ့သူတွေက လိုက်လုပ်ကြတာပေါ့။ အဲဒီတော့ သူတို့က နိုင်ငံရေးအရတော့မဟုတ်ဘူး။ ပိုက်ဆံကြောင့် လုပ်တာ၊ ဦးဆောင်တဲ့သူတွေကတော့ နိုင်ငံရေးအရ ဦးဆောင်တဲ့သူတွေပါ။ ဒါပေမဲ့ သူတို့မလုပ်ရဲဘူး။ ဦးဆောင်တဲ့သူတွေကတော့ အကြမ်းဖက်မှုမလုပ်ရဲဘူး။ သူတို့က ပိုက်ဆံပေးခိုင်းတာ။

**မေး။ ။ကမ္ဘာမှာ အခုလက်ရှိရှိတဲ့ ကမ္ဘာ့နိုင်ငံရေး အသိုင်းအဝိုင်းထဲကနေမှ ဒီနိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ရောဒီအရှေ့တောင်အာရှဒေသအတွင်းမှာရှိတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေအနေနဲ့ပါ မြန်မာနိုင်ငံရဲ့အခြေအနေ တည်ငြိမ်အေးချမ်းဖို့ ဘယ်လိုအကူအညီမျိုးတွေ ပေးနိုင်ပါသလဲ။ ဘယ်လိုအကူအညီမျိုးတွေဆိုရင် မြန်မာနိုင်ငံအနေနဲ့ လက်ခံဆောင်ရွက်ပေးဖို့ရှိပါသလဲ။**

**ဖြေ။** ။နံပါတ်တစ်အချက်ကတော့ဗျာ။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှုကိုတော့ နားလည်ဖို့လိုတယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုနားလည်ဖို့လိုတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ ဥပဒေကို နားလည်ဖို့လိုတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တွေကို နားလည်ဖို့လိုတယ်။ ဒီလိုနားလည်ပြီးတော့မှ ဦးဆောင်မယ်ဆိုရင် ပိုပြီးအကျိုးရှိလိမ့်မယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

ဒါတွေကို နားမလည်ဘဲ သူတို့လိုချင်ရာကိုဆွဲပြီးတော့ ရရှိတဲ့သတင်းတွေ၊ နံပါတ် တစ်အချက် ရရှိတဲ့သတင်းပေါ်မူတည်ပြီး သူတို့လိုချင်ရာ ကောက်ချက်ချတာ၊ ရရှိတဲ့သတင်းတွေကလည်း ဒီအနောက်နိုင်ငံ အဖွဲ့အစည်းတွေကျတော့ သူတို့ရဲ့ လိုချင်တဲ့ပုံစံကို သွားနိုင်ဖို့ သူတို့ကလုပ်တာပါ။ အဲဒီအပေါ်မှာမူတည်ပြီး သတင်းတွေတင်တဲ့အခါ ဒီအပေါ်မှာ ရရှိတဲ့နိုင်ငံတွေကလည်း ဒီအပေါ်မှာပဲ Analyze လုပ်ပြီးတော့ ပြောကြတာပါ။ ဒါပေမဲ့ ပကတိအချိန်တွေမှာတော့ ကွဲပြားခြားနားတာရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်း ပကတိအချိန်တွေကို သိဖို့လိုအပ်ပါတယ်။ အဲဒီလိုဆိုရင် ပူးပေါင်းဆောင်ရွက်ဖို့ သိပ်ကောင်းတယ်။ ကျွန်တော်တို့လည်း နိုင်ငံတစ်နိုင်ငံဆိုတာ၊ ကျွန်တော်တို့ နိုင်ငံပြည်တွင်းရေးဆိုတာ ဟုတ်ပါတယ်။ သို့သော်လည်းပဲ တစ်ဖက် နိုင်ငံတကာကနေပြီးတော့ ပူးပေါင်းဆောင်ရွက်လို့ရတဲ့ နယ်ပယ်တွေမှာ ရှိကောင်းရှိနိုင်ပါတယ်။ ဥပမာ အကောင်းဘက်ကနေ အပြုသဘောဆောင်တဲ့ ဆောင်ရွက်မှုမျိုးဆိုရင် ကျွန်တော်တို့အနေနဲ့ မလုပ်နိုင်စရာ မရှိပါဘူး။

နိုင်ငံတကာမှာ ကျွန်တော်တို့ အထီးကျန်လို့မရဘူး။ ပူးပေါင်းဆောင်ရွက်မှုတွေကို ဘယ်လိုပဲဖြစ်ဖြစ် လုပ်ရမှာပါ။ အခု ကျွန်တော်တို့ ရုရှားနဲ့ပူးပေါင်းဆောင်ရွက်မှုရှိတယ်။ တရုတ်နဲ့ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်။ အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ဆက်ဆံမှုတွေရှိတယ်။ အကုန်ရှိပါတယ်၊ နိုင်ငံတွေ အကုန်လုံးဆက်ဆံမှုတွေရှိတယ်၊ ဒါအရေးကြီးတာမို့ နားလည်ဖို့လိုတယ်။

**မေး။ ။အဆွေတော် ဗိုလ်ချုပ်မှူးကြီး ဖြေကြားသွားတဲ့အထဲမှာ ရုရှားနိုင်ငံနဲ့ လက်ရှိမှာ ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်နေပါတယ်။ တရုတ်နိုင်ငံနဲ့လည်း ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်လို့ ဖြေကြားသွားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အခု မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှု တည်ဆောက်ရေးအတွက် ဒီမိတ်ဖက်နိုင်ငံ နှစ်နိုင်ငံက ကူညီဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ ဘယ်လိုအကူအညီ အစီအစဉ်ရှိပါသလဲ။**

**ဖြေ။** ။ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေကတော့ ရှိတယ်ဗျ။ မြန်မာနိုင်ငံရဲ့ အခြေအနေအမှန်ကို သူတို့သိအောင်ကြိုးစားပြီးတော့ နိုင်ငံတကာမျက်နှာစာတွေမှာ သူတို့က ကျွန်တော်တို့ရဲ့ နိုင်ငံရေးအခြေအနေကို သိအောင်ပြန်ပြီးတော့မှ ဆောင်ရွက်ပေးတာတွေဟာ သူတို့ရဲ့ပူးပေါင်းဆောင်ရွက်မှုတွေပါ။

**မေး။ ။မြန်မာနိုင်ငံ အကြောင်းကို ကျွန်တော်တို့ မေးမြန်းတဲ့အချိန်မှာ အခုလက်ရှိကာလကြီးမှာ မဖြစ်မနေမေးရမယ့် မေးခွန်းလေးတစ်ခုရှိပါတယ်။ တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့အချိန် မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ် ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မှုတွေ အလျှင်မီပါသလား။ ဘယ်လို အခက်အခဲတွေ၊ ဘယ်လိုအောင်မြင်မှုတွေ ရှိတယ်ဆိုတာ သိချင်ပါတယ်။**

**ဖြေ။** ။ကိုဗစ်-၁၉ ရောဂါ စဖြစ်တဲ့ ပထမလှိုင်းပေါ့ဗျာ။ ပထမလှိုင်းဖြစ်တဲ့အချိန်မှာတော့ သိပ်မများဘူး။ ဒုတိယလှိုင်းဖြစ်တဲ့အချိန်မှာတော့ ကျွန်တော်တို့ တော်တော်လေးများသွားတယ်။ ကျွန်တော်တို့ ဒါကိုလည်း ပြန်ထိန်းနိုင်ပါတယ်။ အဲဒီအချိန်မှာ ကိုဗစ်ကာကွယ်ဆေးတွေပေါ်လာတော့ ကျွန်တော်တို့ ကာကွယ်ဆေးထိုးနိုင်ဖို့ လုပ်တယ်။ ပထမဦးက အိန္ဒိယနိုင်ငံကနေ၊ နောက်ကျ အိန္ဒိယနိုင်ငံကနေ အကြောင်းအမျိုးမျိုးကြောင့်၊ သူတို့ရဲ့ ပြည်တွင်းရေးမှာရှိနိုင်တဲ့ အခက်အခဲတွေကြောင့် သူတို့ရဲ့ ကာကွယ်ဆေးတွေ ကျွန်တော်တို့ကို ရောင်းချမှုတွေ ခဏတော့ ရပ်ဆိုင်းထားတာပေါ့။

အဲဒီအချိန်မှာ ရုရှားနိုင်ငံက ထုတ်တဲ့ ကာကွယ်ဆေး လက်ခံရရှိတဲ့အချိန်၊ အခု ကျွန်တော်တို့ဆီမှာ စမ်းသပ် သုံးစွဲပြီးလည်းဖြစ်တယ်။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

နောက်ထပ်လည်း ရုရှားနိုင်ငံကနေ ထပ်ပြီး တိုးချဲ့ဝယ်ယူဖို့အတွက် ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးနေတာ ရှိပါတယ်။ ထို့အတူပဲ တရုတ်နိုင်ငံကနေ ပြီးတော့ ကျွန်တော်တို့ နိုင်ငံအတွက် ကာကွယ်ဆေးတွေ ပေးပို့ခဲ့တာရှိတယ်။ ဒါကိုလည်း ကျွန်တော်တို့ သုံးစွဲပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ တရုတ်နိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။

တတိယလှိုင်းကတော့ ရုံဖန်ရုံခါတော့ နည်းနည်းပြန်ဖြစ်တဲ့သဘောတော့ တွေ့တယ်။ တစ်နေ့ တစ်နေ့ တွေ့ရှိတဲ့ ရာခိုင်နှုန်းက ၁၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်ရှိတယ်။ နည်းနည်း နည်းလာတဲ့ ရက်တွေရှိတယ်၊ များလာတဲ့ရက်တွေလည်း ရှိတယ်။ သို့သော် တွေ့ရှိတဲ့ရက်၊ တွေ့ရှိတဲ့ပမာဏကတော့ ၁၀ ရာခိုင်နှုန်းပတ်ဝန်းကျင်လောက်မှာ ရှိနေတဲ့အတွက်ကြောင့် အရင်ထက်စာရင် နည်းနည်းပိုများလာတဲ့ သဘောရှိတယ်။

သို့သော် နိုင်ငံတကာမှာ ဖြစ်နေတဲ့ ဒီပြန့်ပွားမှုနှုန်းထက်စာရင် ကျွန်တော်တို့ နိုင်ငံမှာတော့ အများကြီးမဟုတ်သေးပါဘူး။ ကျွန်တော်တို့ ကောင်းကောင်းမွန်မွန် စည်းကမ်းတကျလိုက်နာမယ်ဆိုရင် ထိန်းသိမ်းနိုင်တဲ့ အနေအထားရှိတယ်လို့ ကျွန်တော်ပြောထားပါတယ်။ ဒါလည်းတတ်နိုင်သလောက် ကြိုးစားပြီး ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ ရုရှားနိုင်ငံက ကာကွယ်ဆေးကို တင်သွင်းဖို့ ညှိနှိုင်းတာနဲ့ ပတ်သက်ပြီး အရေအတွက်အားဖြင့် ဘယ်လောက်ဖြစ်နိုင်မလဲဆိုတာ သိပါရစေ။**

**ဖြေ။** ။ လောလောဆယ် ကျွန်တော်တို့ နှစ်သန်းဝယ်ဖို့လုပ်ထားတယ်၊ နောက်တော့လည်း ခုနစ်သန်းဝယ်ဖို့ တစ်ဖက်ကနေ စီစဉ်နေတာရှိပါတယ်၊ ဒါကလည်း ညှိနှိုင်းဆဲဖြစ်ပါတယ်။ ဒီဘက်ကလည်း ပို့နိုင်တဲ့အခြေအနေအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့က တွက်ချက်ပြီး စောင့်ရတာဖြစ်ပါတယ်။ ရုရှားနိုင်ငံက တစ်ကမ္ဘာလုံးကို ဖြန့်နေရတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်ကို တစ်ပြိုင်နက်တည်း မပေးနိုင်ဘူးဆိုတာ သိရှိထားရမှာဖြစ်ပါတယ်။

**မေး။ ။ ရုရှားနိုင်ငံမှာ တရားဝင်ခွင့်ပြုထားတဲ့ ကာကွယ်ဆေး(၃)မျိုး ရှိပါတယ်။ အဲဒီထဲမှာ Sputnik V တစ်မျိုးကိုပဲ စိတ်ဝင်စားဖို့ရှိတာပါလား။**

**ဖြေ။** ။ Sputnik V ရယ်၊ Sputnik Light ရယ် နှစ်မျိုးရှိပါတယ်။

**မေး။ ။ အခု ဗိုလ်ချုပ်မှူးကြီးရဲ့ ရုရှားနိုင်ငံခရီးစဉ် အခုလို မော်စကိုမြို့ကို ရောက်ရှိတုန်းမှာ (၉)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံကို တက်ရောက်ခဲ့တာအပြင် တခြား ဘာအစီအစဉ်တွေ ရှိခဲ့ပါသလဲ။ အကြမ်းဖျင်းလေး ပြောပြလို့ရရင် သိချင်ပါတယ်။**

**ဖြေ။** ။ ကျွန်တော့်အနေနဲ့ လုံခြုံရေးကောင်စီ အထွေထွေအတွင်းရေးမှူးနဲ့ တွေ့ဆုံဆွေးနွေးမှုလုပ်ခဲ့တယ်။ ကာကွယ်ရေးဝန်ကြီးနဲ့လည်း ဆွေးနွေးမှုလုပ်ခဲ့တယ်။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ စစ်တက္ကသိုလ် ကျွန်တော်သွားပြီးတော့ ကျွန်တော့်ကို ဂုဏ်ထူးဆောင်ပါမောက္ခ ဘွဲ့ပေးတုန်းက ကျွန်တော်လက်ခံခဲ့တယ်။ မော်စကိုမှာရှိတဲ့ အထင်ကရနေရာတချို့ကို ကျွန်တော် ရောက်ခဲ့တယ်။ ပြီးတော့ တခြားနေရာ တချို့ကို ကျွန်တော် သွားဖို့ရှိပါတယ်။ နောက်တစ်ခုက မော်စကိုမှာရှိတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာကျောင်းကိုလည်း ကျွန်တော်သွားခဲ့တယ်။ အဲဒီမှာလည်း သိမ်ရေစက်ချတာလုပ်ခဲ့ပါတယ်။ ဒါကတော့ မော်စကိုနဲ့ ရုရှားနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေအတွက် ဘာပဲပြောပြော အထောက်အကူရမယ့် နေရာတစ်ခုလို့ ကျွန်တော် ပြောလိုပါတယ်။

**မေး။ ။ နောက်ထပ် သွားရောက်လည်ပတ်မယ့်မြို့တွေနဲ့ ပတ်သက်ပြီးတော့ သိလို့ရမလား။ ဘယ်မြို့တွေသွားဖို့ စီစဉ်ထားပါသလဲ။**

**ဖြေ။** ။ သေချာတာကတော့ ရုရှားနိုင်ငံရဲ့ ထင်ရှားတဲ့မြို့တွေပါပဲ။ ကာဇန်ရယ်၊ လိုဗိုစီဗီရယ် ကျွန်တော်သွားမယ်။ နာဗာစီဗီကိုလည်းရောက်အောင်သွားပါမယ်။ အဲဒါလှပတဲ့မြို့လို့ ပြောကြပါတယ်။

**မေး။ ။ ခရီးစဉ်ကတော့ ဆက်လက်ပြီး သွားရောက်ဦးမှာဖြစ်တဲ့အတွက် မပြီးဆုံးသေးပါဘူး။ ဒါပေမဲ့ အခုဒီနေ့အထိ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ခံစားရတဲ့စိတ်ခံစားချက်ကိုသိလိုပါတယ်။**

**ဖြေ။** ။ ကောင်းမွန်တဲ့ ခရီးစဉ်ပါပဲ။ ဘာပဲပြောပြော ကျွန်တော်တို့ လာရောက်ဆောင်ရွက်ခဲ့တဲ့ ကိစ္စအားလုံး အောင်အောင်မြင်မြင်ရှိပါတယ်လို့ပဲ ပြောချင်ပါတယ်။

**မေး။ ။ အခုလို အချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက်ကျေးဇူးအများကြီးတင်ပါတယ်ဗျာ။**

**ဖြေ။** ။ ကောင်းပါပြီ၊ ဒီနေ့က ခင်ဗျားတို့ RIA သတင်းဌာနရဲ့ နှစ်(၈၀)ပြည့်နေ့လို့ သိထားရတယ်။ ဒီလို သတင်းတွေ ကျော်ကြားတဲ့၊ ဒီလို နှစ်ပေါင်း(၈၀)ကြာအောင် အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့တာနဲ့ ပတ်သက်ပြီး အထူးပဲ ချီးကျူးဂုဏ်ပြုကြောင်း ပြောလိုပါတယ်။ ဆက်လက်ပြီးလည်း ဒီထက်မက အောင်မြင်တိုးတက်ပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းပါရစေ။ အောင်မြင်ပါစေ။

မြဝတီ

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့်စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မင်္ဂလာဒုံမြို့နယ်၌ စိုက်ပျိုးမှုဆိုင်ရာ လက်တွေ့သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၃၀**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဂရိတ်ဝေါကုမ္ပဏီတို့ ပူးပေါင်း၍ Ever Green Grass စိုက်ပျိုးမှုဆိုင်ရာ လက်တွေ့သင်တန်း (၁/၂၀၂၁) ဖွင့်လှစ်ခြင်းကို ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျဉ်းမပင် နို့စားနွားမွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံအတွင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာတိုးမင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင်များက သင်တန်းသား သင်တန်းသူ ၂၅ ဦးတို့အား ဒေသအလိုက် စိုက်ပျိုးသင့်သည့် မြက်မျိုးများရိတ်သိမ်းနည်း၊ မြေပြုပြင်ခြင်း၊ ပေါင်းနှိမ်နင်းခြင်း၊ မြေဩဇာထည့်ခြင်း၊ မျိုးစေ့သိမ်းခြင်း စသည့်အကြောင်းများကို စာတွေ့သင်ကြားပြီး သရုပ်ပြခြံအတွင်း မြေတစ်ဧကပေါ်တွင် လက်တွေ့စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



ဉာဏ်ဟိန်း

## မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် ဇွန် ၃၀

| | |
|---|---|
| သထုံ | ၃ ဒသမ ၆၂ လက်မ |
| ဘီးလင်း | ၃ ဒသမ ၆၂ လက်မ |
| မောင်တော | ၃ ဒသမ ၄၃ လက်မ |
| ပိုင်ကျုံ | ၃ ဒသမ ၂၁ လက်မ |
| ကျောက်ဖြူ | ၂ ဒသမ ၇၂ လက်မ |
| ဘားအံ | ၂ ဒသမ ၅၂ လက်မ |
| စစ်တွေ | ၂ ဒသမ ၂၈ လက်မ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၃၀

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌက ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု ထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရန်နှင့် တစ်ရပ်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သော အချို့နိုင်ငံများတွင် ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေသည် နိုင်ငံစီးပွားရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့စီးပွားရေး၏ တတိယအကြီးဆုံး ပို့ကုန်ကဏ္ဍဖြစ်ကြောင်း၊ ထို့ပြင် သဘာဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရေးနှင့် လူသားများအတွက် နေရာသစ်များ၊ ယဉ်ကျေးမှုများနှင့် အတွေ့အကြုံသစ်များကို စူးစမ်းရှာဖွေဖော်ထုတ်ရာတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း။

**တစ်ကမ္ဘာလုံးအတွက်အရေးပါ**

ကမ္ဘာ့လူ့ညှ ခရီးသွားလုပ်ငန်းသည် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသတစ်ခုတည်းအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကို စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (Sustainable Development Goals)နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်း ခရီးသွားကန့်သတ်မှုများ ပြုလုပ်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်သည် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း၏ အဆိုးရွားဆုံးသော နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization – UNWTO)၏ ၂၀၂၁ ခုနှစ် မတ်လ စာရင်းဇယားများအရ ကမ္ဘာအနှံ့ ခရီးသည်ဝင်ရောက်မှုသည် ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၉၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဥရောပဒေသတွင် ၈၃ ရာခိုင်နှုန်း၊ အာဖရိကဒေသတွင် ၈၁ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ၇၈ ရာခိုင်နှုန်း၊ အာရှ-ပစိဖိတ်ဒေသတွင် ၉၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံခန့်ဆုံးရှုံးခဲ့ပြီး အာရှ-ပစိဖိတ်ဒေသတွင် ၇၀ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ၆၉ ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရကြောင်း။

ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ခရီးသည် ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၇၉ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ခရီးသွားလုပ်ငန်းမှရရှိသည့်ဝင်ငွေ ၈၁ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ ထို့ပြင်ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဆုံးရှုံးနစ်နာခဲ့သည်ကို တွေ့ရှိရကြောင်း။

ရာခိုင်နှုန်းခန့် ပြန်လည်စတင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေ အပြည့်အဝ ထိန်းချုပ်နိုင်ပါက ၂၀၂၄ ခုနှစ်မှသာ ခရီးသွားလုပ်ငန်း ပုံမှန်အခြေအနေ ရောက်ရှိနိုင်မည်ဖြစ်သည်ဟု ခန့်မှန်းထားကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်က ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် Global Tourism Crisis Committee ကို ဖွဲ့စည်းခဲ့ကြောင်း၊



ပြည်ထောင်စုဝန်ကြီး
ဦးမောင်မောင်အုန်း




ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းရှိန်



ပြည်ထောင်စုဝန်ကြီး
ဦးအောင်နိုင်ဦး



ပြည်ထောင်စုဝန်ကြီး
ဦးကိုကိုလှိုင်

ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အခြား စီးပွားရေးကဏ္ဍများ ပြန်လည်ထူထောင်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေး အကြံပြုနိုင်ရန် ယနေ့အစည်းအဝေးကိုကျင်းပရခြင်းဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုအတွက် သန်းပေါင်းများစွာသော အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အပြင် သဘာဝနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အနာဂတ်မျိုးဆက်သစ်များ လက်ဆင့်ကမ်းခံစားနိုင်ရန်နှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် တွန်းအား

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလဆန်းမှ စတင်ပိတ်သိမ်းထားခဲ့သည့် ခရီးစဉ်ဒေသများ၏ ၅၃ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်ခဲ့သည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ စစ်တမ်းကောက်ယူချက်အရ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာခရီးသွားလုပ်ငန်း၏ ၄၀ ရာခိုင်နှုန်းခန့်နှင့် ၂၀၂၂ ခုနှစ်တွင် ၆၀

အဆိုပါကော်မတီက ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေး အစီအမံများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် Global Tourism Crisis Committee နှင့် UNWTO / IATA (International Air Transport Association) ပူးပေါင်း၍ Destination Tracker စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ Harmonize Common Guidelines Recommendations on Health and Safety Protocols ကိုလည်း ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၇ သို့ ○



ပြည်ထောင်စုဝန်ကြီး
ဦးကိုကို



ပြည်ထောင်စုဝန်ကြီး
ဗိုလ်ချုပ်ကြီးတင်အောင်စန်း



ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ရီ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာပွင့်ဆန်း



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသက်ခိုင်ဝင်း



ဒုတိယဝန်ကြီး
ဦးရဲတင့်

- ❖ **ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ခရီးသည်ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၇၉ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေ ၈၁ ရာခိုင်နှုန်း လျော့နည်း**
- ❖ **ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့၏ ၂၀၂၁-၂၀၂၃ ခုနှစ် နိုင်ငံတကာခရီးသည်ဝင်ရောက်မှု ခန့်မှန်းစာရင်းအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသည်ဝင်ရောက်မှုအများဆုံး ၁ ဒသမ ၈ သန်းမှ အနည်းဆုံး သုည ဒသမ ၅ သန်းရှိမည်ဟု ခန့်မှန်းသုံးသပ်ထား**
- ❖ **အဆိုပါအခြေအနေများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအပေါ် များစွာမူတည်နေသည်ကို သတိပြုကြရန်လို**

❍ စာမျက်နှာ ၆ မှ

ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့၏ ၂၀၂၁-၂၀၂၃ ခုနှစ် နိုင်ငံတကာခရီးသည် ဝင်ရောက်မှုခန့်မှန်းစာရင်းအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသည် ဝင်ရောက်မှုအများဆုံး ၁ ဒသမ ၈ သန်းမှ အနည်းဆုံး သုည ဒသမ ၅ သန်းရှိမည်ဟု ခန့်မှန်းသုံးသပ်ထားကြကြောင်း၊ အဆိုပါအခြေအနေများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအပေါ် များစွာမူတည်နေသည်ကို သတိပြုကြရန် လိုကြောင်း။

**အနည်းငယ်ထိန်းချုပ်လာနိုင်**

လတ်တလောကာလတွင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ကူးစက်မှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရသည့်အတွက် နိုင်ငံတကာခရီးသွားများ ပြန်လည်ဖွင့်လှစ်နိုင်ရန် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း စတင်ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ်လတွင် ရောဂါကူးစက်မှု အနည်းငယ်ထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူပြီးသည့် ကာလမှစတင်၍ ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းခရီးသွားများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည့် ခရီးစဉ်ဒေသများကို သွားရောက်လည်ပတ်လျက်ရှိပြီဖြစ်ရာ ၂၀၂၁ ခုနှစ် သင်္ကြန်ကာလအတွင်း မြန်မာနိုင်ငံ ခရီးစဉ်ဒေသများတွင် ပြည်တွင်းခရီးသွားဦးရေ ၄၃၂၈၂၉ ဦးအထိ သွားရောက် လည်ပတ်ခဲ့ကြကြောင်း။ သို့သော် ကိုဗစ်-၁၉ ကူးစက်မှုအနေဖြင့် ဇွန်လ ဒုတိယပတ်မှစ၍ မျှော်လင့်ထားသည့် ဗီဇပြောင်းရောဂါပိုးကူးစက်မှုများ ဖြစ်ပွားလာခဲ့ပြီး ရောဂါကာကွယ်ထိန်းချုပ်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း။ ရောဂါကူးစက်မှု မြန်မြန်ဆန်ဆန် ရပ်တန့်စေရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ကုသမှုများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း တွဲဖက်လုပ်ကိုင်နိုင်သည့် Agri Tourism, Faming Tourism, Nature-based Tourism စသည့် သဘာဝနှင့် နီးစပ်သော ခရီးသွားလုပ်ငန်း အမျိုးအစားများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ရှိရင်းစွဲခရီးသွားဆွဲဆောင်မှုများအပြင် ခရီးသွားများ စိတ်ဝင်စားနိုင်မည့် အစီအစဉ်များကို ကြံဆဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ဒေသထုတ်ကုန်များကို အရည်အသွေးကောင်းမွန်ပြီး ခေတ်မီဆန်းသစ်သော ထုပ်ပိုးမှုပုံစံများဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ထုတ်ကုန်များ ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ASEAN Tourism Recovery Plan တွင် ပါဝင်သည့် ကိုဗစ်-၁၉ ကြောင့် ဒေသတွင်း သက်ရောက်မှုများ ကုစားဖြေလျှော့ရေးနှင့် ပြန်လည်တိုးတက်ကောင်းမွန်ရေးအတွက် အာဆီယံအဆင့် ဆောင်ရွက်ရမည့် မူဝါဒများ ချမှတ်ခြင်း၊ Common Health Guideline များ ရေးဆွဲဖော်ဆောင်ခြင်း၊ ASEAN Travel Corridor များ ဖော်ဆောင်ခြင်း၊ အာဆီယံအဆင့် Travel Pass နှင့် Safely Protocol များ ရေးဆွဲ၍ အပြန်အလှန်အသိအမှတ်ပြုခြင်းနှင့် ASEAN Tourism Recovery Fund ထူထောင်ခြင်းကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုံးခွဲများ၊ ခရီးစဉ်ဒေသများရှိ ဒေသခံအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသများတွင် ကနဦးစီမံချက် (Pilot Project) များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုသည်ကို သိရကြောင်း၊ ကနဦးစီမံချက်ပါ အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည့် ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးကောင်စီများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ခရီးသွားလုပ်ငန်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော်လည်း ခရီးသွားဧည့်သည်များကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပြန့်ပွားနိုင်သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်စတင်ဆောင်ရွက်ရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပြုစုရေးဆွဲထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များကို အလေးထားလိုက်နာကြရန် အထူးကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုကိုပြသသည်။

ထို့နောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ယခင် ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းမှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်တွင်းခရီးသွားမြှင့်တင်ရေး အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ခရီးသွားလုပ်ငန်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ၊ ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေမှုများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ခရီးသွားလုပ်ငန်းတွင် ပြည်ဝင်ဗီဇာ ထုတ်ပေးနေမှုအခြေအနေနှင့်ပြည်တွင်းပြည်ပ ခရီးသွားလာကန့်သတ်မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာနိုင်မည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်မှုများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ခွင့်ပြုဆောင်ရွက်နေမှုများ၊ သဘာဝအမွေအနှစ်တန်ဖိုးများနှင့် တည်ရှိမှုများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာကူညီထောက်ပံ့မှု၊ ခရီးသွားလာခြင်းနှင့် စပ်လျဉ်းသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများနှင့် အသွားအလာကန့်သတ်ထိန်းချုပ်ဆောင်ရွက်မှုများနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာသို့ အသိပေးပြန်ကြားမှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များက ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ခရီးသွားလုပ်ငန်းနှင့် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် ဦးစားပေး အစီအစဉ်အလိုက် ဖော်ဆောင်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ခရီးသွားများနှင့် ဒေသခံများ၏ လုံခြုံရေးအာမခံပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ လုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၀-၆-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၁-၅-၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့်ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဇွန် ၃၀**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၁) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကော်မတီအဖွဲ့ဝင်များအနေဖြင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် နိုင်ငံတော်၏အကျိုးစီးပွား၊ အစိုးရ၏ မူဝါဒနှင့် မြေပြင်တွင် အမှန်တကယ် လိုအပ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များတွင် လူသားချင်းစာနာထောက်ထားမှုကိစ္စများနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အပါအဝင် ဖွံ့ဖြိုးတိုးတက်မှုကိစ္စများပါဝင်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်တစ်ခုလုံးအတိုင်းအတာနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများသည် မြေပြင်၌ ထင်သာမြင်သာရှိသည့်ရလဒ်ဖြစ်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်အတူ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းတို့ ဆောင်ရွက်လျှင် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း သတင်းမှန်ပြန်ကြားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်တွင် ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များက ရခိုင်ပြည်နယ်တွင် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ပညာရေး၊ ကျန်းမာရေး အပါအဝင် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ကဏ္ဍများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီအနေဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က သတင်းမှန်ပြန်ကြားရေး၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခရီးသွားမြှင့်တင်ရေး Billboard ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇွန် ၃၀**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုခြင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်စတင်ခြင်း အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ ခရီးစဉ်ဒေသများ၏ ဆွဲဆောင်မှုများကို ပြည်သူများ သိရှိပြီး လည်ပတ်နိုင်ရေး အသိပေးဆောင်ရွက်သည့် အနေဖြင့် “လွတ်လပ်ပေါ့ပါးပျော်ရွှင်ဖို့ မြန်ပြည်အနှံ့ ခရီးဆန့်စို့” ခရီးသွားမြှင့်တင်ရေး Billboard ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဆိုင်းဘုတ်ရှေ့တွင် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Billboard ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

“လွတ်လပ်ပေါ့ပါး ပျော်ရွှင်ဖို့ မြန်ပြည်အနှံ့ ခရီးဆန့်စို့” Billboard သည် အလျားပေ ၄၀ ၊ အနံ ၁၅ ပေ၊ အမြင့် ၂၁ ပေရှိပြီး မြန်မာနိုင်ငံအနှံ့ ထင်ရှားသော ခရီးစဉ်ဒေသများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်သည့် ခရီးစဉ်ဒေသများကို ဖော်ပြထားရှိပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်သူများ စိတ်လွတ်ပေါ့ပါးစွာဖြင့် ခရီးသွားလာရန် လှုံ့ဆော်သည့် ရည်ရွယ်ချက်ဖြင့် စိုက်ထူထားရှိခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသတင်းထောက်အချို့က လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအား military council (သို့မဟုတ်) military junta (သို့မဟုတ်) junta ဟု သတင်းများတွင် သုံးနှုန်းရေးသားဖော်ပြခြင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်သော အခြေအမြစ်မရှိသည့် သတင်းမှားများကို ကိုးကားချဲ့ကားရေးသားဖော်ပြခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး အာဏာသိမ်းအစိုးရမဟုတ်ကြောင်း အတိအလင်းရှင်းလင်းပြောကြားထားပြီးဖြစ်ပါသည်။

၃။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။

၄။ နိုင်ငံခြားသတင်းဌာနအချို့က ကမ္ဘာ့ပြည်သူများကို သတင်းမှားများချပြပြီး ပြည်သူများအား သတင်းအဆိပ်သင့်အောင်၊ နိုင်ငံပျက်စီးရာ ပျက်စီးခြင်းများ ဖြစ်ပေါ်အောင် တိကျသေချာမှုမရှိသော သတင်းများကို ကိုးကားချဲ့ကား ရေးသားဖော်ပြနေမည့်အစား သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြကြရန် အထူးလိုအပ်ပါသည်။

၅။ နိုင်ငံတော်အစိုးရကလည်း သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် သတင်းစာရှင်းလင်းပွဲများပြုလုပ်ခြင်း၊ သတင်းမေးမြန်းမှုများအား မှန်ကန်မြန်ဆန်စွာ ဖြေကြားခြင်းများ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံတော်အစိုးရအား နိုင်ငံခြားသတင်းဌာနအချို့က military council/ military junta / junta ဟု သုံးနှုန်းနေမှုများကို နောင်တွင် သုံးစွဲမှုမပြုလုပ်ရန်၊ သတင်းမှားများကို ကိုးကားချဲ့ကားရေးသားခြင်းများ မပြုလုပ်ရန်နှင့် အသုံးအနှုန်း လွဲမှားသုံးစွဲခြင်း၊ သတင်းမှားများ ကိုးကားချဲ့ကားရေးသားခြင်း၊ သတင်းမှားများ ဖြန့်ဝေခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ သတင်းမီဒီယာနည်းဥပဒေပုဒ်မ ၁၃ အရ "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"ကို ယခင် နိုင်ငံတော်သမ္မတရုံး၏ ၃၀-၁၀-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၂/၂၀၁၈ ဖြင့်လည်းကောင်း၊ "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅၈/၂၀၂၁ဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ရာ ကောင်စီ၏ သက်တမ်းသည် ၂၉-၁၀-၂၀၂၁ ရက်နေ့တွင် ၃ နှစ် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာနည်းဥပဒေ ၁၈(ခ)အရ "အဖွဲ့သည် ကောင်စီ၏သက်တမ်း ၃ နှစ် မပြည့်မီ အနည်းဆုံး ၃ လ ကြိုတင်၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသစ်ဖွဲ့စည်းမည့် ကောင်စီကို ရွေးချယ်တင်မြှောက်ရမည်"ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေ ၁၀ အရ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများစသည့် သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် (အခြားနယ်ပယ်များမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမား ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။ )

၄။ ကောင်စီဝင်ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**
- (၁) အဖွဲ့အစည်းအလိုက် ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်။
- (၂) အသင်းဖွဲ့စည်းပုံ စည်းမျဉ်းရှိရမည်။
- (၃) သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုရှိရမည်။
- (၄) နိုင်ငံခြားလက်အောက်ခံ အဖွဲ့အစည်း မဖြစ်စေရ။

(ခ) **တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**
- (၁) သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ(၁၀) နှစ်နှင့်အထက် ရှိရမည်။
- (၂) သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။
- (၃) အချိန်မှန်ထုတ်ဝေသော သတင်းစာ/ ဂျာနယ်များအား ထုတ်ဝေသူ/ အမှုဆောင်အရာရှိချုပ်/ အယ်ဒီတာချုပ် (သို့မဟုတ်) ရုပ်သံလွှင့်မီဒီယာသတင်းခန်းမှ အမှုဆောင်ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။
- (၄) နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။
- (၅) သတင်းမီဒီယာ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ)နှင့်အညီ လိုက်နာသောပုဂ္ဂိုလ် ဖြစ်ရမည်။

(ဂ) **တစ်ဦးချင်းရွေးချယ်ခံမည့် အခြားနယ်ပယ်မှ ကိုယ်စားလှယ်လောင်းများ**
- (၁) သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(ဃ) **ကိုယ်စားလှယ်လောင်းအားလုံးအတွက် သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်း နည်းဥပဒေ ၇ တွင် ဖော်ပြထားသည့် အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း မပြုရ -**
- (၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။
- (၂) မကျန်းမာမှုကြောင့် ကောင်စီ၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။
- (၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။
- (၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း။

၅။ အဆိုပြုလွှာပုံစံများကို (၁-၇-၂၀၂၁)ရက်နေ့မှ (၃၀-၇-၂၀၂၁) ရက်နေ့အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃၀-၇-၂၀၂၁)ရက်နေ့ ညနေ ၄ နာရီမတိုင်မီအချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ အပိုဒ် ၅ ပါ အချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ ရွေးချယ်တင်မြှောက်ပွဲပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
**အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများ ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ဆက်လက် ကျင်းပသည်။

**အသီးသီး အနိုင်ရရှိ**

ယနေ့ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း (၃) တွင် ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းမှ တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁)နှင့် ကွင်း (၃)တို့တွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့် တစ်ဖက် ဂိုး(မရှိ) သရေဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကယားပြည်နယ်အသင်းမှ သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။





အလားတူ ဇူလိုင် ၁ ရက် ပွဲစဉ်များအဖြစ် ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေး ကွင်း(၁)နှင့် ကွင်း(၃)တို့တွင် ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)**

Coronavirus Disease 2019 (COVID-19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးထားသည့်ကိစ္စရပ်များမပါ)အား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၈-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၆-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်းခရီးသည်များမှ တစ်ဆင့် COVID-19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၇-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### တိုးမြှင့်ဆောင်ရွက်

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဗီဇပြောင်းကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် ပိုးတွေ့အတည်ပြု လူနာသစ်ဦးရေသည် အချိန်တိုကာလအတွင်း များပြားလာခြင်းဖြစ်၍ မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ လက်ရှိအချိန်ကာလတွင် ရောဂါကူးစက်ဖြစ်ပွားမှုများပြားလျက်ရှိသည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်/ကျေးရွာအလိုက် ရောဂါပိုးတွေ့ရှိရမှုအခြေအနေများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု၍ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ဆက်သွယ်ညှိနှိုင်းကာ ဗဟိုအနေဖြင့် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရမည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ကိရိယာများကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ရေး အတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လိုအပ်လာနိုင်သည့်ပစ္စည်းများကို ကြိုတင်တွက်ချက်ဝယ်ယူစုဆောင်းထားသည့် လုပ်ငန်းများကို အချိန်မီပြီးမြောက်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေး အဘက်ဘက်မှ ကြိုတင်ဆောင်ရွက်ထားရန် ဖြစ်ပါကြောင်း။

ကုသရေးလုပ်ငန်းများ၊ အသွားအလာကန့်သတ်ထားရှိရာနေရာ (Quarantine Center) များနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် ရရှိနိုင်သော လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိဆုံး၊ အထိရောက်ဆုံးဖြစ်စေရန် စနစ်တကျစီမံခန့်ခွဲရမည်ဖြစ်ပြီး နေ့စားဝန်ထမ်းများခန့်အပ်ခြင်း၊ နှီးနွှယ်ဌာနများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရရှိစေရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် ရုံးများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ ဘဏ်များ၊ ဈေးများ အပါအဝင် လူစုလူဝေးများသောနေရာများတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်များ ထုတ်ပြန်ထားရှိပြီးဖြစ်၍ အဆိုပါလုပ်ငန်းလမ်းညွှန်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြစေရေး ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ပူးပေါင်းညှိနှိုင်းကာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းအလိုက်၊ ဒေသအလိုက် စနစ်တကျ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုပေးနိုင်မည့် အဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်ရမည်

လိုက်နာမှုအားနည်းသူများကို ပညာပေးခြင်း၊ သတိပေးခြင်း၊ လိုအပ်ပါက အရေးယူခြင်းမျိုးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာစေရေး ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရောဂါဖြစ်ပွားမှုများပြားရာဒေသများတွင် အထူးသတိပြုကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရောဂါဖြစ်ပွားမှုများပြားသည့်မြို့နယ်များကို လိုအပ်ပါက မိမိအိမ်တွင်သာနေထိုင်ခြင်း (Stay at Home) အစီအစဉ်တွင်ပါဝင်သည့် မြို့နယ်များအဖြစ် သတ်မှတ်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ မြို့နယ်များတွင် ပြည်သူများအကြား ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများနှင့် လူစည်ကားရာနေရာများတွင် ပါးစပ်နှင့်နှာခေါင်းစည်း အခမဲ့ဖြန့်ဝေပေးခြင်း (Mask Campaign) များကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### အသေးစိတ်လမ်းညွှန်မှုများ ပေးအပ်

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားလျက်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များအခြေအနေ၊ ပြည်သူ့ဆေးရုံများတွင် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ အောက်ဆီဂျင်ထုတ်လုပ်သည့် စက်များနှင့် အောက်ဆီဂျင် ဆလင်ဒါများ ဖြန့်ဖြူးပေးထားနိုင်သည့်အခြေအနေနှင့် လိုအပ်သည့်ပစ္စည်းများ အချိန်မီဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်များ ရေးဆွဲထားရှိခြင်း/မူကြမ်းရေးဆွဲခြင်းနှင့် ဖြန့်ဝေပေးထားနိုင်သည့် အခြေအနေတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်တစ်ခုချင်းအလိုက် အသေးစိတ်လမ်းညွှန်မှုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ဇွန် ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅၈၀ တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၉-၆-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃၀-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၇,၉၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၈၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၃၄,၃၂၆) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၅၇,၂၇၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၅၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၆,၄၄၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၄)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၃၃၄) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃၀-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၈၀) ခု | (၁၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၁) ခု | (၁၀) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၉၈) ခု | (၇၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၃) ခု | (၁) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၁၄) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၄၁) ခု | (၂) ဦး |
| ကလေးမြို့ တပ်မတော် Mobile PCR Team | (၈၆) ခု | (၆၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၂၈) ခု | (၅၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၉၀) ခု | (၁၇၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၈၁၃) ခု | (၁,၀၈၈) ဦး |
| စုစုပေါင်း | (၇,၉၂၄) ခု | (၁,၅၈၀) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၂၇၄၉၃ | ၂၉၀၀၇၃၇၃ | ၆၁၉၉၈၀ |
| ၂။ | အိန္ဒိယ | ၃၀၃၆၂၈၄၈ | ၂၉၄၂၇၃၃၀ | ၃၉၈၄၈၄ |
| ၃။ | ဘရာဇီး | ၁၈၅၁၃၃၀၅ | ၁၆၇၇၉၁၃၆ | ၅၁၆၁၁၉ |
| ၄။ | ပြင်သစ် | ၅၇၇၂၈၄၄ | ၅၆၁၄၄၃၅ | ၁၁၁၀၅၇ |
| ၅။ | ရုရှား | ၅၅၁၄၅၉၉ | ၅၀၀၀၃၉၃ | ၁၃၅၂၁၄ |
| ၆။ | တူရကီ | ၅၄၂၀၁၅၆ | ၅၂၈၇၀၉၄ | ၄၉၆၈၇ |
| ၇။ | ဗြိတိန် | ၄၇၇၅၃၀၁ | ၄၃၂၂၀၇၀ | ၁၂၈၁၂၆ |
| ၈။ | အာဂျင်တီးနား | ၄၄၄၇၇၀၁ | ၄၀၆၂၂၄၅ | ၉၃၆၆၈ |
| ၉။ | အီတလီ | ၄၂၅၉၁၃၃ | ၄၀၇၈၇၆၇ | ၁၂၇၅၄၂ |
| ၁၀။ | ကိုလံဘီယာ | ၄၂၁၃၀၇၄ | ၃၉၀၈၃၁၀ | ၁၀၅၉၃၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၁၇၈၂၇၂ | ၁၈၈၀၄၁၃ | ၅၈၄၉၁ |
| ၂။ | ဖိလစ်ပိုင် | ၁၄၁၂၅၅၉ | ၁၃၃၉၂၄၈ | ၂၄၆၆၂ |
| ၃။ | မလေးရှား | ၇၅၁၉၇၉ | ၆၈၂၆၈၀ | ၅၁၇၀ |
| ၄။ | ထိုင်း | ၂၅၉၃၀၁ | ၂၀၇၄၇၉ | ၂၀၂၃ |
| ၅။ | မြန်မာ | ၁၅၇၂၇၇ | ၁၃၆၄၄၃ | ၃၃၃၄ |
| ၆။ | စင်ကာပူ | ၆၂၅၇၉ | ၆၂၂၁၉ | ၃၆ |
| ၇။ | ကမ္ဘောဒီးယား | ၅၀၃၈၅ | ၄၄၁၄၃ | ၆၀၂ |
| ၈။ | ဗီယက်နမ် | ၁၆၅၀၇ | ၆၇၆၄ | ၈၀ |
| ၉။ | လာအို | ၂၁၂၁ | ၁၉၈၆ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၆၀ | ၂၄၈ | ၃ |


# COVID-19
## ကပ်ရောဂါကူးစက်မှုလျော့ချနိုင်ဖို့ လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။



#LETSBEATCOVIDTOGETHER

COVID-19ကပ်ရောဂါကူးစက်မခံရစေဖို့ "လူအစုအဝေး" ကိုရှောင်ရှားဖို့လိုအပ်ပါတယ်။ COVID-19ပိုးရှင်ပိုးက မျိုးဗီဇပြောင်းလဲသွားပြီဖြစ်သလို ရောဂါကူးစက်နိုင်စွမ်းလည်းမြင့်တက်သွားပြီဖြစ်ပါတယ်။ (SourcefromMOHS) ရောဂါကူးစက်ခံရသူတစ်ဦးဟာ နှာချေချောင်းဆိုးလိုက်တိုင်း ပိုးရေစက်ပိုး လွင့်ထုတ်ပါတယ်။ ဒါကြောင့် လူစုလူဝေး ရှိတဲ့နေရာတွေမှာ ရောဂါကူးစက်ခံရနိုင်ခြေမြင့်မားပါတယ်။ တတ်နိုင်သမျှ အိမ်ထဲမှာနေပြီး သင်ကိုယ်တိုင်ကိုရော၊ အခြားလူတွေကိုရော COVID-19ကပ်ရောဂါကူးစက်မှုကနေ ကာကွယ်ပါ။


COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

မြန်မာအမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသမီးဂုဏ်ရည်

တင်ထက်ထက်ဇော်

မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ကို နှစ်စဉ်နှစ်တိုင်း ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပကြခြင်း ဖြစ်ပါသည်။ အမျိုးသမီးများသည် အားနွဲ့သူများဖြစ်၍ အမျိုးသမီးများဘဝ ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများအား ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်ရာအသင်းအဖွဲ့များကလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဘဝများကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးလျက်ရှိသလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက်ပါ သက်ဆိုင်ရာအဖွဲ့အစည်းများက ယခင်ကထက်ပို၍ ထင်သာမြင်သာ ကာကွယ်စောင့်ရှောက်ပေးသည်ကို တွေ့မြင်လာရပါသည်။

ထို့ကြောင့် အမျိုးသမီးများဘက်ကလည်း အမျိုးသမီးဂုဏ်ရည်ကို အသိ၊ သတိတရားဖြင့် ထိန်းသိမ်းမြှင့်တင်ရပါမည်။ မြန်မာအမျိုးသမီးများအတွက် အရေးကြီးသည့်အချက်မှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ၊ ပျိုပျိုအိုအို အမျိုးသမီးတို့၏ ဂုဏ်ရည်များ မပျက်မယွင်း မချို့တဲ့ရလေအောင် မိမိတို့၏ မိန်းမသားဘဝကို အစဉ်မြတ်နိုးတန်ဖိုးထားတတ်ရပါမည်။ တစ်ဦးတစ်ယောက်မှသည် အမျိုးသမီးထုတစ်ရပ်လုံး မြန်မာ့ဂုဏ်ဆောင်ခြင်းဖြင့် အနာဂတ်မြန်မာအမျိုးသမီးများဘဝ ပိုမိုတိုးတက်ကောင်းမွန်လာပါမည်။

**တန်ဖိုးရှိလှ မိန်းမသားဘဝ**

တန်ဖိုးရှိသော မြန်မာအမျိုးသမီးတစ်ယောက်ဆိုသည်မှာ ဘာသာတရားအဆုံးအမဖြင့် ကြီးပြင်းလာသူ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသော အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသူ၊ မိသားစုနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက တန်ဖိုးထားခံရသူ၊ အမျိုးသမီးတစ်ယောက်၏ တန်ဖိုးကိုသိနားလည်ပြီး မိမိကိုယ်ကို တန်ဖိုးထားတတ်သူ ဖြစ်ရပါမည်။ မိမိသည် မြန်မာလူမျိုး ဖြစ်သည်၊ မြန်မာတိုင်းရင်းသား ဖြစ်သည်၊ မြန်မာအသိုင်းအဝိုင်းမှာ မွေးဖွားလာသည်။ ထို့ကြောင့် ကိုယ့်မြန်မာလူမျိုးကို တန်ဖိုးထားတတ်ရပါမည်။

ရှေးခေတ်ကျောက်စာများတွင် "ယောက်ယာ၊ မိမ"ဟူ၍တွေ့ရပြီး ယောက်ယာကို ယောကျ်ားဟု ခေါ်ဆို၍ မိမကို မိန်းမဟု ခေါ်ဆိုခြင်းဖြစ်သည်။ ပေါရာဏကျမ်းဆရာတို့က နူးညံ့သိမ်မွေ့စွာ သွားလာခြင်း၊ စားသောက်ခြင်း၊ နေထိုင်ခြင်းဆိုသည့် အမူအရာတို့ကို မြင်တွေ့ရသည့်အတွက် မိန်းမေ နိုင်သည်ဖြစ်၍ "မိန်း" ဟုခေါ်ဆိုပြီး လင်သားစသည့်အဆွေအမျိုးတို့ကို စောင်မကြည့်ရှုတတ်သည့်အတွက် "မ"ဟု ခေါ်ဆိုပါသည်။ ထို မိန်းနှင့် မ ကိုပေါင်း၍ မိန်းမဟူ၍ ခေါ်ဆိုညွှန်ပြ ကောက်ယူခဲ့ပါသည်။

ရှေးပညာရှိ နီတိဆရာများက "ရဟန်းတို့သည် အကျင့်သီလနှင့်ပြည့်စုံရမည်၊ မင်းတို့သည် စစ်သည် အင်္ဂါနှင့် ပြည့်စုံရမည်၊ မိန်းမတို့သည် အဆင်းအင်္ဂါနှင့်ပြည့်စုံရမည်"ဟု ဖွင့်ဆိုခဲ့ပါသည်။ မိန်းမတစ်ယောက်မှာ ခန္ဓာကိုယ်ရုပ်ရည်လှပမှု အဆင်းသာမက စိတ်နေစိတ်ထားလှပမှုအဆင်းနှင့်ပါ ပြည့်စုံနေပါမှ ထူးချွန်ပြည့်ဝသော မိန်းမကောင်းမိန်းမမြတ်ဖြစ်ပါမည်။ ရှေးပညာရှိကဝိအကျော်အမော်တို့က မိန်းမအမျိုးအစားနှင့် အဆင့်အတန်းတို့ကို အောက်ပါအတိုင်း ခွဲခြားရေးသားထားကြပါသည်။

**(က) ပဒုမ္မနီမိန်းမတို့၏ လက္ခဏာ**

(၁) လဝန်းကဲ့သို့သော မျက်နှာရှိ၏။ (၂) ညက်ညောသည့် အသားအရေရှိ၏။ (၃) တောက်ပဖြူစင်သောသွားရှိ၏။ (၄) ခြေဖဝါး၊ လက်ဖဝါး ပြည့်ဖြိုး၏။ (၅) ဆံပင်နက်မှောင် ရှည်လျားကောင်းမွန်၏။ (၆) လည်ပင်းတွင် အရေးအရစ် သုံးခုရှိ၏။ (၇) သားမြတ်ကြီး၏။ (၈) ဟင်္သာကဲ့သို့ သွားလာတတ်ခြင်းမျိုးရှိ၏။ (၉) အသံသြဇာ သာယာမှုရှိ၏။ (၁၀) မိဘဆရာတို့အား ရိုသေလေးစားမှုရှိ၏။ (၁၁) လင်ယောကျ်ားကို ချစ်ခင်ရိုသေ၏။ (၁၂) မကောင်းမှုကို ရှောင်ကြဉ်၍ ကောင်းမှုကိုပြုတတ်၏။ (၁၃) အရှက်တရားကြီးမား၏။ (၁၄) ကြောက်ရွံ့လေးစားထိုက်သူကို ကြောက်ရွံ့၏။ (၁၅) ပညာအရည်အချင်းနှင့် ရုပ်ရည်ချောမောလှပမှုတို့နှင့် ပြည့်စုံ၏။ (၁၆) ပဒုမ္မာကြာကဲ့သို့သော ကိုယ်နံ့ရှိ၏။ (၁၇) ကိုယ်အရသာချို၏။ (၁၈) မာတင်္ဂကဲ့သို့ ကြည့်ခြင်းမျိုးရှိ၏။ (၁၉) ကိုယ်သည် ချမ်းသောအခါတွင်နွေး၍ ပူသောအခါတွင် အေး၏။

**(ခ) စိတ္တရနီမိန်းမတို့၏ လက္ခဏာ**

(၁) ရယ်ရွှင်မြူးထူးခြင်းများ ရှိ၏။ (၂) ခိုပေါက်ကဲ့သို့သော အသံရှိ၏။ (၃) လိပ်ကဲ့သို့သွားလာမှုမျိုးရှိ၏။ (၄) အသားအရေ ပျော့ပျောင်းမှုရှိ၏။ (၅) မိဘဆရာတို့အား ရိုသေလေးစားတတ်၏။ (၆) ကြာညိုနံ့ကဲ့သို့သော ကိုယ်နံ့ရှိ၏။ (၇) လင်ကို ရိုသေတတ်၏။

**(ဂ) သင်္ခနီမိန်းမတို့၏ လက္ခဏာ။**

(၁) ဆံပင်ရှည်လျားကောင်းမွန်၏။(၂) ပျားအနံ့ကဲ့သို့သော ကိုယ်နံ့ရှိ၏။ (၃) သားမြတ်သည် သလဲသီးနှင့်တူ၏။ (၄) ခါးစင်း၍ ရင်ကော့၏။ (၅) ကိုယ်ဟန်သွင်ပြင် ပြေပြစ်၏။ (၆) ယစ်မငယ်၏ သွားလာပုံမျိုးရှိ၏။ (၇) အမွှေးအကြိုင် ပန်းနံ့သာ မက်မော၏။ (၈) မကောင်းသော အရသာကို စား၏။ (၉) ရာဂရမ္မက်ကြီး၏။ (၁၀) ယောကျ်ားနှင့် ခဏတာလေးတောင် ကင်းကွာနေလိုစိတ်မရှိခြင်းဖြစ်၏။ (၁၁) ရသေ့ ရဟန်းကို မြင်လျှင်ပင် မက်မော၏။

**(ဃ) ဟတ္ထနီမိန်းမတို့၏ လက္ခဏာ။**

(၁) တင်ပါးဆုံကြီးပြီး တင်ပါးမြင့်၏။ (၂) နားရွက်တိုပြီး နှုတ်ခမ်းကြီး၏။ (၃) နှာခေါင်းပိပြား၏။ (၄) မျက်စိသည် လောက်စာလုံးကဲ့သို့ ဝိုင်း၏။ (၅) ခါးတုတ်၏။ (၆) ပေါင်ရင်းတုတ်၏။ (၇) ခြေသလုံးကြီး ပြီး ခြေဖဝါးတို၏။ (၈) လက်ချောင်း ခြေချောင်းတို၏။ (၉) သားမြတ်သေး၍ ချက်ကြီး၏။ (၁၀) ကိုယ်အရ သာငန်၏။ (၁၁) ဆင်မကဲ့သို့သော သွားလာခြင်း မျိုးရှိ၏။ (၁၂) ဆင်မုန်နံ့ကဲ့သို့သော ကိုယ်နံ့ရှိ၏။ (၁၃) အမျက်ဒေါသကြီး၏။ (၁၄) လောဘရမ္မက် ကြီး၏။ (၁၅) ရာဂရမ္မက်ကြီး၏။ (၁၆) ယောကျ်ား မြင်လျှင် တိမ်းညွှတ်လွယ်၏။

မြန်မာမိန်းကလေးတို့သည် မိန်းမကောင်း မိန်းမမြတ်ဂုဏ်ရည်နှင့် ပြည့်ဝသော မိန်းမတစ်ယောက် ဖြစ်လာစေရန် အထက်ဖော်ပြပါ လေးမျိုးအနက် ပဒုမ္မနီ မိန်းမအမျိုးအစားနှင့် စိတ္တရနီ မိန်းမအမျိုးအစား စာရင်းမှာပါရှိအောင် မိမိကိုယ်ကို ပြုပြင်ထိန်းသိမ်းအပ်ပါသည်။ ဖော်ပြပါ ကြန်အင်လက္ခဏာများအပြင် မိန်းမကောင်း မိန်းမမြတ်တို့၏ အရည်အချင်း (၁၂) ရပ်နှင့်အညီ ကျင့်ကြံအားထုတ်နိုင်ဖို့ လိုအပ်ပါသည်။ ၎င်းတို့မှာ -

- ရတနာသုံးပါးနှင့် မိဘဆရာသမားတို့အား ရိုသေ၍ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုး၊ အပြစ်ကို ယုံကြည်ပြီး သဒ္ဓါတရားရှိဖို့လိုပါသည်။
- မကောင်းမှုဟူသမျှတို့ကို ပြောဆိုပြုလုပ်ရမည်ကို အရှက်တရားရှိပြီး ရှောင်ကြဉ်တတ်ဖို့လိုပါသည်။
- မကောင်းမှုဟူသောကိစ္စရပ်များကို ကြောက်တတ်ပြီး ဝေးဝေးကရှောင်ရှားသင့်ပါသည်။
- ကိစ္စဟူသမျှတို့တွင် ဆတ်ဆတ်ထိမခံ အမျက်ဒေါသကြီးခြင်းမရှိဘဲ စိတ်ရှည်ရှည်ထား၍ သည်းခံတတ်ရပါမည်။
- အသိပညာ၊ အတတ်ပညာတို့ကို ရင့်သန်မှုရှိအောင် ကြိုးစားရပါမည်။
- လူ့ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းသည့်အနေဖြင့် သူတစ်ပါး၏ သိက္ခာဂုဏ်ကျေးဇူးတို့ကို မဖျက်ဆီးသင့်ပေ။
- သူတစ်ပါးအား မနာလိုဝန်တိုခြင်းမပြုရ၊ ငြူစူစောင်းမြောင်းခြင်းလည်း မပြုရပါ။
- မိမိကဲ့သို့ လှလာမည်၊ မိမိကဲ့သို့ အခွင့်အလမ်းကောင်းရလာမည်၊ မိမိကဲ့သို့ ချမ်းသာလာမည်ကို မကြိုက်သော သဝန်တိုစိတ်ထားမျိုးမထားရ။
- ကိုယ်ကျင့်သီလကို ထိန်းသိမ်းစောင့်ရှောက်ရပါမည် (အနည်းဆုံး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရပါမည်)
- အကြားအမြင် ဗဟုသုတ အတွေ့အကြုံများရှိအောင် ဆည်းကပ်လေ့လာရပါမည်။ လောကစာပေများ ဖြစ်ကြသည့် သုတစာပေ၊ ရသစာပေ၊ ဓမ္မစာပေတို့ကို ဖတ်ရှုလေ့လာမှတ်သားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တတ်ဖို့လည်း လိုပါသည်။
- မိမိကိုယ်တွင် အပျင်းထူသောစိတ်များ မမွေးရ။
- အရာရာတွင် သတိဝီရိယ ရှိနေရမည်ဖြစ်ပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေထိုင်ပြောဆိုခြင်း မပြုသင့်ပေ။

**မိမိကိုယ်ကို ယုံကြည်မှု**

ယခင်က"အမျိုးသမီးက အမျိုးသားကိုမှီခိုရမယ် " ဟူသော အယူအဆတစ်ခုရှိခဲ့သည်။ သို့သော် ၂၁ ရာစု မျက်မှောက်ခေတ်တွင် ထိုအယူအဆ မမှန်တော့ပေ။ မျက်မှောက်ကာလတွင် မြန်မာအမျိုးသမီးများသည် မောင်တစ်ထမ်းမယ်တစ်ရွက်နှင့် အိမ်ထောင့်တာဝန်ကိုသာမက အမျိုးသားများနှင့် ရင်ပေါင်တန်း၍ မိမိအကျိုး၊ အများအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နေကြပါသည်။ ယှဉ်ပြိုင်မှုများ၊ စိမ်ခေါ်မှုများနှင့် ပြည့်နှက်လာသောခေတ်ကြီးတွင် "မိမိကိုယ်ကို ယုံကြည်မှုရှိရှိဖြင့် မိမိကိုယ်မိမိ ကောင်းစွာတည်ဆောက်နိုင်ရမည်" ဟူသော ယုံကြည်မှုရှိသင့်ပါသည်။

တချို့မိန်းကလေးများက အလှမာန်၊ ပညာမာန် စသည်ဖြင့် တလွဲမာန်တက်နေကြသည်။ အမှန်တကယ် ဖြစ်သင့်သည်မှာ ငါဘယ်လို မိန်းမမျိုးလဲ၊ ဘယ်လိုအနေအထားမျိုးမှာ ရောက်နေပြီလဲ၊ ဘယ်လို ကိုယ်ပိုင်ဝင်ငွေ ရှာနိုင်နေပြီလဲ ဆိုတာမျိုး ဖြစ်နေရမည်။ မိမိနှင့်ပတ်သက်သော ယောကျ်ားတစ်ယောက်၏ဂုဏ်ကိုဖော်ကျူးပြီး ဂုဏ်ယူနေမည့်အစား ကိုယ်ပိုင်အရည်အချင်းဖြင့် ကိုယ့်ဂုဏ်နဲ့ကိုယ် ဝင့်ကြွားနေသင့်ပါသည်။ "မိန်းမတစ်ယောက်၏ မာနသည် သူ၏ ဂုဏ်သိက္ခာဖြစ်၏ (Woman's Pride is her Dignity)" ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားရင်း မြန်မာအမျိုးသမီးတိုင်း တန်ဖိုးရှိရှိ ဂုဏ်တင့်စွာဖြင့် နေထိုင်တတ်ကြရပါမည်။ မိန်းမသည် ယဉ်ကျေးမှု၏ မိခင်ဖြစ်သလို မိန်းမကောင်း မိန်းမမြတ်၏ ဂုဏ်ရည်သည်လည်း တိုင်းပြည်နှင့်လူမျိုးဂုဏ်ရည်ကို မြင့်မားစေနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး အမျိုးသမီးဂုဏ်ရည်နှင့် ညီညွတ်စွာ ကျင့်ကြံကြိုးစားအားထုတ်စေချင်ပါသည်။

တစ်ခေတ်တစ်ခါက နိုင်ငံ့ကိုအကျိုးပြုခဲ့ကြသည့် မြန်မာအမျိုးသမီးစွမ်းအားရှင်များလည်း အမြောက်အမြား ပေါ်ထွက်လာခဲ့ရာ အမျိုးသားရေး၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စာပေအနုပညာ စသည့် ကဏ္ဍအသီးသီးတွင် မြန်မာအမျိုးသမီးများ ပါဝင်ခဲ့သည်ကိုတွေ့ရသည်။ စာပေပညာမှာလည်း မမြလေး၊ လှိုင်ထိပ်ခေါင်တင်၊ ဓာတုကလျာ၊ မယ်ခွေ စသည့် မြန်မာအမျိုးသမီးများသည် သမိုင်းတွင်ထင်ရှားသော စာဆိုများဖြစ်ကြသလို ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားစေရန် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။ ထို့ကြောင့် သမိုင်းအဆက်ဆက် မြန်မာအမျိုးသမီးများသည် စွမ်းဆောင်ရည် မြင့်မားကြပြီး လွတ်လပ်ရေးရရှိရေး တိုက်ပွဲဝင်ရာမှာလည်း အမျိုးသားများနှင့်တန်းတူ ပါဝင်ခဲ့ကြပေသည်။ သို့ပါ၍ မြန်မာအမျိုးသမီးတစ်ရပ်လုံး ပြည်ချစ်စိတ်မွေးမြူကာ အမျိုးသမီးဂုဏ်ရည်ကို အသိ၊ သတိတရားဖြင့် ထိန်းသိမ်းမြှင့်တင်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။




**တန်ဖိုးရှိသော မြန်မာအမျိုးသမီးတစ်ယောက်ဆိုသည်မှာ ဘာသာတရားအဆုံးအမဖြင့် ကြီးပြင်းလာသူ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသော အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသူ၊ မိသားစုနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက တန်ဖိုးထားခံရသူ၊ အမျိုးသမီးတစ်ယောက်၏ တန်ဖိုးကိုသိနားလည်ပြီး မိမိကိုယ်ကို တန်ဖိုးထားတတ်သူ ဖြစ်ရပါမည်။**

# ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ဟု ရုရှားသမ္မတ ဗလာဒီမာပူတင် ထုတ်ဖော်ပြောကြား

**မော်စကို ဇွန် ၃၀**

ရုရှားနိုင်ငံတာဝန်ရှိသူများက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်နေခြင်းကြောင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန် တိုက်တွန်းမှုများရှိနေစဉ်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်းသည် ပြည်တွင်းထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံမှုခံယူခဲ့ခြင်းဖြစ်ကြောင်း ဇွန် ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အသက် ၆၈ နှစ်အရွယ်ရှိ ရုရှားသမ္မတ ပူတင်သည် မတ်လနှင့် ဧပြီလတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူခဲ့ကြောင်း ကရင်မလင်အနေဖြင့် ယခင်က သတင်းထုတ်ပြန်ခဲ့သော်လည်း အခြားသော အသေးစိတ်အချက်အလက်များကို ဖော်ပြခဲ့ခြင်းမရှိခဲ့သည့်အပြင် သမ္မတပူတင်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေသည့် ဓာတ်ပုံကိုလည်း ထုတ်ဖော်ပြသခဲ့ခြင်းမရှိကြောင်း သိရသည်။



သို့ရာတွင် သမ္မတ ပူတင်၏ ပုံမှန်ပြုလုပ်နေကျ ရုပ်သံအမေးအဖြေကဏ္ဍတွင် မည်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခဲ့ကြောင်း မေးမြန်းချိန်မှသာ သမ္မတပူတင်က ပြည်တွင်းထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်တွင်း၌ မည်သည့်ပြည်ပကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုမျှ အရေးပေါ်အသုံးပြုရန် အတည်ပြုထားခြင်းမရှိသေးကြောင်း သိရသည်။ **ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-အလင်းသစ်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကြောင့် ၁၈၉၃ ဦး ထပ်မံသေဆုံး

**ဆော်ပေါ်လို ဇွန် ၃၀**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၈၉၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၁၅၉၈၅ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၄၉၀၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၈၅၁၃၃၀၅ ဦးရှိလာခဲ့ပြီဖြစ်သည်။

လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ၉၆ ဒသမ ၆ သန်းကျော် ထိုးနှံပေးပြီးဖြစ်သည်။ ပြည်သူ ၂၅ ဒသမ ၃ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးမှု အများဆုံးကမ္ဘာ့နိုင်ငံများအနက် အမေရိကန်နိုင်ငံပြီးနောက် သေဆုံးမှုအရေအတွက် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ ရောဂါကူးစက်မှုတွင် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် ရောဂါကူးစက်မှုအရေအတွက် တတိယအများဆုံးနိုင်ငံဖြစ်သည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေနှစ်သိန်းကို မော်လ်ဒိုက်နိုင်ငံ လက်ခံရရှိမည်

**မာလီ ဇွန် ၃၀**

စင်ကာပူကုမ္ပဏီတစ်ခုထံမှ မှာယူထားသည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ခုနစ်သိန်းအနက် နှစ်သိန်းသည် ဇူလိုင် ၁၂ ရက်မှ ဇူလိုင် ၂၀ ရက်အတွင်း မော်လ်ဒိုက်နိုင်ငံသို့ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း မော်လ်ဒိုက်နိုင်ငံကျန်းမာရေးဝန်ကြီး အာမက်နီဆင်းက ဇွန် ၂၉ ရက်တွင် မီဒီယာများအား ပြောကြားသည်။

မော်လ်ဒိုက်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Janssen ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပါအဝင် ကာကွယ်ဆေးခုနစ်မျိုးကို အရေးပေါ်အသုံးပြုရန် တရားဝင်ခွင့်ပြုထားကြောင်းသိရသည်။

မော်လ်ဒိုက်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၁ ရက်တွင်စတင်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၃၁၆၇၀၄ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၁၈၉၅၂၉ ဦးရှိကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




# ကာကွယ်ဆေးနှစ်မျိုး ရောစပ်အသုံးပြုပါက ကိုဗစ်-၁၉ ရောဂါခုခံနိုင်စွမ်း ပိုမိုမြင့်မား

**လန်ဒန် ဇွန် ၃၀**

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးရောစပ်ကာ ထိုးနှံမှုခံယူခြင်းသည် ရောဂါခုခံနိုင်စွမ်း ပိုမိုမြင့်တက်မှုရှိစေကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်၏ လေ့လာမှုတစ်ရပ်အရ သိရသည်။

အဆိုပါကာကွယ်ဆေးနှစ်မျိုး ရောစပ်အသုံးပြုပါက ထိရောက်မှု ရှိ၊ မရှိ သိရှိစေရန် အောက်စဖို့ဒ်တက္ကသိုလ် ဆေးပညာဆိုင်ရာသုတေသီများက ဖေဖော်ဝါရီလမှစပြီး လက်တွေ့စမ်းသပ်မှု စတင်ပြုလုပ်ခဲ့သည်။ အသက် ၅၀ နှင့်အထက် ပြည်သူ ၈၃၀ အား နှစ်မျိုးစပ်ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြသည်။

အဆိုပါကာကွယ်ဆေးများ ထိုးနှံမှုခံယူပြီးနောက် ရက်သတ္တလေးပတ်ခန့်အကြာတွင် ကာကွယ်ဆေးထိုးနှံမှုခံယူသူများတွင် ရောဂါခုခံနိုင်စွမ်း ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရကြောင်း အဆိုပါသုတေသီများက ဆိုသည်။

အဆိုပါနှစ်မျိုးစပ်ကာကွယ်ဆေးထိုးနှံခြင်း၏ ဘေးထွက်ဆိုးကျိုးများကို သုတေသီများက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့သော် အဆိုပါစမ်းသပ်မှုနှင့်ပတ်သက်ပြီး ဆေးပညာဂျာနယ်တစ်စောင်တွင် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့၏ တွေ့ရှိချက်များသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း အဆိုပါသုတေသီအဖွဲ့ခေါင်းဆောင် ပါမောက္ခ မတ်သရူးစနိုက်က ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# လာအို၌ ပထမဆုံး ဒယ်လ်တာဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ သုံးဦးတွေ့ရှိ

**ဗီယင်ကျန်း ဇွန် ၃၀**

လာအိုနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ဓာတ်ခွဲအတည်ပြုလူနာသစ်သုံးဦး ပထမဆုံး တွေ့ရှိခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ယနေ့အတည်ပြုပြောကြားသည်။

နိုင်ငံ၏တောင်ဘက် ချမ်ပါဆာ့ခ်ပြည်နယ်တွင် ကူးစက်မြန် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးကို စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အားလုံးသည် ထိုင်းနိုင်ငံမှ ပြန်လာသည့် လာအိုနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်ရောဂါထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဆီဆာဗတ် ဆောင်သာနီရာဇေးက ရှင်းလင်းပြောကြားသည်။

နိုင်ငံအတွင်း ပထမဆုံး ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူသုံးဦး တွေ့ရှိခဲ့သည့်အတွက် ပြည်သူအားလုံးအနေဖြင့် ယင်းရောဂါကူးစက်ပျံ့နှံ့မှုမှ ထိန်းချုပ်ရန် ကြိုတင်ကာကွယ်မှုများကို အရှိန်မြှင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်သည် အခြားသာမန် ဗိုင်းရပ်စ်ရောဂါကူးစက်မှုနှုန်းထက် ပို၍မြန်သလို သေဆုံးမှုနှုန်းလည်း ပို၍မြန်ဆန်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လာအိုနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိခဲ့ပြီး ယင်းတို့အနက် ၁၆ ဦးသည် ပြည်ပနိုင်ငံများမှ ပြန်လာသူများဖြစ်ကြပြီး ကျန်လေးဦးသည် နိုင်ငံအတွင်း ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း ဆီဆာဗတ် ဆောင်သာနီရာဇေးက ပြောကြားသည်။

လာအိုနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၂၁ ဦး ရှိလာကာ ၎င်းတို့အနက် သုံးဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

# သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၃၀ ရှိလာ

**ကိုလံဘို ဇွန် ၃၀**

သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၅ ဦးကို ယနေ့ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၀၀ ကျော်အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူပေါင်း ၃၀၃၀ သေဆုံးပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်မှာ ၂၅၇၂၂၅ ဦး ရှိလာသည်။ နိုင်ငံအတွင်း ဒယ်လ်တာနှင့် အယ်လ်ဖာဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့နေပြီး ရောဂါပိုးတွေ့ရှိဆဲလူနာ ၃၀၇၆၉ ဦးရှိသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး လူငယ်များ ဆေးရုံတက်ရောက်ကုသမှုနှုန်း မြင့်မားနေကြောင်း ကျန်းမာရေးပညာရှင်များက ပြောကြားသည်။

နိုင်ငံအတွင်း နိုင်ငံသားများနှာခေါင်းစည်း ဝတ်ဆင်ရေးနှင့် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ခြင်းစသော ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ချမှတ်ထားဆဲဖြစ်သည်။ ယခုသီတင်းပတ်အစောပိုင်းတွင် တာဝန်ရှိသူများက နိုင်ငံအတွင်း အသွားအလာကန့်သတ်မှုများကို ရုပ်သိမ်းခဲ့သော်လည်း စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခြင်းကို တားမြစ်ထားသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၈၂၆၇၈၉၃၃ ဦး |
| သေဆုံးသူ | ၃၉၅၅၉၄၂ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၆၇၂၈၀၁၂၇ ဦး |

# နိုင်ငံကို ရောင်းစားနေတဲ့ NUG

## မျိုးငြိမ်းငယ်

### အစပျိုးခြေလှမ်းများ

မတရားအသင်းအဖြစ် ကြေညာခံထားရပြီး ပြည်ပြေးတွေနဲ့ ဖွဲ့စည်းထားတဲ့ လေလှိုင်းပေါ်က အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) ဟာ ဘင်္ဂါလီအရေးကိစ္စနဲ့ ပတ်သက်လို့ ၂၀၂၁ ခုနှစ် ဇွန်လ ၃ ရက်နေ့ ကြေညာချက်နောက်ပိုင်းမှာ ထပ်မံပြောဆိုဆောင်ရွက်တာတွေ လုပ်ဆောင်လာတာ တွေ့ရပါတယ်။ ဇွန်လ ၃ ရက်နေ့ ကြေညာချက်မှာ NUG က နိုင်ငံသားဖြစ်မှုဥပဒေကို ပြန်လည်သုံးသပ်မှာ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။

သူတို့ကြေညာချက်မှာပါတာက ဘင်္ဂါလီတွေကို နိုင်ငံမဲ့အခြေအနေကို တွန်းပို့လိုက်တဲ့ အခြေခံအကြောင်းတရားတစ်ခုဖြစ်တဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို ဖျက်သိမ်းခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းနဲ့ အသစ်ပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းပြီးချိန်မှာ လုပ်ဆောင်နိုင်တယ်လို့လည်း ဆိုပါတယ်။ ဘင်္ဂါလီတွေကို မြန်မာနိုင်ငံမှာ ယခင်ကတည်းက အသိအမှတ်မပြုခဲ့တဲ့ အမည်ကိုလည်း အသုံးပြုသွားခဲ့ပါတယ်။ NLD လက်ထက်မှာတောင် အဲဒီအမည်ကို မသုံးခဲ့ပါဘူး။

အဲဒီကြေညာချက်မထွက်ခင် မေလ ၄ ရက်နေ့က အမေရိကန် နိုင်ငံခြားရေးရာကော်မတီမှာ NUG အနေနဲ့ ဘင်္ဂါလီတွေကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရေး ကတိကဝတ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းထုတ်ခဲ့ပါတယ်။ ဒီလိုမေးခွန်းထုတ်ခံရပြီးနောက် ဇွန်လ ၃ ရက်နေ့က NUG ရဲ့ကြေညာချက် ထွက်လာခဲ့တာပါ။ ဆက်လက်ပြီးလည်း ဘင်္ဂါလီဆိုင်ရာ နောက်ထပ်သတင်းတွေ၊ လုပ်ဆောင်ချက်တွေကို တွေ့မြင်နေရပါတယ်။

၂၀၂၁ ခုနှစ် ဇွန်လ ၄ ရက်နေ့ NUG ရဲ့သတင်းစာရှင်းလင်းပွဲမှာ NUG အနေနဲ့ ကာယကံရှင်တွေရဲ့ဆန္ဒကို လေးစားသောအားဖြင့် ရိုဟင်ဂျာလို့ အသုံးပြုခေါ်ဝေါ်တာဖြစ်ကြောင်း၊ NUG အနေနဲ့ နိုင်ငံသားဖြစ်ခွင့်ရှိသူတွေကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုမှာဖြစ်ပြီး တိုင်းရင်းသားအဖြစ် အသိအမှတ်ပြု၊ မပြုဆိုတာကတော့ နောက်ပိုင်းမှာ ဆက်လက်ဆွေးနွေးသွားဖို့လိုမယ်လို့ ဖြေကြားခဲ့တာတွေ့ရပါတယ်။

### ပထမအစီရင်ခံစာ

ဘင်္ဂါလီနဲ့ပတ်သက်လို့ NUG ရဲ့ ပြောဆိုချက်၊ လုပ်ဆောင်ချက်တွေဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ၊ နိုင်ငံတော်ရဲ့နယ်မြေ၊ တိုင်းရင်းသားတွေအပေါ် ထိခိုက်လာခြင်းပဲဖြစ်ပါတယ်။ ဘင်္ဂါလီအရေးကိစ္စဟာ ယခင်ကတည်းက ပြည်တွင်းကိစ္စရပ်တစ်ခုအနေနဲ့ ဖြစ်ပွားခဲ့ပေမယ့် နိုင်ငံတကာပြဿနာတစ်ရပ်လို ဖြစ်လာတာကတော့ NLD အစိုးရလက်ထက်မှာပဲ ဖြစ်ပါတယ်။

သမ္မတဦးသိန်းစိန်လက်ထက်မှာ ၂၀၁၂ ခုနှစ် ပဋိပက္ခကြောင့် ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ကော်မရှင်အနေနဲ့ ၂၀၁၃ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ အစီရင်ခံစာတင်သွင်းခဲ့ပါတယ်။ ကော်မရှင်ကို ဒေါက်တာမျိုးမြင့်အပါအဝင် အဖွဲ့ဝင် ၂၅ ဦးပါဝင်ပါတယ်။ အဖွဲ့ဝင်တွေထဲမှာ မြန်မာနိုင်ငံသား ပညာရှင်တွေ၊ ဘာသာမတူတဲ့သူတွေ၊ တိုင်းရင်းသားတွေ၊ နိုင်ငံရေးမတူကွဲပြားသူတွေနဲ့ ဖွဲ့စည်းခဲ့တာတွေ့ရပါတယ်။ ဒါဟာ ပြဿနာတစ်ရပ်ဖြေရှင်းရာမှာ

> **ဒါတွေဟာ ကိုဖီအာနန်အကြံပေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်ပြီးနောက်ပိုင်း ဖြစ်လာတဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေ နိုင်ငံသားဖြစ်ဖို့အတွက် မြန်မာနိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ၊ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေက တစ်ဆင့် နိုင်ငံရေး၊ စီးပွားရေးစတဲ့ နည်းလမ်းပေါင်းစုံနဲ့ ဖိအားပေးနေတာပါ။ ကုလသမဂ္ဂနဲ့ လုံခြုံရေးကောင်စီကတစ်ဆင့် ဖိအားပေးတာတွေ၊ လူ့အခွင့်အရေးကောင်စီကတစ်ဆင့် ဖိအားပေးတောင်းဆိုတာတွေ အမျိုးမျိုးပါ။ ဒါ့အပြင် ICC ကတစ်ဆင့် ဖိအားပေးပြီး အခုနောက်ဆုံးမှာ ICJ ကတစ်ဆင့် ဖိအားပေးနေပါတယ်။ ၅၇ နိုင်ငံပါဝင်တဲ့ OIC ရဲ့အထောက်အပံ့နဲ့ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို အမှုဖွင့်ထား။**

အမြင်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးနဲ့ ချဉ်းကပ်နိုင်ဖို့နဲ့ ပြဿနာတစ်ရပ်ရဲ့ အဖြေမှန်ကိုချဉ်းကပ်နိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ အဲဒီလို မတူညီမှုတွေနဲ့ ပေါင်းစည်းထားတဲ့ ကော်မရှင်ရဲ့ အစီရင်ခံစာမှာ ဘင်္ဂါလီပြဿနာ ရေတို၊ ရေရှည်ဖြေရှင်းရေးအတွက် အရင်းခံအကြောင်းတရားတွေကို ဖော်ထုတ်ထားပြီး ကဏ္ဍပေါင်းစုံအကြံပြုချက်တွေ တင်ပြခဲ့ပါတယ်။

### ဒုတိယအစီရင်ခံစာ

NLD အစိုးရလက်ထက်မှာ ဘင်္ဂါလီအရေးနဲ့ပတ်သက်လို့ ဦးသိန်းစိန်အစိုးရလက်ထက်က အစီရင်ခံစာပါ အကြံပြုချက်တွေကို ဆက်လက်အကောင်အထည်ဖော်ဖို့ လျစ်လျူရှုခဲ့ပြီး ကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အကြံပေးကော်မရှင် စတင်ဖွဲ့စည်းကတည်းက ကိုဖီအာနန်အပါအဝင် နိုင်ငံခြားသားပါဝင်ဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး အကြံပေးကော်မရှင်ကို ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်တွေနဲ့သာ ဖွဲ့စည်းဆောင်ရွက်ဖို့ ၂၀၁၈ ခုနှစ် ဇွန်လ ၁၁ ရက်နေ့ ကျင်းပတဲ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ အဆိုတင်သွင်းဆွေးနွေးခဲ့ပေမယ့် မဲခွဲဆုံးဖြတ်ရာမှာ အဆိုရှုံးနိမ့်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် လွှတ်တော်မှာတော့ အလားတူအဆို အောင်မြင်ပြီး အကြံပေးကော်မရှင်ကို လက်ခံအသိအမှတ်မပြုဘဲ သပိတ်မှောက်ခဲ့ကြပါတယ်။

### အကောင်အထည်ဖော်လာခြင်း

အကြံပေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ လွှတ်တော်မှာ ထိုအချိန်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ကော်မရှင်အနေနဲ့ အကြံပြုရုံသာ လုပ်ဆောင်နိုင်ပြီး အကြံပြုချက်တွေကို လုပ်ဆောင်ခြင်းဟာ အစိုးရအပေါ်မှာသာ မူတည်တာကြောင့် စိုးရိမ်စရာမရှိဘူးလို့ ပြောကြားခဲ့ပေမယ့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ ကျင်းပတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ (၃၇) ကြိမ်မြောက် အဆင့်မြင့်ကဏ္ဍအစည်းအဝေးမှာ ထိုအချိန်က အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် က ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်တွေကို လမ်းပြမြေပုံအဖြစ် အကောင်အထည်ဖော်လျက်ရှိရာ တိုးတက်မှုတွေ ရရှိနေကြောင်း ထည့်သွင်းပြောကြား ခဲ့ပါတယ်။

ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့အစီရင်ခံစာမှာဆိုရင် ၁၉၈၂ နိုင်ငံသားဥပဒေကို ပြန်လည်ပြင်ဆင်တဲ့လုပ်ငန်းစဉ် စတင်ဖို့နဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းပါအတိုင်း ဆောင်ရွက်ဖို့ အချက်များပါဝင်ပါတယ်။ ဒါ့အပြင် လွတ်လပ်စွာသွားလာခွင့်၊ NGO တွေ လွတ်လပ်စွာ ဆောင်ရွက်ခွင့်၊ သတင်းရယူခွင့်ဆိုတဲ့ အချက်တွေကိုလည်း အကြံပြုထားပါတယ်။

အကြံပြုချက်တွေအားလုံးကို ခြုံငုံကြည့်မယ်ဆိုရင် ရခိုင်ဒေသမှာဖြစ်ပွားနေတဲ့ ပြဿနာတစ်ရပ်ပြေလည်ရေးဆိုတာထက် ဘင်္ဂါလီတွေအတွက်နဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေအတွက်က ပိုများပါတယ်။ ဒီတော့ ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်တွေကို အကောင်အထည်ဖော်နေတဲ့ NLD ရဲ့ ရည်ရွယ်ချက်ကို သုံးသပ်နိုင်ပါတယ်။

အကြံပြုချက်မှာပါတဲ့ ကလေးသူငယ်အခွင့်အရေးဥပဒေကို ၂၀၁၉ ခုနှစ် ဇွန်လ ၇ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ကန့်ကွက်မှုတွေကြားက NLD မဲအများစုနဲ့ အတည်ပြုခဲ့ပါတယ်။ ဒီပြင်ဆင်ချက်ထဲမှာ နိုင်ငံတော်အတွင်းမွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံမှုမရှိစေဘဲ အခမဲ့မှတ်ပုံတင်ခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်ချက်ဟာ ကိုဖီအာနန်အကြံပြုချက်တွေအတိုင်းပဲ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်ဟာ ၁၉၈၂ နိုင်ငံသားဥပဒေကို လွှမ်းမိုးပယ်ဖျက်လိုက်ခြင်း ဖြစ်ပါတယ်။

> **အကြံပြုချက်မှာပါတဲ့ ကလေးသူငယ်အခွင့်အရေးဥပဒေကို ၂၀၁၉ ခုနှစ် ဇွန်လ ၇ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ကန့်ကွက်မှုတွေကြားက NLD မဲအများစုနဲ့ အတည်ပြုခဲ့ပါတယ်။ ဒီပြင်ဆင်ချက်ထဲမှာ နိုင်ငံတော်အတွင်းမွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံမှုမရှိစေဘဲ အခမဲ့မှတ်ပုံတင်ခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်ချက်ဟာ ကိုဖီအာနန်အကြံပြုချက်တွေအတိုင်းပဲ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်ဟာ ၁၉၈၂ နိုင်ငံသားဥပဒေကို လွှမ်းမိုးပယ်ဖျက်လိုက်ခြင်းဖြစ်။**

### နိုင်ငံတကာဖိအား

NLD အစိုးရလက်ထက်မှာ ဘင်္ဂါလီအရေးကိစ္စဟာ နိုင်ငံတကာပြဿနာတစ်ရပ် ဖြစ်လာပါတယ်။ ဒါ့အပြင် ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာဟာ ဘင်္ဂါလီအရေးထောက်ခံဆောင်ရွက်နေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ နိုင်ငံတွေရဲ့ လိုလားချက်တွေနဲ့ ကိုက်ညီနေတာ တွေ့ရပါတယ်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာကျင်းပတဲ့ (၂၇) ကြိမ်မြောက် အထူးအစည်းအဝေး အစီရင်ခံစာမှာ အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်အားလုံးကို အကောင်အထည်ဖော်ဖို့ မြန်မာအစိုးရရဲ့ကတိပြုမှုကို ကြိုဆိုကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်ရေး၊ လွတ်လပ်စွာ သွားလာရေး၊ နိုင်ငံသားမဟုတ်တဲ့သူတွေအတွက် အထောက်အထား စာရွက်စာတမ်းရရှိရေး၊ မြန်မာအစိုးရရဲ့ အကောင်အထည်ဖော်မှုကို နိုင်ငံတကာ အသိုက်အဝန်းနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေက ထောက်ပံ့ပေးရေးတွေအပြင် ဘင်္ဂါလီတွေကို နိုင်ငံရေးအခွင့်အရေးတွေအပါအဝင် အခြားဆက်စပ်တဲ့အခွင့်အရေးတွေ ရရှိရေး၊ နိုင်ငံသားအခွင့်အရေး ပြည့်ဝစွာရရှိရေးနဲ့ ၁၉၈၂ နိုင်ငံသားဥပဒေပြင်ဆင်ရေးတွေကို တောင်းဆိုထားပါတယ်။

ဒါတွေဟာ ကိုဖီအာနန်အကြံပေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်ပြီးနောက်ပိုင်း ဖြစ်လာတဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေ နိုင်ငံသားဖြစ်ဖို့အတွက် မြန်မာနိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ၊ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေကတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေးစတဲ့ နည်းလမ်းပေါင်းစုံနဲ့ ဖိအားပေးနေတာပါ။ ကုလသမဂ္ဂနဲ့ လုံခြုံရေးကောင်စီကတစ်ဆင့် ဖိအားပေးတာတွေ၊ လူ့အခွင့်အရေးကောင်စီကတစ်ဆင့် ဖိအားပေးတောင်းဆိုတာတွေ အမျိုးမျိုးပါ။ ဒါ့အပြင် ICC ကတစ်ဆင့် ဖိအားပေးပြီး အခုနောက်ဆုံးမှာ ICJ ကတစ်ဆင့် ဖိအားပေးနေပါတယ်။ ၅၇ နိုင်ငံပါဝင်တဲ့ OIC ရဲ့အထောက်အပံ့နဲ့ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို အမှုဖွင့်ထားပါတယ်။

### လက်ဆင့်ကမ်းအကောင်အထည်ဖော်

အထက်မှာဖော်ပြခဲ့သလို နိုင်ငံတကာက ဖိအားပေးတောင်းဆိုတာတွေနဲ့ NLD အစိုးရရဲ့ လုပ်ဆောင်ချက်တွေ ထပ်တူညီနေတာတွေဟာ တိုက်ဆိုင်မှုလို့ မဆိုနိုင်ပါဘူး။ အခုလည်း NUG က NLD ရဲ့မပြီးသတ်သေးတဲ့ကိစ္စကို ဆက်လက်ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဘာကြောင့် NLD နဲ့ NUG က ဘင်္ဂါလီအရေးကို ဒီလောက်ဆောင်ရွက်ရသလဲဆိုတဲ့ အရင်းခံအကြောင်းတရားကို သုံးသပ်ကြည့်ဖို့ လိုပါလိမ့်မယ်။ NLD ဟာ အာဏာတည်မြဲဖို့နဲ့ ငွေကြေးအထောက်အပံ့ရရှိဖို့အတွက် OIC နဲ့ အင်အားကြီးနိုင်ငံတွေရဲ့ လိုလားချက်အတိုင်း အကောင်အထည်ဖော်နေတယ်လို့ ခန့်မှန်းနိုင်ပါတယ်။ OIC နဲ့ အင်အားကြီးနိုင်ငံတွေကလည်း NLD ကိုအသုံးချပြီး ဘင်္ဂါလီတွေအရေး၊ နိုင်ငံရေး၊ ပထဝီနိုင်ငံရေးတွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေကြတာပါ။

စာမျက်နှာ ၁၅ သို့ ■

# နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး /ပြည်နယ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်နိုင်ရေး နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲရေး လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် Central level လုပ်ငန်းအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲရေး လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ Nationwide Case Management Supervision Unit (NCMSU) နှင့် ပူးပေါင်းဆောင်ရွက်မည့် Central level လုပ်ငန်းအဖွဲ့နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လက်ရှိတွင် ပြည်သူလူထုအကြား ဝန်ဆောင်မှုပေးရန်အတွက် စနစ်တကျလေ့ကျင့်ထားသော လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲသူများ အနေဖြင့် ရပ်ရွာအတွင်းရှိ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို အသုံးပြု၍ စီမံခန့်ခွဲလျက်ရှိပါကြောင်း။

လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ ၂၅၉ ဦးအထိ လေ့ကျင့်မွေးထုတ်ပေးနိုင်သော်လည်း လက်ရှိတွင် ဖြစ်ရပ်များကို လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသည့် Case Manager ၁၂၃ ဦးသာ ရှိသည့်အတွက် မြန်မာနိုင်ငံလူဦးရေ၏ ၄၀၆၅၀ တွင် တစ်ဦးကျ အချိုးသာရှိသဖြင့် Case Manager များ ထပ်မံမွေးထုတ်ရန်နှင့် တစ်ဦးချင်း စွမ်းဆောင်ရည်ပြည့်ဝရန် လိုအပ်ပါကြောင်း၊ ယင်းတို့ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အနေဖြင့်လည်း လူမှုရေးပညာတက္ကသိုလ် တည်ထောင်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေပြင်တွင် ဆောင်ရွက်နေသူများ၏ အခက်အခဲနှင့် လက်ရှိဆောင်ရွက်နေမှုအပေါ်တွင် ပိုမိုတိုးတက်စေရန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း။

မည်သည့်အခြေအနေမျိုးတွင်မဆို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းများသည် ရပ်တန့်၍ မရပါကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံသော စနစ်တစ်ခုအဖြစ် ဆောင်ရွက်နိုင်မှသာ အချက်အလက်များ တစုတစည်းတည်းရရှိပြီး ဖြစ်ရပ်များအလိုက် Case Study များ၊ သုတေသနများ၊ Case များအလိုက် မူဝါဒပေါ်လစီများ ချမှတ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ လူမှုဘဝရပ်တည်မှုအတွက် လူမှုရေးပဋိပက္ခများ၊ အိမ်ထောင်စုအလိုက် ကြုံတွေ့ရသော အခက်အခဲများအားသိရှိ၍ ကာကွယ်စောင့်ရှောက်ရေးသာမက ဖြစ်ရပ်အလိုက် စီမံခန့်ခွဲနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်တို့က တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ သင်တန်းများ ဆောင်ရွက်သွားမည့်အခြေအနေ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော NCMSU ၏ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲများကို တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရေးဖြေစာမေးပွဲများ ကျင်းပနိုင်ခြင်းမရှိသေး

**နေပြည်တော် ဇွန် ၃၀**

ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း ၁၇ ခုရှိ လစ်လပ်ရာထူး ၄၇၂ နေရာအတွက် ရေးဖြေစာမေးပွဲကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှု အခြေအနေအရ ဒေသဖြတ်ကျော်သွားလာမှု အကန့်အသတ်များ ရှိနေသည့်အတွက် ကြေညာထားသည့်ရက်များတွင် ရေးဖြေစာမေးပွဲများ ကျင်းပနိုင်ခြင်းမရှိသေးကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရှိရသည်။

လစ်လပ်ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ကျင်းပနိုင်မည့် အခြေအနေအပေါ်မူတည်၍ ပြောင်းလဲကျင်းပမည့် နေ့ရက်တို့ကို နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် မြဝတီရုပ်သံသတင်းများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website နှင့် Facebook Page၊ Myanmar National Web Portal တို့မှတစ်ဆင့် အချိန်မီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ လစ်လပ်ရာထူး ၄၇၂ နေရာအတွက် ရေးဖြေစာမေးပွဲကို ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်းကို ဧပြီ ၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ဧပြီ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတို့မှတစ်ဆင့် ထုတ်ပြန်ကြေညာထားသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၁၄ မှ

**NLD နဲ့ NUG အနေနဲ့ လူ့အခွင့်အရေးကို** အကြောင်းပြပြီး ဘင်္ဂါလီအရေးကို အကောင်အထည်ဖော်နေတာဟာ နိုင်ငံတော်အချုပ်အခြာအာဏာ၊ နိုင်ငံတော်နယ်မြေ၊ မိမိတို့တိုင်းရင်းသားတွေအပေါ် သစ္စာဖောက်တဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ NUG ရဲ့ ကြေညာချက်ထွက်လာတဲ့အချိန်မှာ ဒေသခံတိုင်းရင်းသားတွေဖြစ်တဲ့ ရခိုင်တိုင်းရင်းသားတွေက ကန့်ကွက်ခဲ့ကြပါတယ်။ NUG အနေနဲ့ တည်ငြိမ်စပြုနေတဲ့ပြဿနာကို ပိုမိုရှုပ်ထွေးအောင်လုပ်နေတာလို့ ရှုမြင်ကြောင်း ALP ပါတီက ဇွန်လ ၆ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။

### အရင်းခံအကြောင်းတရား

NUG အနေနဲ့ လူ့အခွင့်အရေးတွေ ဘယ်လိုပဲ အကြောင်းပြပြ အခုချိန်မှာ ဘင်္ဂါလီကိစ္စကို သူတို့အကျိုးစီးပွားအတွက် အသုံးချနေခြင်းသာ ဖြစ်ပါတယ်။ NLD နဲ့ NUG အနေနဲ့ လူ့အခွင့်အရေးလို့ ဆိုနေကြပေမယ့် ဘာကြောင့် ဘင်္ဂါလီတွေအတွက်ပဲ ဦးတည်နေကြတယ်ဆိုတာ စဉ်းစားစရာပါ။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ လူ့အခွင့်အရေးကိုတော့ ဘာကြောင့်အလေးမထားတာလဲဆိုတာလည်း စဉ်းစားစရာပါ။ လူ့အခွင့်အရေးလို့ ဆိုနေကြတဲ့နိုင်ငံတွေမှာ လေ့စီးဒုက္ခသည်တွေ၊ ပြည်ပက ခိုးဝင်သူတွေကို လူ့အခွင့်အရေးအရ အဲဒီနိုင်ငံတိုင်းကလက်ခံပြီး နိုင်ငံသားဖြစ်ခွင့်ပေးကြသလားဆိုတာကိုလည်း သတိပြုဖို့လိုပါတယ်။

**NUG အနေနဲ့ လူ့အခွင့်အရေးတွေ ဘယ်လိုပဲအကြောင်းပြပြ အခုချိန်မှာ ဘင်္ဂါလီကိစ္စကို သူတို့အကျိုးစီးပွားအတွက် အသုံးချနေခြင်းသာ ဖြစ်ပါတယ်။ NLD နဲ့ NUG အနေနဲ့ လူ့အခွင့်အရေးလို့ ဆိုနေကြပေမယ့် ဘာကြောင့် ဘင်္ဂါလီတွေအတွက်ပဲ ဦးတည်နေကြတယ်ဆိုတာ စဉ်းစားစရာပါ။ မြန်မာနိုင်ငံမှာ ရှိတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ လူ့အခွင့်အရေးကိုတော့ ဘာကြောင့်အလေး မထားတာလဲဆိုတာလည်း စဉ်းစားစရာပါ။ လူ့အခွင့်အရေးလို့ ဆိုနေကြတဲ့ နိုင်ငံတွေမှာ လှေစီးဒုက္ခသည်တွေ၊ ပြည်ပက ခိုးဝင်သူတွေကို လူ့အခွင့်အရေး အရ အဲဒီနိုင်ငံတိုင်းကလက်ခံပြီး နိုင်ငံသားဖြစ်ခွင့်ပေးကြသလားဆိုတာကိုလည်း သတိပြုဖို့လို။**

လူသားတစ်ယောက်ရဲ့ လူ့အခွင့်အရေးဆိုတာ နားလည်လက်ခံပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီး ကိုယ်ကျိုးအတွက် အသုံးချတာ၊ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ ထိပါးတာကိုတော့ လက်ခံလို့မရပါဘူး။ နိုင်ငံရဲ့အချုပ်အခြာအာဏာ တည်ရှိမှုနဲ့ လူ့အခွင့်အရေးအကြား တစ်ဖက်သတ်ဆုံးဖြတ်လို့မရနိုင်ပါဘူး။

အခုလည်း NUG က ဘင်္ဂါလီတွေကို လူ့အခွင့်အရေးအကြောင်းပြပြီး ပြည်ပက ကြိုးဆွဲအတိုင်း တရားမဝင်တဲ့အမည်ကို အသိအမှတ်ပြုပြီး ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြင်ဖို့၊ နိုင်ငံသားဖြစ်ခွင့်ပေးဖို့ လုပ်နေတာဟာ သူတို့လိုအပ်နေတဲ့ ငွေကြေးတွေ၊ နိုင်ငံခြားအကူအညီနဲ့ ထောက်ခံမှုတွေ ရရှိဖို့အတွက် လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။

### နိုင်ငံသားခံယူခွင့်

NUG ဟာ အသက်ဆက်ရပ်တည်နိုင်ဖို့အတွက် နိုင်ငံကိုရောင်းစားပြီး ငွေကြေးရှာဖို့ လုပ်ဆောင်နေတာပါ။ လူ့အခွင့်အရေးဆိုတာထက် သူတို့ကိုယ်ကျိုးစီးပွားအခွင့်အရေးနဲ့ အာဏာရရှိရေးအတွက်ပဲဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဟာ ဘယ်သူ့ကို နိုင်ငံသားပေးမယ်၊ ဘယ်သူ့ကို နိုင်ငံသားမပေးဘူးဆိုတဲ့ တစ်ဦးတစ်ယောက်၊ လူတစ်စုအတွက် ရေးဆွဲပြဋ္ဌာန်းထားတာမဟုတ်ပါဘူး။ အခြားနိုင်ငံသားတစ်ဦးက မြန်မာနိုင်ငံသားဖြစ်ချင်တယ်ဆိုရင်၊ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေနဲ့ ကိုက်ညီမယ်ဆိုရင် နိုင်ငံသားခံယူခွင့်ရှိပါတယ်။

ဒီလိုမဟုတ်ဘဲ အခြားနိုင်ငံသားတစ်ဦး မြန်မာနိုင်ငံသားဖြစ်ဖို့အတွက် မိမိနိုင်ငံရဲ့ တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်ပေးဖို့ အကြံပြုတယ်၊ တိုက်တွန်းတယ်၊ အကောင်အထည်ဖော်တယ်ဆိုတာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးခြင်းလို့ သတ်မှတ်ရမှာပါ။ ဘယ်သူမဆို ကိုယ်ကျိုးစီးပွားအတွက် ဘင်္ဂါလီမှမဟုတ်ပါဘူး၊ ဘယ်နိုင်ငံသားကိုမဆို မြန်မာနိုင်ငံသားပေးဖို့အတွက် မိမိနိုင်ငံရဲ့တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်ဖို့ကြိုးစားလာမယ်ဆိုရင် အမျိုးသားရေးအနေနဲ့ ကာကွယ်ကြရမှာ နိုင်ငံသားတိုင်းရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ။

**ကိုးကား**

၁။ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ
၂။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ
၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှတ်တမ်း
၄။ (၃၇)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ အဆင့်မြင့်ကဏ္ဍအစည်းအဝေး
၅။ Report of the Human Rights Council on its twenty-seventh special session

# ရုရှားကာကွယ်ရေး ဒုတိယဝန်ကြီး Colonel General Alexander V. Fomin ၏ အင်တာဗျူးမေးမြန်းချက်များအပေါ် ဖြေဆိုချက်များ

**မေး။ ဗိုလ်ချုပ်ကြီးရှင့်။ ဗိုလ်ချုပ်ကြီးအနေနဲ့ စစ်ဘက်နှင့်စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍတွေမှာ နိုင်ငံတကာနှင့် ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံကောင်း များစွာရှိပါတယ်။ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေမှာလည်း အောက်ခြေဝန်ထမ်းဘဝမှ ယခုလို အကြီးအကဲရာထူးထိ တာဝန်ထမ်းဆောင်လာခဲ့ပါတယ်။ ဒီလိုဘဝလမ်းခရီးမှာ မြန်မာနိုင်ငံဆိုတာကို သိကျွမ်းခွင့်ရခဲ့တာ ဘယ်လောက်ကြာပါပြီလဲ။ မြန်မာနိုင်ငံကို ပထမဆုံးရောက်ခဲ့စဉ်ကဘာကို အမှတ်တရ ရှိနေပါသလဲ။**

**ဖြေ။** ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအကြောင်းကို ရင်းနှီးသိကျွမ်းခဲ့တာဟာဆိုရင် ဆယ်စုနှစ်တစ်ခုကို ကျော်ခဲ့ပါပြီ။ ၂၀၁၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့ပြီး သာယာလှပတဲ့ မြန်မာနိုင်ငံရဲ့ အလှအပက ပထမဆုံးအကြိမ်မှာတင် ကျွန်တော့်ကို အလွန်နှစ်သက်သဘောကျစေပါတယ်။

ကျွန်တော်အခုအချိန်ထိ အမှတ်ရနေတာတစ်ခုကတော့ လေယာဉ်ဆင်းသက်ခါနီးမှာနေရောင်ကြောင့် ရွှေရောင်တွေ တဖိတ်ဖိတ်တောက်နေတဲ့ ဘုရားပုထိုးတွေကို လှမ်းမြင်နေရတာပါပဲ။ တစ်ချိန်တည်းမှာပဲ ဘာဖြစ်လို့ မြန်မာနိုင်ငံကို ရွှေရောင်တွေ တဖိတ်ဖိတ်တောက်နေတဲ့ ရွှေမြန်မာနိုင်ငံလို့ ခေါ်လဲဆိုတာကို နားလည်သဘောပေါက်ခဲ့ပါတယ်။ ပြီးတော့ ရွှေတိဂုံစေတီတော်ကို သွားရောက်လေ့လာတဲ့အခါမှာလည်း အံ့သြစရာကောင်းလောက်အောင် ကမ္ဘာ့အဆင့်အတန်းမီ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ပြီး စေတီတော်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုကို တွေ့ရှိခဲ့ရပါတယ်။

ဒ့ါအပြင် အင်းလေးဒေသမှာ နေထိုင်သူတွေရဲ့ နေထိုင်မှုပုံစံနဲ့ အင်းလေးကန်အလှ၊ သစ်ပင်ပန်းပင်များနဲ့ အလှဆင်ထားတဲ့ အေးချမ်းသာယာလှတဲ့ ပြင်ဦးလွင်မြို့ရဲ့အလှ၊ လူနေမှုအဆင့်အတန်းမြင့်မားတဲ့ မန္တလေးမြို့နဲ့ ရန်ကုန်မြို့ရဲ့ အလှ၊ ရန်ကုန်မြို့မှာရှိတဲ့ (၁၉)ရာစုနှစ်က သမိုင်းဝင်အဆောက်အအုံများ စတာတွေကို အခုချိန်ထိ အမှတ်ရနေတုန်းပါပဲ။

အမြဲတမ်းရင်ထဲထိစွဲနေအောင် အမှတ်ရနေတာကတော့ မြန်မာလူမျိုးတွေရဲ့ ပွင့်လင်းမှု၊ ဖော်ရွေမှု၊ ရိုးသားမှု၊ ယဉ်ကျေးမှုနဲ့ ညွှတ်ဝတ်ကျေပွန်မှုတွေပဲ ဖြစ်ပါတယ်။

**မေး။ လက်ရှိမြန်မာနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးအခြေအနေကတော့ ဗိုလ်ချုပ်ကြီး သိရှိထားပြီးဖြစ်တဲ့ အတိုင်းပါပဲ။ ဖေဖော်ဝါရီလ ၁ ရက်နေ့က နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာခဲ့တာဟာဆိုရင်လည်း ဗိုလ်ချုပ်ကြီးတို့သိရှိထားပြီးသလို နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး ဆောင်ရွက်ခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ယခုလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တာဝန်လွှဲပြောင်းထမ်းဆောင်ခဲ့ရသည်ကို မလိုလားသူများလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ၎င်းတို့ထဲက အများစုဟာ CDM လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ကြပါတယ်။ ဗိုလ်ချုပ်ကြီးအနေနဲ့ နိုင်ငံရေးခံယူချက်ကြောင့် ဆေးရုံဆေးခန်းတွေ ပိတ်ပစ်ရအောင်လုပ်ခဲ့တဲ့ CDM ဆရာဝန်တွေနဲ့ ပတ်သက်ပြီး ဘာများမှတ်ချက်ပေးလိုပါသလဲ။**

**ဖြေ။** ကျွန်တော့်အနေနဲ့ မပြောနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံက ကျန်းမာရေးဝန်ထမ်းတွေနဲ့ပတ်သက်လို့ သုံးသပ်ဖို့ ကျွန်တော့်မှာအခွင့်အရေး မရှိပါဘူး။

တစ်ဖက်ကကြည့်မယ်ဆိုရင် အေးချမ်းစွာနေလိုတဲ့ ပြည်သူလူထုတွေ၊ တာဝန်သိ အစိုးရဝန်ထမ်းတွေ၊ မိမိအလုပ်ကိုတန်ဖိုးထားသူတွေကို ခြိမ်းခြောက်၊ ညှဉ်းပန်းနှိပ်စက်၊ နှောင့်ယှက်တဲ့လုပ်ရပ်တွေကို ဘယ်နိုင်ငံ ဘယ်အစိုးရမှလက်မခံပါဘူး။ ဒီလိုလုပ်ဆောင်ခြင်းဟာလည်း စစ်မှန်တဲ့ ဒီမိုကရေစီကို ရရှိနိုင်မှာမဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။

ကျန်းမာရေးဝန်ထမ်းဆိုတာက လူ့အသက်နဲ့ လူတွေရဲ့ ကျန်းမာရေးကိုစောင့်ရှောက်ကာကွယ်ပေးတဲ့ လွန်စွာမြင့်မြတ်သော အလုပ်တစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းတွေဟာ မေတ္တာနဲ့ ကရုဏာထားပြီး လူသားတွေအပေါ် ဂရုစိုက်မယ်ဆိုရင် ပိုမိုကောင်းမွန်ပါတယ်။ အခုလို တစ်ကမ္ဘာလုံးကပ်ရောဂါဆိုက်နေချိန်မှာ ကျန်းမာရေးဝန်ထမ်းတွေဟာ မိမိကိုယ်တိုင်က တက်ကြွစွာနဲ့ လူသားတွေကို ပိုမိုကူညီသင့်တယ်လို့ မြင်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေဟာ ကောင်းမွန်စွာလေ့ကျင့်သင်ကြားထားပြီးတဲ့ လူတွေဖြစ်တယ်၊ မိမိ ပရော်ဖက်ရှင်နယ်ကိုလည်း ယုံကြည်ချက် ခံယူချက်မြင့်မားစွာထားတဲ့ လူတွေဖြစ်တာရယ်၊ တိုင်းသူပြည်သားတွေအတွက်လည်း လိုအပ်တာဖြစ်တဲ့အတွက် နိုင်ငံတော်အပေါ်သစ္စာစောင့်သိစွာဖြင့် ပြန်လည်ပူးပေါင်း ဆောင်ရွက်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။


ရုရှားကာကွယ်ရေး ဒုတိယဝန်ကြီး
Colonel General Alexander V. Fomin

**မေး။ မြန်မာနိုင်ငံရဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနဲ့ပတ်သက်ပြီး လက်ရှိကမ္ဘာ့မီဒီယာများမှာ အမျိုးမျိုးအဖုံဖုံဝေဖန်ပြောဆို ရေးသားဖော်ပြနေကြတာကို တွေ့မြင်နေရပါတယ်။ ဒီလိုရေးသားကြသူများအနက်မှာ ရုရှားနိုင်ငံက အစိုးရပိုင်နဲ့အစိုးရမဟုတ်တဲ့ မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေဟာ အခြားနိုင်ငံတွေရဲ့ မီဒီယာများနဲ့မတူဘဲ ဘက်မလိုက်တဲ့ အမြင်နဲ့ သမာသမတ်ကျကျ ရေးသားဖော်ပြကြတာကို တွေ့မြင်ဖတ်ရှုမှတ်သားခဲ့ရပါတယ်။ မိမိတို့မြဝတီမီဒီယာအနေနဲ့လည်း မြဝတီသတင်းစာမှာ ရုရှားနိုင်ငံ မီဒီယာများမှာ ရေးသားဖော်ပြခဲ့တဲ့ သတင်းဆောင်းပါးတွေကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေဖတ်ရှုနိုင်ဖို့အတွက် ဘာသာပြန်ဆိုပြီး ပြန်လည်ဖော်ပြပေးခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ရုရှားနိုင်ငံရဲ့ မြန်မာ့နိုင်ငံရေးအပေါ် ရပ်တည်ချက်နဲ့ ထင်မြင်ယူဆချက်များကို ယခုလို အခွင့်အခါကြုံကြိုက်တုန်းမှာ မေးမြန်းလိုပါတယ်။**

**ဖြေ။** မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရန်လိုအပ်သလို နိုင်ငံရေးအပြောင်းအလဲကြောင့်လည်း စိန်ခေါ်မှုတွေများစွာကြုံတွေ့နေရတဲ့ အချိန်လည်းဖြစ်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်နေတယ်လို့လည်း သိရပါတယ်။ ပြည်တွင်းတည်ငြိမ်မှုရရှိလာရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးပြီးတော့ အနိုင်ရတဲ့ပါတီကို တိုင်းပြည်အာဏာ ပြန်လည်လွှဲပြောင်းပေးမယ်လို့လည်း သိရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြည်ပရဲ့ စီးပွားရေးပိတ်ဆို့မှုအောက်မှာ ဆယ်စုနှစ်ပေါင်းများစွာ နေခဲ့ရပေမယ့်လည်း အဲဒီအချိန်က တပ်မတော်အစိုးရက ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို အကောင်းဆုံးဖြေရှင်းပေးနိုင်ခဲ့ပါတယ်။

အနောက်နိုင်ငံမီဒီယာတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအကြောင်းကို ဖြစ်ပေါ်နေတဲ့အခြေအနေကို မချပြဘဲ သူတို့စိတ်ကြိုက်ဖော်ပြနေတယ်ဆိုတာက မထူးဆန်းပါဘူး။ အနောက်မီဒီယာတွေက စိတ်ကူးယဉ်ဆန်ဆန်လုပ်ဆောင်ကြတယ်။ တကယ်ဖြစ်ပျက်နေတာကို မြင်ချင်မှလည်းမြင်တယ်။ ဒါပေမဲ့ မရှိတဲ့အရာကိုလည်း ပုံကြီးချဲ့ရေးသားတတ်တာက သူတို့ရဲ့အကျင့်ပဲလေ။ ကူးစက်ရောဂါတွေဖြစ်ပွားနေချိန်မှာ စီးပွားရေးပိတ်ဆို့မှုတွေ ဖြစ်ပေါ်လာတာကလည်း လူတွေရဲ့ စားဝတ်နေရေးကို ပိုမိုအခက်တွေ့စေပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ အနောက်နိုင်ငံက ပိတ်ဆို့မှုတွေပြုလုပ်လို့မရနိုင်တဲ့နည်းတွေကို စဉ်းစားရမယ်။ ရုရှားနိုင်ငံကိုလည်း စီးပွားရေးပိတ်ဆို့မှုတွေ ပိုမိုလုပ်ဆောင်လာတာလည်း တွေ့ရတယ်။

ဘယ်လိုပဲ ပြည်တွင်းရေး၊ နိုင်ငံရေးအခက်အခဲတွေ တွေ့ကြုံနေရလည်း မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံဟာ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့အတိုင်း နှစ်နိုင်ငံတပ်မတော်အကြား အပြန်အလှန်ကူညီမှုတွေရှိတယ်။ ဒ့ါအပြင် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ ယဉ်ကျေးမှုနယ်ပယ်၊ အားကစားနယ်ပယ်တို့မှာ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုတွေ ပိုမိုလုပ်ဆောင်နိုင်မယ်လို့ မြင်ပါတယ်။

**မေး။ ၁၉၄၅ ခုနှစ်တုန်းက ရုရှားဟာ နယ်ချဲ့ဖက်ဆစ်စနစ်ကို ဥရောပတိုက်မှာ အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း တပ်မတော်ဟာ နယ်ချဲ့ဖက်ဆစ်ကိုတိုက်ထုတ်ပြီး နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ မော်စကိုမြို့မှာ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၄ ရက်နေ့က ကျင်းပတဲ့ အောင်ပွဲနေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးအနေနဲ့လည်း နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၇၆)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်သည် အမိမြေငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီအချက်ကို သမိုင်းဖြစ်စဉ်တွေက သက်သေထူပေးနိုင်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံတကာရဲ့ ဖိအားတွေကြားမှ အာရှ-ပစိဖိတ်ဒေသတွင်း ခေတ်သစ်ပထဝီဝင်နိုင်ငံရေး အခင်းအကျင်းတွေကြားမှာ မြန်မာနိုင်ငံအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်စွာဖြင့် ကြံ့ကြံ့ခိုင်ရပ်တည်နိုင်မယ်လို့ ထင်ပါသလား။**

**ဖြေ။** မြန်မာနိုင်ငံနဲ့ ဆိုဗီယက်ပြည်ထောင်စုမှာ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဝါဒကို တွန်းလှန်တိုက်ခိုက်ခဲ့တဲ့ တူညီတဲ့သမိုင်းကြောင်းရှိပါတယ်။ ၁၉၄၂ ခုနှစ်မှာ ဖက်ဆစ်ကျူးကျော်သူဂျပန်တွေ သိမ်းပိုက်ခဲ့တဲ့ မြန်မာနိုင်ငံကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ ဖက်ဆစ်တွေကို ရှုပ်ရှုပ်ချုံချုံတိုက်ထုတ်နိုင်ခဲ့တယ်။ ဒါက ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဖက်ဆစ်ကို အတူတူတွန်းလှန်တိုက်ထုတ်ခဲ့တဲ့ သမိုင်းပဲ။ ဒီလိုသမိုင်းကြောင်းမျိုးကို မေ့ပစ်လို့မရပါဘူး။

လက်ရှိကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုတွေဖြစ်နေတာအတွက် နိုင်ငံတိုင်းက ကြုံလာနိုင်တဲ့ စိန်ခေါ်မှုအသစ်အသစ်တွေ၊ ခြိမ်းခြောက်မှုတွေ၊ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားသင့်တယ်လို့ထင်တယ်။ မြန်မာနိုင်ငံဟာ ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာကြား တည်ရှိနေပြီး အရှေ့တောင်အာရှရဲ့ အကြီးဆုံးကုန်းတွင်းပိုင်းနိုင်ငံ ဖြစ်တယ်။ တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံကတော့ အာရှ-ပစိဖိတ် ဒေသတွင်းကိစ္စတွေကို ပါဝင်လိမ့်မယ်လို့ မထင်ပါဘူး။ နိုင်ငံတကာဆက်ဆံရေးမှာ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းစေရန်အတွက် အပြန်အလှန်ကူညီပေးနိုင်တဲ့ မဟာမိတ်နိုင်ငံတွေဖွဲ့ရတယ်။ မြန်မာနိုင်ငံအနေနဲ့ ရုရှားနဲ့ မဟာမိတ်နိုင်ငံအဖြစ် အမြဲယုံကြည်လို့ရတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပထဝီအနေအထားအရ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်စီးဆင်းမှုများမှာ မဟာဗျူဟာမြောက် အနေအထားမှာရှိခြင်းကလည်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာရှ-ပစိဖိတ်ဒေသတွင်း မဟာဗျူဟာမြောက်အနေအထားမှာရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားလာကောင်းတွေ များစွာရှိတယ်လို့ ကျွန်တော်မြင်ပါတယ်။

**မေး။ မြန်မာနိုင်ငံဟာဆိုရင် နိုင်ငံရဲ့ အနောက်ဘက်နယ်နိမိတ်တစ်လျှောက်အိန္ဒိယသမုဒ္ဒရာနဲ့ထိစပ်နေပြီးပစိဖိတ်ဒေသ၏အနောက်ဖျားအစွန်းတစ်နေရာမှာ ပထဝီဝင်နိုင်ငံရေးအတွက် အရေးပါသည့်နိုင်ငံတစ်ခုအဖြစ် ဖြစ်တည်လျက်ရှိပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဒီဒေသတွင်းမှာ ပထဝီဝင်နိုင်ငံရေးအင်အားစုအသစ်များ ဖော်ဆောင်ဖွဲ့စည်းလျက်ရှိနေပါတယ်။ အင်ဒို-ပစိဖိတ်မဟာမိတ်နိုင်ငံများ ဖွဲ့စည်းခြင်းကို သာဓကတစ်ခုအနေဖြင့် တွေ့မြင်နိုင်ပါတယ်။ ဒီ အင်ဒို-ပစိဖိတ်မဟာမိတ်အဖွဲ့နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ကြီး ဘယ်လိုမြင်ပါသလဲ။ မြန်မာက ဒီအခင်းအကျင်းတွေကြားမှာ ဘယ်လိုပါဝင်လာနိုင်ပါသလဲ။ ရုရှား-မြန်မာနှစ်နိုင်ငံ စစ်ဘက်နှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်တိုးမြှင့်ခြင်းဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်သွားလို့ ရနိုင်ပါသလား။ ဒီလိုအခြေအနေမှာ ဘာတွေလုပ်သင့်ပါသလဲ။**

**ဖြေ။** အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့မဟာမိတ်တွေကတော့ အာရှ-ပစိဖိတ်အရေးမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနေတာကြာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကအချက်အချာနေရာဟာ သဘာဝသယံဇာတတွေနဲ့ သယ်ယူပို့ဆောင်ရေး အခွင့်အလမ်းများစွာရှိတဲ့ အရှေ့တောင်အာရှ ဒေသရပ်ဝန်းဖြစ်နေလို့ ဖြစ်ပါတယ်။ အဓိကကတော့ အာရှ-ပစိဖိတ်ဒေသကို စိုးမိုးနိုင်ရင် စီးပွားရေးကောင်းမွန်စွာ တိုးတက်လာမှာဖြစ်တယ်။

အမေရိကန်နိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ်ဒေသအတွင်း လွတ်လပ်ခွင့်ခေါင်းစဉ်နဲ့ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ပင်လယ်ရေကြောင်းနဲ့ လေယာဉ်ပျံသန်းနိုင်ရေး လွတ်လပ်စွာ သွားလာနိုင်ရေးကို တက်ကြွစွာလုပ်ဆောင်လျက်ရှိတယ်။ အမှန်တကယ်နောက်ကွယ်မှာ သူတို့ လိုချင်နေတာကတော့ ဒေသတွင်းလှုပ်ရှားမှုများကို ထိန်းချုပ်ခြင်းဖြင့် စီးပွားရေးအရအကျိုးအမြတ်များ ရမည့်အပြင် ပထဝီအနေအထားအရ စစ်ရေးမဟာဗျူဟာမြောက်တဲ့နေရာကို ပိုင်ဆိုင်လိုခြင်းလည်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒေသတွင်းကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး နီးစပ်တဲ့ နိုင်ငံများမှ အပြန်အလှန် ဆက်သွယ်မှုဖြင့် ဆုံးဖြတ်ကိုင်တွယ်ဖြေရှင်းနေပါတယ်။

**စာမျက်နှာ ၁၇ သို့ ❖**

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၁)ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၁) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်းအဝေး (11th ADMM– Plus Experts' Working Group on Counter–Terrorism Meeting – EWG on CT Meeting)ကို ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ADMM – Plus EWG – CT ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်၊ ရုရှားတပ်မတော်မှ Major General Grigory TURIN တို့နှင့်အတူ အာဆီယံနိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က အဖွင့်အမှာစကားပြောကြားပြီး အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး စာတမ်းများဖတ်ကြားဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံက "On Assessment of Terrorist Threats in Southeast Asia" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ၌ အာဆီယံဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်လုပ်ရပ်များတွင် နိုင်ငံရေးအစွန်းရောက်များနှင့် ဘာသာရေးအစွန်းရောက်များ၏ အကြမ်းဖက်လုပ်ဆောင်မှုသွင်ပြင်လက္ခဏာရပ်များ၊ ဒေသအတွင်း ဖြစ်ပေါ်ခဲ့သည့် ထင်ရှားသော အကြမ်းဖက်ဖြစ်စဉ်များနှင့် ၎င်းဖြစ်စဉ်များအပေါ် လေ့လာသုံးသပ်ခြင်းများအပြင် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်လုပ်ရပ်များကိုကြိုးကိုင်ဖန်တီးနေသည့် တရားမဝင်အဖွဲ့အစည်းများဖြစ်ကြသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ (Committee Representing Pyidaungsu Hluttaw–CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (National Unity Government –NUG)နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force – PDF) တို့၏ အစွန်းရောက်နိုင်ငံရေးရည်မှန်းချက်ဖြင့် နိုင်ငံတကာဥပဒေ၊ ပြည်တွင်းတည်ဆဲဥပဒေများကိုချိုးဖောက်ကာ အပြစ်မဲ့ပြည်သူများအပေါ် သတ်ဖြတ်မှုများ၊ အရပ်ဘက်ပစ်မှတ်စာသင်ကျောင်းများကို အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားရှိမှုများနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကိုလည်းကောင်း၊

"Discussion on Cooperation of Regional Countries to Combat Terrorist Groups" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ၌ အကြမ်းဖက်အဖွဲ့အစည်းများ တိုက်ဖျက်ရေးတွင် ADMM–Plus အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ မြန်မာနိုင်ငံက အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသော အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများပါဝင်သည့် ARAKAN Rohingya Salvation Army (ARSA) အဖွဲ့နှင့် NUG၊ PDF အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များ၊ ARSA နှင့် NUG တို့ ပူးပေါင်းပြီး ဘင်္ဂလားဒေ့ရှ်နယ်စပ် ဘင်္ဂါလီပြဿနာကို အသုံးချ၍ နိုင်ငံရေးအမြတ်ထုတ်ရန်အတွက် အကြမ်းဖက်လုပ်ရပ်များ အရှိန်မြှင့်လာနိုင်သည့် အခြေအနေများ၊ ၎င်းတို့၏ နယ်စပ်ဖြတ်ကျော် အကြမ်းဖက်မှုလုပ်ရပ်များကို ကာကွယ်တိုက်ဖျက်ရန် သတင်းဖလှယ်နိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်ခြိမ်းခြောက်မှုများသည် ရုရှားနိုင်ငံသို့ စိမ့်ဝင်ခြိမ်းခြောက်လျက်ရှိသည့်အခြေအနေများ၊ ရုရှားနိုင်ငံ၏ အကြမ်းဖက်မှုနှိမ်နင်းရေးစနစ် ဖွဲ့စည်းတည်ဆောက်ပုံ၊ မြောက်ကော့ကေးဆပ်ဒေသ၌ အကြမ်းဖက်မှုနှိမ်နင်းရေးဆောင်ရွက်မှုများနှင့် ဆီးရီးယားနိုင်ငံ၏ နိုင်ငံတကာအကြမ်းဖက်မှုနှိမ်နင်းရေးတွင် ရုရှားတပ်မတော်၏ အခန်းကဏ္ဍစသည်တို့အား ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတက်ရောက်လာသည့် အာဆီယံ ၁၀နိုင်ငံနှင့်ဆွေးနွေးဖက်နိုင်ငံများက စာတမ်းများအပေါ် အမြင်များ၊ အကြံပြုချက်များ ပြုလုပ်ကြပြီး မိမိတို့နိုင်ငံအလိုက် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား ဆွေးနွေးခြင်းတို့ ပြုလုပ်သည်။

အစည်းအဝေးသို့ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးငြိမ်းချမ်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရုံးမှ အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ASEAN Defence Ministers' Meeting–Plus (ADMM–Plus) လုပ်ငန်းစဉ်အောက်တွင် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ (ADMM–Plus EWG on CT) ၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ **စာမျက်နှာ ၁၆ မှ**

ဒေသတွင်းကိစ္စရပ်များကို အနောက်အုပ်စုများ ပါဝင်ပတ်သက်နေခြင်းက အာဆီယံနိုင်ငံတွေရဲ့ အရည်အသွေးကိုကျဆင်းစေပြီး ဒေသတွင်းလုံခြုံမှုကိုလည်း ထိပါးစေပါတယ်။ ဒါ့အပြင် ဒေသတွင်း နိုင်ငံများချိတ်ဆက်လုပ်ဆောင်မှုကို အင်အားလျော့နည်းစေပြီး ပဋိပက္ခတွေကို ပိုပြီးဖြစ်စေပါတယ်။

ဒေသတွင်းနိုင်ငံအချင်းချင်း ပဋိပက္ခတွေ ပိုများပြားလာလေ နိုင်ငံတွေအကြား ချစ်ကြည်ရင်းနှီးမှု ပျက်ပြားလာမှာဖြစ်တယ်။ ဆီးရီးယားက အကြမ်းဖက်သမားများ ပြန်လည်ပေါ်ထွက်လာခြင်းကတော့ အာရှ–ပစိဖိတ်ဒေသအတွင်း ပဋိပက္ခများနဲ့ သက်ဆိုင်မှုမရှိပါဘူး။

ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုက မြန်မာနိုင်ငံအပေါ်များစွာ မူတည်နေပါတယ်။ ဒါ့ကြောင့် ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို အကောင်းဆုံးကာကွယ်ထားရန် လိုအပ်ပါတယ်။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနဲ့ ရေပိုင်နက်လုံခြုံရေးအတွက် ရုရှားနိုင်ငံက အပြည့်အဝကူညီပေးရန် အသင့်ရှိပါတယ်။ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်နိုင်ပြီး စစ်ဘက်ဆိုင်ရာနည်းပညာများကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါတယ်။ ဒါ့အပြင် ခေတ်မီလက်နက်များကိုလည်း ထောက်ပံ့ကူညီပေးရန် အဆင်သင့်ရှိပါတယ်။

ယနေ့ခေတ် မြန်မာ့တပ်မတော်က ဒေသတွင်းအရေးတွေမှာ အရေးကြီးဆုံး အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်ထားဖို့ လိုအပ်ပြီး မြန်မာ့တပ်မတော်အတွက်လည်း အမှန်တကယ်အသုံးဝင်မှာ ဖြစ်ပါတယ်။ အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ရှိနေခြင်းဟာ တိုင်းပြည်ကို လုံခြုံမှုအရှိဆုံးပေးနိုင်တဲ့ သော့ချက်ဖြစ်တယ်။

**မေး။ စစ်ဘက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍမှာ လက်ရှိရုရှားနိုင်ငံက လက်ခံကျင်းပပြုလုပ်နေတဲ့ International Army Games လို ပြိုင်ပွဲတွေ၊ မဟာဗျူဟာမြောက်စစ်ရေးလေ့ကျင့်ခန်း အခမ်းအနားတွေမှာ မြန်မာ့တပ်မတော် ကိုယ်စားပြုအသင်းတွေ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိနေပါတယ်။ အဲ့လိုကျင်းပတဲ့ ပြိုင်ပွဲတွေကို ရုရှားနိုင်ငံအတွင်းမှာ သာမကဘဲ ပြိုင်ပွဲဝင်နိုင်ငံများအတွင်းထိပင် အချို့သော ကစားနည်းများကို လက်ခံကျင်းပစေဖို့ ရုရှားဘက်က စီစဉ်ဆောင်ရွက်နေတာကိုလည်း သတိပြုမိပါတယ်။ မြန်မာနိုင်ငံဟာလည်း ပြိုင်ပွဲဝင်နိုင်ငံတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံမှာရော လက်ခံကျင်းပပေးဖို့ ကစားနည်းအသစ်တွေ ကမ်းလှမ်းလာဖို့ အစီအစဉ် ရှိ၊ မရှိနဲ့ ဘယ်လိုကစားနည်းမျိုးဆိုရင် မြန်မာ့ရေမြေတောတောင်နဲ့ ကိုက်ညီနိုင်တယ်လို့ ထင်ပါသလဲ သိလိုပါတယ်။**

**ဖြေ။** နှစ်နိုင်ငံဆက်ဆံမှုများ တိုးတက်စေဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေ များစွာလုပ်ဆောင်ခဲ့ပါတယ်။ Tank Biathlon၊ Army of culture၊ Airborne platoon၊ Sea cup၊ sniper frontier military medical realy စတဲ့ ပြိုင်ပွဲတွေမှာ မြန်မာ့တပ်မတော် ပါဝင်ဆင်နွှဲတာတွေကလည်း အထူးပင်ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုပဲဖြစ်ပါတယ်။

ဒီနှစ်အတွက်ပြိုင်ပွဲကို ပြည်နယ် ၁၃ ခုမှာ ကျင်းပမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြိုင်ပွဲကျင်းပတဲ့ နေရာများကို ပိုချဲ့ထွင်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လာမယ့်ပြိုင်ပွဲမှာ ဘယ်နှခုလောက်ပါဝင်ဆင်နွှဲနိုင်မလဲဆိုတာကို စိတ်ဝင်စားစွာ စောင့်မျှော်နေပါတယ်။ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာတယ်ဆိုတာကို Kavkaz 2020 မှာ မြန်မာ့တပ်မတော်မှ ပါဝင်ဆင်နွှဲခြင်းဟာ သက်သေပဲဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ရုရှား–ဘီလာရုစ် ပူးတွဲစစ်ဆင်ရေးလေ့ကျင့်ခန်းတွေမှာလည်း ပါဝင်ဆင်နွှဲမှုကို စောင့်မျှော်နေပါတယ်။ အခုလိုမျိုး ပါဝင်ဆင်နွှဲခြင်းတွေက မြန်မာ့တပ်မတော်နဲ့ ရုရှားလူမျိုးများအကြား ရင်းနှီးမှုကို ပိုမိုခိုင်မာစေပါတယ်။

**မေး။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဦးစီးကျင်းပတဲ့ အခမ်းအနားတွေကို မြန်မာ့တပ်မတော်ဘက်ကို ကိုယ်စားလှယ်အဖွဲ့ တက်ရောက်နိုင်ဖို့အတွက် အစဉ်အမြဲ သတိတရနဲ့ တလေးတစား ဖိတ်ကြားသလိုပဲ အခြားသော ရုရှားနိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ အရောင်းပြပွဲနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာပြပွဲ ပြိုင်ပွဲတွေမှာ လည်း မြန်မာနိုင်ငံအစိုးရဘက်က သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့တွေသာမက အရပ်ဘက် စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်တွေပါ လာရောက်လေ့လာနိုင်ရေး ဖိတ်ကြားသွားဖို့ အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။**

**ဖြေ။** ရုရှား–မြန်မာယဉ်ကျေးမှုနဲ့ စီးပွားရေးဆိုင်ရာဆက်နွှယ်မှုကို ဖွံ့ဖြိုးတိုးတက်စေဖို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းက အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ အခုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ရုရှားနိုင်ငံသို့ ခရီးစဉ်ဖြစ်ပါတယ်။ ခရီးစဉ်အတွင်း အများပြည်သူသွားလာမှုအတွက် သယ်ယူပို့ဆောင်ရေးဌာနက တာဝန်ရှိသူတွေ၊ မြေအောက်မီးရထားဆိုင်ရာ နည်းပညာနယ်ပယ်က တာဝန်ရှိသူတွေ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာရှင်တွေ၊ ဆေးပညာနယ်ပယ်က ခေတ်မီနည်းပညာတွေ စတာတွေကို လေ့လာကြည့်ရှုခဲ့ပြီး ဖြစ်ပါတယ်။

စီးပွားရေးနယ်ပယ်မှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းတွေ၊ သတ္တုတွင်းစီမံကိန်းတွေကို ပူးပေါင်းလုပ်ဆောင်ရန် မျှော်လင့်ပါတယ်။

ယဉ်ကျေးမှုနယ်ပယ်မှာဆိုရင် ရုရှား–မြန်မာချစ်ကြည်ရေး ဥက္ကဋ္ဌကိုယ်တိုင်ခရီးစဉ်မှာပါဝင်ပြီး ချစ်ကြည်ရေးဆိုင်ရာလုပ်ငန်းတွေကို ဆွေးနွေးတိုင်ပင်နေတယ်လို့လည်း သိရပါတယ်။ ဒါကြောင့် ရှေ့ဆက် ရုရှား–မြန်မာ ချစ်ကြည်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

**မေး။ မြန်မာ့တပ်မတော်မှ သင်တန်းသားအများအပြားဟာ ရုရှားနိုင်ငံရဲ့ စစ်ဘက်၊ အရပ်ဘက်တက္ကသိုလ်တွေမှာ အဆင့်မြင့်ပညာသင်ယူတတ်မြောက်ခဲ့ကြပြီး ၎င်းတို့အမိနိုင်ငံကို ပြန်လည်ရောက်ရှိတဲ့အချိန်မှာလည်း မိမိတို့သင်ယူတတ်မြောက်ခဲ့တဲ့ ပညာရပ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန် အပါအဝင် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိကြပါတယ်။ ဒီလိုလက်တွေ့နယ်ပယ်မှာ ထူးချွန်စွာအောင်မြင်မှုတွေရရှိကြတဲ့ ရုရှားနိုင်ငံက မွေးထုတ်ပေးလိုက်တဲ့ ပညာရှင်များအတွက် ဘယ်လိုစကားလက်ဆောင်များပါးလိုပါသလဲ။**

**ဖြေ။** ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ မြန်မာ့တပ်မတော်မှ အရာရှိများကို ရုရှားနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခဲ့တာ အခုဆို ကျောင်းသား ၇၀၀၀ ကျော်လောက်ကို မွေးထုတ်ပေးပြီး ဖြစ်ပါတယ်။ အဲဒီအထဲမှာ မာစတာကျောင်းသား ၆၅၀၀ ကျော်၊ ပါရဂူကျောင်းသား ၆၇၉ ဦးကျော်နဲ့ Doctor of Science ဘွဲ့ရှစ်ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားနိုင်ငံကို ပညာတော်သင်စေလွှတ်ဖို့ အကောင်အထည်ဖော်စတင်ဖွဲ့စည်းကတည်းကပင် ပါဝင်ခဲ့ပါတယ်။ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဖြစ်စဉ်ကာလအတွင်း ရုရှားနိုင်ငံကို ပညာတော်သင်စေလွှတ်ဖို့ ကြိုးပမ်းလုပ်ဆောင်ခဲ့ပါတယ်။ လက်ရှိအချိန်ထိ ဆက်လက်လုပ်ဆောင်နေဆဲလည်း ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၀ လောက် မြန်မာနိုင်ငံအနေနဲ့ နည်းပညာကို ကျွမ်းကျင်တဲ့မျိုးဆက်ကို မွေးထုတ်ခဲ့ပြီးဖြစ်ပါတယ်။

ဥပမာအနေနဲ့ စိန့်ပီတာစဘတ် ရေကြောင်းနည်းပညာတက္ကသိုလ်က သင်္ဘောတည်ဆောက်ရေး အင်ဂျင်နီယာဘွဲ့ရရှိသူတွေက မြန်မာ့တပ်မတော်(ရေ)အတွက် အဆင့်မြင့် ဖရီးဂိတ်တိုက်ခိုက်ရေးသင်္ဘောများကို တည်ဆောက်နိုင်ပြီဖြစ်ပါတယ်။ အခုလိုမျိုး ကျွမ်းကျင်သူတွေကို မြန်မာနိုင်ငံအတွက် မွေးထုတ်ပေးနိုင်တဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဂုဏ်ယူပါတယ်။ ဆက်လက်ပြီးတော့လည်း တတ်နိုင်သမျှ အစွမ်းကုန်ကူညီပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ရုရှားနိုင်ငံမှာ မြန်မာ့တပ်မတော်မှ သင်တန်းသားအများအပြား ပညာသင်ကြားနေတာရှိပါတယ်။ အဲ့လိုပဲ အရပ်ဘက်ကဏ္ဍတွေမှာ နောက်ထပ်လည်း မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ရုရှားနိုင်ငံအနေနဲ့ ဆက်လက်ကူညီဆောင်ရွက်ပေးသွားဖို့ အစီအစဉ်တွေရှိရင် သိလိုပါတယ်။**

**ဖြေ။** ကျွန်တော်တို့အနေနှင့် မြန်မာကျောင်းသားများကို မတူညီတဲ့ကျောင်းတွေနဲ့ မတူညီတဲ့ နည်းပညာတွေကို တတ်နိုင်သလောက် သင်ကြားပေးသွားမှာပါ။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ကူညီခြင်းဟာ အရေးကြီးဆုံးပါ။ ရုရှား–မြန်မာဆက်ဆံရေးမှာ ပညာရေးသည်လည်း အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်လေးတွေကိုလည်း ရုရှားမှာ ပညာလာသင်ပါ၊ ရုရှားမှာ ကောင်းမွန်တဲ့ ပညာရေးစနစ်နဲ့ ခေတ်မီတဲ့ သိပ္ပံပညာရပ်များကို သင်ယူနိုင်ပါတယ်လို့လည်း ပြောပေးစေချင်ပါတယ်၊ ဖိတ်လည်းဖိတ်ခေါ်ပါတယ်။

ရုရှားနိုင်ငံဟာ–မြန်မာနိုင်ငံအတွက် အမြဲတမ်းနွေးထွေးပြီး ယုံကြည်ရတဲ့ မိတ်ဆွေနိုင်ငံအဖြစ် အမြဲရှိနေမှာပါ။

**စာမျက်နှာ ၁၉ သို့** ❍

# ရွှေဥ သုတေသန

မောင်အောင်

"ဒီမှာ မောင်အောင်ရ။ ဟိုတစ်လောက ရေဒီယိုမှာ ကြားလိုက်တယ်။ ဝဥခြောက်ကို တရုတ်ကိုရောင်းတာ တယ်ပြီးဈေးရတယ်ဆိုပဲ။ အဲဒီတော့ ငါတို့လည်း ပိုက်ဆံရတယ်ဆိုတော့ စိတ်ဝင်စားတာပေါ့ကွာ။ ဝဥ ဆိုတာဘယ်လိုမျိုးလဲ။ ဒို့ ကန်စွန်းဥတို့၊ ပိန်းဥတို့လိုမျိုးလား"

အမေ့ရွာသို့ မရောက်သည်မှာကြာ၍ အလည်သွားဖြစ်သည်။ ကျွန်တော့်တစ်ဝမ်းကွဲ အစ်ကိုကြီးက အသက်ရှစ်ဆယ်ကျော်ပြီ။ သို့ပေမယ့် ရေဒီယိုနားထောင်သည်။ တီဗွီကြည့်သည်။ နိုင်ငံတော်ပြည်အရေးနှင့် စိုက်ပျိုးမွေးမြူရေးဝါသနာပါသည်။ တစ်သက်လုံးက တောင်သူလုပ်ခဲ့သူမို့ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အတော်လေး နှံ့စပ်သည်။ ကျွန်တော်ရွာရောက်တိုင်း အစ်ကိုနှင့်ဆွေးနွေးဖြစ်သည်။

"ဟုတ်တယ် အစ်ကိုရ။ ဝဥက ပိန်းဥလိုမျိုးပဲ။ ဒါပေမဲ့ အရွယ်အစား ပိုပြီးကြီးတယ်။ တချို့ကဆို ဆင်ခြေထောက်ဥလို့တောင် ခေါ်တယ်။ ဝဥမှာ အယဉ်နဲ့ အရိုင်းဆိုပြီး နှစ်မျိုးရှိတယ်။ ဝဥအရိုင်းကို ပါးပါးလှီး အခြောက်လုပ်ပြီး တရုတ်ပြည်တို့၊ ဂျပန်ပြည်တို့ကို ရောင်းလို့ရတယ်။ အယဉ်ကတော့ ချက်စား၊ ပြုတ်စားလို့ရတာပေါ့။"

"အေး တယ်ဟုတ်ပါလား။ နိုင်ငံခြားရောင်းစားတော့ ဘယ်ဈေးရသလဲ"

"ဝဥ အစိုကတော့ တစ်ပိဿာကို ငွေကျပ် ၅၀၀ ကနေ ၂၀၀၀ လောက်အထိ ဈေးရတယ်။ ဝဥခြောက်ကတော့ တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ကနေ ၁၅၀၀၀ လောက်အထိ ဈေးရတယ်။"

ဈေးရတယ်ဆို၍ ကျွန်တော့်အစ်ကို စိတ်ဝင်စားသည်။

"နေပါဦး အဲဒီလောက် ဈေးရအောင် မင်းဝဥက ဘာကောင်းလို့လဲ"၊ "ဘာတွေများ ထူးခြားလို့လဲ"။

အစ်ကိုက ဘယ်ကိစ္စမျိုးမဆို အကျိုးနှင့်အကြောင်း ဆင်ခြင်တတ်သည်။ သို့ဖြစ်၍ ဈေးကောင်းသည်ဆိုလျှင် ဘာကြောင့် ဈေးကောင်းသည်ကို သူသိချင်သည်။

"ဘာကြောင့် ဈေးကောင်းလဲဆိုတော့ ဝဥက လူတွေမှာ အဝလွန်စေတဲ့ ကိုလက်စထရောလို့ခေါ်တဲ့ အဆီဓာတ်ကို လျှော့ချပေးတယ်၊ သွေးပေါင်ချိန်ကို ထိန်းညှိပေးတယ်၊ အစာချေမှုကို ကောင်းစေတယ်၊ ဝမ်းသက်စေတယ်၊ အဆီကျစေတယ်၊ ဆီးချိုရောဂါကို ထိန်းညှိပေးတယ်၊ အသားအရေကို ကောင်းမွန်စေတယ်၊ ထိခိုက်ဒဏ်ရာရရင် အကျက်မြန်စေတယ်၊ ကိုယ်ခံအား ကောင်းစေတယ်။ ဒါကြောင့် နောက်ပိုင်းထုတ်တဲ့ စားသောက်ကုန်တွေမှာ ဝဥနဲ့ထည့်ပြီးထုတ်တာ။"

"မင်းဟာက ဟုတ်ရော ဟုတ်ရဲ့လား။ မင်းက အရေးထဲ ငါ့ကို ဝဥဝယ်မယ့်သူထင်လို့ လာပြီး ညွှန်းနေတာလား။ ဒို့မြန်မာဆေးကျမ်းတွေမှာရော ဝဥနဲ့ပတ်သက်ပြီး ညွှန်ထားတာရှိသလား။"

ကျွန်တော့်အစ်ကိုကြီးက အဲသည်လို စပ်စုသူဖြစ်သည်။ တော်ရုံလူသူနဲ့ စကားပြော၍မဖြစ်။

"အော် အစ်ကိုကြီးကလည်း အစ်ကိုကြီးက ဝဥဝယ်မည့်သူ မဟုတ်သလို ကျွန်တော်ကလည်း ရောင်းမယ့်သူမှ မဟုတ်ဘဲ။ အခုက ကျွန်တော်သိသလောက် ပြောပြတာ။ ကျွန်တော်တို့ အရှင်နာဂသိန်ရဲ့ အခြေပြုဆေးအဘိဓာန်မှာကတော့ "ဝဥ(အယဉ်)သည် ခြောက်ထပ်စေ၏၊ ထက်မြက်၏၊ အယားပျောက်စေ၏၊ မြိန်စေ၏၊ ဆာလောင်မွတ်သိပ်စေ၏၊ သလိပ်ကိုပယ်တတ်၏၊ မြင်းသရိုက်၊ အဖျဉ်း၊ ဂူလုံး၊ ပြွေလန်ချောင်းပူ၊ အော့အန်၊ ဝမ်းဗိုက်နာ၊ သွေးရောဂါနှင့် ဆင်ခြေထောက်ရောဂါများကို ပျောက်ကင်းစေ၏၊ ဝဥ(အရိုင်း)

> **လက်ရှိ ချင်းပြည်နယ် ၁၃ မြို့မှာ ဝဥစိုက်ရေိယာ ၁၆၉၂၁ ဧက စိုက်ပြီး စုစုပေါင်း ၁၈၂၉၁၄၄၆ ပိဿာထွက်တယ်။ ပျမ်းမျှအထွက်နှုန်း ၁၇၃၇ ဒသမ ၄၀ ပိဿာထွက်တဲ့အတွက် တစ်ပိဿာ ငွေကျပ် ၁၀၀၀ ဈေးနဲ့တွက်ရင် ၁၇ သိန်းခုနစ်သောင်းကနေ တစ်ပိဿာ ငွေကျပ် ၂၀၀၀ ဈေးနဲ့ တွက်ရင် ၃၅ သိန်းလောက်ရမှာ။ ဒါတောင် ပျမ်းမျှအထွက်နှုန်းနဲ့တွက်တာ။ ဝဥအထွက်အများဆုံး မတူပီတို့၊ ဆမီးတို့၊ ပလက်ဝတို့မှာဆိုရင် တစ်ဧက ပိဿာချိန် ၃၀၀၀ ကျော် ထွက်တဲ့အတွက် ဝဥစိုက်တဲ့တောင်သူဟာ တစ်ဧကကို သိန်း ၃၀ ကနေ သိန်း ၆၀ အထိ ရနိုင်။**




ကတော့ အားအလွန်တိုးစေ၏၊ ကာမကို အားပေး၏၊ ဝဖြိုးစေ၏"လို့ ဆိုထားတယ်။ အဲ.. ယောအတွင်းဝန်မင်း ဦးဖိုးလှိုင်ရဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာတော့ ဝဥကို တိုက်ရိုက်တော့ ရေးမထားဘူး။ မျောက်ဥကိုတော့ မျောက်ဥ ဟူသမျှသည် ဆိမ့်၏၊ အေး၏၊ ကြေခဲ၏၊ လေချုပ်၏၊ ကျင်ကြီး ကျင်ငယ်တို့ကို နိုင်စေတတ်၏၊ အဆီမရှိ၊ အား၊ သုက်တို့ကို ပွားစေတတ်၏၊ ရတ္တပိတ်နာကို နိုင်၏၊ လေသလိပ်တို့ကို ပျက်စေတတ်၏၊ စဉ်းငယ်ဝမ်းမီးကို တောက်စေတတ်၏လို့ ရေးထားတယ်။"

"အဲ ပိန်းဥနဲ့ပတ်သက်ပြီးလည်း ပိန်းဥသည် ကြေခဲ၏၊ ဆိမ့်၏၊ စပ်၏၊ ဝမ်းကိုရှင်စေတတ်၏၊ ကျိချွဲ၏၊ ဖျား၍ ကိုယ်ရောင်သော အာမဝါတနာကို ဖြစ်စေတတ်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ပိန်းမဟော်ရာဥသည် ဆိမ့်၏၊ ကြေ၏၊ စပ်၏၊ အေး၏၊ ကိုယ်ရောင်နာကို နိုင်၏လို့ ရေးထားတယ်။ အဲ ဝက်မြေဥနဲ့ ပတ်သက်ပြီး"........

"ရပါပြီ တော်ပါတော့ကွာ။ မင်းကျက်လာတဲ့စာတွေ ငါ့ကိုလာပြီး ရွတ်ပြမနေနဲ့တော့။ မင်းပြောတဲ့ ဝဥက ကိုးဆယ့်ခြောက်ပါးနိုင်တယ် ပြောရင်ရပါပြီ။ အဲဒီဝဥက ဒို့နိုင်ငံမှာ ဘယ်မှာစိုက်ပျိုးလို့ အဖြစ်ဆုံးလဲ"

ကျွန်တော့် အစ်ကိုကြီးအကြောင်းကို ကျွန်တော်သိနေသည်။ ကျွန်တော် မသိဘူးထင်လျှင် ခရေစေ့တွင်းကျ မေးတတ်သည်။ ကျွန်တော်ဖြေတာတွေ မှန်လျှင်တော့ စကားပြောင်းတတ်သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ချင်းပြည်နယ်တွေမှာ အဓိက စိုက်ပျိုးပါတယ်။ တခြားနေရာတွေမှာလည်း ရေ မြေ ရာသီဥတု ကိုက်ညီလျှင် စိုက်လို့ရပါတယ်။ အဓိက စီးပွားဖြစ်စိုက်တာတော့ ချင်းပြည်နယ်မှာပါ။"

"အဲဒါဆိုရင် ဝဥက ဘယ်လိုမြေမျိုးမှာ စိုက်လို့အဖြစ်ဆုံးလဲ။ ဘယ်လိုရာသီဥတုကို အကြိုက်ဆုံးလဲ"

"ပုံမှန်ကတော့ သစ်ရိပ်၊ ဝါးရိပ်ရှိပြီး အစိုဓာတ်ကောင်းတဲ့မြေ၊ သစ်တောမြေပွတွေမှာ စိုက်စရာတောင်မလိုဘဲ သဘာဝအလျောက် ပေါက်တတ်ပါတယ်။ မြေဆွေးဓာတ် များများပါဝင်ပြီး အစိုဓာတ်ထိန်းအားကောင်းတဲ့ နုန်းမြေမှာလည်း ဖြစ်ထွန်းပါတယ်။ အပင်ကတော့ ဘယ်အပင်မဆို ရေဝပ်တဲ့နေရာ ရေစီးရေလာမကောင်းတဲ့ နေရာတွေမှာ မဖြစ်ထွန်းပါဘူး။ မိုးများပြီး မိုးကြာကြာရွာတဲ့ ရာသီဥတုမျိုးကို ကြိုက်ပါတယ်။ ပျမ်းမျှအပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်ကနေ ၃၅ ဒီဂရီစင်တီဂရိတ်အကြား ပူနွေးစွတ်စိုတဲ့ရာသီဥတုကို ကြိုက်နှစ်သက်ပါတယ်။ အေးမြတဲ့ တောင်ပေါ်ဒေသတွေမှာလည်း ပေါက်ရောက်ပါတယ်။ အပင်ကြီးထွားချိန်မှာ ပူနွေးစွတ်စိုတဲ့ ရာသီဥတုဖြစ်ပြီး ဥကြီးထွားချိန်မှာတော့ ခြောက်သွေ့အေးမြတဲ့ ရာသီဥတုဖြစ်ရင် အကောင်းဆုံးပါ။"

"မင်းဝဥကလည်း ရာသီဥတု တယ်ပြီးချေးများပါလား။ သူ့အကြိုက်လိုက်ပြီး မိုးရွာပေး၊ အေးပေးရမလိုဖြစ်နေပြီ။"

အစ်ကိုကြီးက ဝဥကို အပြစ်တင်နေသည်။

"အဲဒီလိုလည်း မဟုတ်ပါဘူး အစ်ကိုကြီးရ။ ကျွန်တော်တို့ နိုင်ငံမှာ နွေ၊ မိုး၊ ဆောင်းဆိုပြီး ရာသီဥတု သုံးမျိုးရှိတယ်လေ။ အဲဒီတော့ မိုးဦးကျမှာစပြီး စိုက်မယ်၊ မေလလယ်၊ မေလကုန်မှာ စိုက်မယ်၊ မိုးရွာအားကောင်းတဲ့အချိန်မှာ အပင်ဖြစ်မယ်၊ ဆောင်းတွင်းမှာ ဥဖြစ်မယ်။ အဲဒီတော့ ကွက်တိပဲလေ။"

"အေး ဟုတ်ပါပြီ။ စိုက်တော့ရော ဘယ်လိုစိုက်မလဲ။ မျိုးက ဘယ်ကရမလဲ"

"မျိုးကတော့ ဝဥကို ပြန်ပြီး စိတ်ပြီး စိုက်လို့ရပါတယ်။ ပြီးတော့ သူ့အရွက်က သီးတဲ့ ရွက်သီးကိုလည်း စိုက်လို့ရတယ်။ အဲဒီဝဥပင်က ပန်းပွင့်ပြီး ပန်းခိုင်မျိုးစေ့ကလည်း စိုက်လို့ရတယ်။ သိပ္ပံနည်းကျ အပင်တစ်သျှူးမျိုးပွားနည်းနဲ့လည်း စိုက်လို့ရတယ်။ သဘာဝနည်းနဲ့ကတော့ ဝဥတူးချိန်မှာ ကျန်ခဲ့တဲ့ဝဥအစအနနဲ့ အမြစ်အကြွင်းအကျန်တွေက ပေါက်တာရှိသလို ရွက်သီးတွေ ကြွေကျတာ၊ ဝဥပန်းခိုင်က ကြွေကျတာတွေကနေ ပေါက်တာလည်းရှိတယ်။ အဲဒါကြောင့် တစ်ခါ ဝဥစိုက်ပြီးတဲ့နေရာမှာတော့ ဝဥကဆက်ပြီး ပေါက်တာများပါတယ်။ မျိုးပြတ်သွားတယ်မရှိပါဘူး။"

"အေးဟုတ်ပြီ။ မင်း ဝဥစိုက်ရင် ဘယ်လိုစိုက်ရင် အကောင်းဆုံးလဲ။"

ကျွန်တော့်အစ်ကိုကြီး ဝဥစိုက်ပျိုးရေး စိတ်ပါလာပုံရပါသည်။

"စိုက်တာတော့ သိပ်ပြီးမဆန်းပါဘူး။ ကျန်တဲ့အပင်တွေ စိုက်သလိုပါပဲ။ ပထမဆုံး ဝဥစိုက်မည့်မြေမှာ ချုံပင်၊ သစ်ပင်၊ ပေါင်းမြက်တွေကို ရှင်းမယ်။ ပြီးတော့ သစ်ရွက်ဆွေးမြေဩဇာတို့၊ နွားချေးတို့၊ ဘိုကာရှီတို့ထည့်မယ်။ တကယ်လို့ အထွက်ကောင်းချင်တယ်၊ အလွယ်တကူရမယ်ဆိုရင်လည်း နိုင်ထရိုဂျင်၊ ဖော့စဖရပ်နဲ့ ပိုတက်စီယမ် ဓာတ်မြေဩဇာ ဆတူထည့်မယ်။ ပြီးတော့ ထယ်တစ်စပ်၊ ထွန်နှစ်စပ်ထိုးမယ်။ ပြီးမှ ခြောက်လက်မပတ်လည်၊ ခြောက်လက်မ အနက်ကျင်းလေးတွေ တူးမယ်။ အတန်းလိုက်စိုက်မှာဖြစ်တဲ့အတွက် အဲဒီကျင်းလေးတွေတူးတဲ့အခါ တစ်ပင်နဲ့တစ်ပင် နှစ်ပေခြားနဲ့ တစ်တန်းနဲ့တစ်တန်း လေးပေခြား တူးရမယ်။ ပြီးတော့ ဝဥမျိုးရဲ့အပေါ်မှာ အပေါ်ယံ မြေ(၂-၃)လက်မလောက်ဖုံးပြီး စိုက်ရုံပါပဲ။ မေလလယ်လောက် မိုးဦးကျချိန်မှာ စစိုက်ပြီး စက်တင်ဘာလကုန်လောက်မှာ အရွက်အသီးတွေ ကြွေကျတတ်ပါတယ်။ အဲဒီအရွက်အသီးကို မကြွေမီခူးပြီး မျိုးအနေနဲ့စုဆောင်းရပါတယ်။ အရွက်အသီး တစ်ပိဿာကို ပျမ်းမျှအလုံးရေ ၇၀၀ လောက် ရှိပါတယ်။ အဲဒါကို နေလှန်းပြီး သိမ်းထားရင် နောက်နှစ် ပြန်ပြီးစိုက်လို့ရပါတယ်။ ဝဥပင်ကတော့ တစ်လခွဲလောက်ကြာတဲ့အခါမှာ အညွန့်တွေထွက်လာပြီး အပင်ပိုင်းကြီးထွားလာပါတယ်။ အမြစ်တွေ ပေါ်လာတဲ့အခါ ပင်ခြေမှာ ပေါင်းသင်မြေဆွပြီး ပေါင်လုံးပေးရပါတယ်။ ပင်ခြေမှာ ရေမဝပ်ဖို့ ဂရုစိုက်ရပါမယ်။"

"ဝဥပင်မှာ ပိုးမွှားကျရောက်မှုနည်းပါတယ်။ တစ်ခါတလေတော့ ရွက်စားပိုးကျရောက်တတ်ပါတယ်။ ဝဥစိုက်ပြီးအပင်ဖြစ်ချိန်မှာ ဝဥပင်စည်မှာ ထိခိုက်ဒဏ်ရာရပြီး ပုပ်တတ်၊ ရိတတ်ပါတယ်။ အဲဒီလိုဖြစ်ရင် ပုပ်တဲ့နေရာ၊ ရိတဲ့နေရာကို ဓွန်းနဲ့ခြစ်ထုတ်ပြီး မြေကြီးဒါမှမဟုတ် ပြာလိမ်းလိုက်ရင် ရပါတယ်။ ဒီလိုမလုပ်ရင် ထိခိုက်ဒဏ်ရာရတဲ့နေရာကနေ အစေးတွေထွက်ပြီး အပင်နာနိုင်ပါတယ်။ အဲဒါကြောင့် ဒဏ်ရာမရဖို့ ဂရုစိုက်ဖို့လိုပါတယ်။ မိုးကုန်ပြီး ဆောင်းရာသီ နိုဝင်ဘာ၊ ဒီဇင်ဘာလလောက်မှာ မြေပေါ်ပင်ပိုင်း ညှိုးခြောက်သွားချိန်မှာ ဝဥတူးဖော်လို့ရပါပြီ။ တူးတဲ့အခါမှာလည်း ဝဥကို ဒဏ်ရာမရအောင် တူးဖို့လိုအပ်ပါတယ်။"

စာမျက်နှာ ၁၉ သို့

❍ စာမျက်နှာ ၁၇ မှ

**မေး။** ရုရှားနိုင်ငံဟာ နည်းပညာမြင့်မားတဲ့ ကမ္ဘာ့ထိပ်သီးနိုင်ငံတစ်ခုဖြစ်သလို နိုင်ငံတကာဆက်ဆံရေးမှာလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သည့် လုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေတဲ့ နိုင်ငံကြီးတစ်ခုဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး အတွေ့အကြုံ၊ အခက်အခဲများနဲ့ ဆောင်ရွက်ပေးခဲ့ရတဲ့ ရည်ရွယ်ချက်များကို သိရှိလိုပါတယ်။

**ဖြေ။** အခက်အခဲကတော့ကြုံတွေ့ရပါတယ်။ အဓိကတော့ အနောက်နိုင်ငံများအနေဖြင့် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံများကို တစ်ပြေးညီဆက်ဆံပြီး မိတ်ဖက်နိုင်ငံများအဖြစ် တန်းတူရည်တူ ကြိုးပမ်းလုပ်ဆောင်ဖို့ စိတ်မဝင်စားခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာ မျှတသောဆက်ဆံရေးကို အဓိကအလေးထားပါတယ်။ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာရင်လည်း ချက်ချင်းဖြေရှင်းနိုင်အောင် ကြိုးစားတယ်။ ဒါကြောင့် မြန်မာနိုင်ငံက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျွန်တော်တို့ လက်ခံတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်လာမယ်လို့ ယုံကြည်တယ်။ ဒါမှ စစ်မှန်သော ဒီမိုကရေစီကိုရရှိပြီးနောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ အရှေ့တောင်အာရှမှာ အာရှကျားအဖြစ် ပြန်လည်ရပ်တည်လာမယ်လို့လည်း ကျွန်တော်အကြွင်းမဲ့ ယုံကြည်ပါတယ်။

မြန်မာလူမျိုးများဟာ အလုပ်ကိုကြိုးစားလုပ်ကိုင်သောလူမျိုး ဖြစ်ပါတယ်။ အားလုံးပဲငြိမ်းချမ်းပျော်ရွှင်ကြပါစေလို့ နှုတ်ခွန်းဆက်လိုက်ပါတယ်။ **မြဝတီ**

အဂတိ ပယ်ခွာ
ပြည်သာယာ

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၆-၂၀၂၁ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၀၊ ကော်လံ ၁ ပါ "အခွန်ကြေညာလွှာ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာများ" ဖော်ပြချက်တွင် အမှတ်စဉ် (၁) (ခ)၊ **အခြေပစ္စည်းမှ မြတ်စွန်းငွေကြေညာလွှာ နောက်ဆုံးတင်သွင်းရမည့်နေ့မှာ ရောင်းချ/လဲလှယ်/လွှဲပြောင်း သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း**ဟု ပြင်ဆင်ဖတ်ရှုပါရန် ဖော်ပြအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# လူငယ်နှင့် လူ့ဘောင်ဖွံ့ဖြိုးတိုးတက်ရေး

**ဇော်ဝင်း (မော်ကွန်းထိန်း)**
**တောင်ငူတက္ကသိုလ်**

လူသည် ဘဝရပ်တည်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစဉ်တစိုက် ဆောင်ရွက်နေကြရာ မိမိတို့ဘဝ မိမိတို့လူ့ဘောင်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေမည့် လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုးတို့ရှိဖို့ လိုအပ်ပေသည်။

ထိုလူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုးအစစ်အမှန်ရရှိစေရန်အတွက် လူ့ကျင့်ဝတ်တွင် အခြေခံဖြစ်သော ငါးပါးသီလ (ဆောက်တည်အပ်သောတရားငါးပါး)ကို မြဲမြံစွာ လိုက်နာကျင့်သုံးသင့်ပါသည်။

### အစဉ်သတိချပ်

ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ပြင်းပြင်းနှင့် အမျိုးမျိုးတိုးတက်ပြောင်းလဲလျက်ရှိလေရာ နည်းပညာခေတ်နှင့် လျော်ညီစွာ ရင်ပေါင်တန်းနိုင်ဖို့ အစဉ်သတိချပ် ကြိုးပမ်းနိုင်ဖို့ လိုပေသည်။ ယင်းသို့ ကြိုးပမ်းအားထုတ်ရာဝယ် လူကြီးများထက် အနာဂတ်ကို ဦးဆောင်မည့် လူငယ်၊ လူရွယ်များအနေဖြင့် ခေတ်၏ တောင်းဆိုချက်ဖြစ်သော နည်းပညာအား လေ့လာဆည်းပူးဆောင်ရွက်နေသည့်နည်းတူ လူတွင် ရှိအပ်သော စောင့်ထိန်းရမည့်သီလကိုလည်းကောင်း၊ လိုက်နာရမည့် နီတိကျမ်းများကိုလည်းကောင်း လိုက်နာသတိထားသင့်ပေသည်။

သမိုင်းကို ဖန်တီးထုဆစ်သူများသည် လူသားများဖြစ်ရာ ထိုလူသားများထဲမှ လူငယ်လူရွယ်များနှင့် ကျောင်းသားကျောင်းသူများသည် တစ်နေ့ မိသားစုတာဝန်၊ ဆွေမျိုးတာဝန်၊ တိုင်းပြည်တာဝန်တို့ကိုလည်း ကျရာအခန်းကဏ္ဍမှ ထမ်းဆောင်ကြရပေမည် ဖြစ်ပေသည်။ တိုင်းပြည်အနာဂတ်သည် လူငယ် လူရွယ်များလက်ထဲတွင် ရှိပေရာ လူငယ် လူရွယ်များကောင်းပါမှ တိုင်းပြည်အနာဂတ်ကောင်းမည်။ လူကောင်းမှ လူတော်သို့ဖြစ်အောင်ကြိုးပမ်းနေချိန်တွင် လိုက်နာရမည့် နီတိကျမ်းများကို မမေ့မလျော့သင့်ပေ။ နီတိကျမ်းများစွာရှိသည့်အနက် အထင်ရှားဆုံးကျမ်းဖြစ်သော ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီး ရေးသားသည့် "လောကနီတိကျမ်း"သည် လူ့အဖွဲ့အစည်းနှင့် လောကကြီးအား သာယာလှပစေရန် လမ်းညွှန်ပေးသောကျမ်းဟုဆိုကမှားမည် မထင်ပါ။

### လိုက်နာကျင့်သုံး

လူငယ်များအနေဖြင့် ဆွေမျိုးအသိုင်းအဝိုင်းကို ဦးဆောင်ရာ၌ဖြစ်စေ၊ နိုင်ငံကို ဦးဆောင်ရာ၌ဖြစ်စေ၊ ရပ်ရွာအကျိုးကို ဦးဆောင်ရာ၌ဖြစ်စေ နာယကဂုဏ်(၆)ပါးကို လက်ကိုင်ထား ကျင့်သုံးရပေမည်။ **"ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု"** ဤခြောက်ခုကား ကြီးသူကျင့်ရာတရားတည်း ဟုဆိုသည့်အတိုင်း လိုက်နာကျင့်သုံးသင့်ပေသည်။

ယနေ့လူငယ်များသည် အနာဂတ်၏ သားကောင်းရတနာများ ဖြစ်သည့်အတွက် အနာဂတ်၏ အကောင်းအဆိုးသည် လူငယ်များ၏စွမ်းဆောင်ချက်များအပေါ်တွင် မူတည်နေပေသည်။ ထို့ကြောင့် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများ၊ ရုပ်ပိုင်းဆိုင်ရာများ မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်လူရွယ်များ ကိုယ်တိုင်သော်လည်းကောင်း၊ လူကြီးများက ပြုပြင်ဖန်တီးပေးခြင်းသည် လည်းကောင်း လိုအပ်လှပေသည်။

### ရှေ့နောက်မှန်ကန်ညီညွတ်မှသာ

လူငယ်လူရွယ်များသည် အကျင့်စာရိတ္တ၊ အရည်အသွေး၊ ဉာဏ်ပညာ အရည်အသွေး(quality)ကို ကြည့်၍ ၎င်းတို့၏မိသားစုဘဝနှင့် နိုင်ငံ၏ အနာဂတ်ကို အကဲဖြတ် assessment လုပ်နိုင်ပေမည်။

လူငယ်တို့၏ ကာယအလုပ်ဖြစ်စေ၊ ဉာဏအလုပ်ဖြစ်စေ ရှေ့နောက် မှန်ကန်ညီညွတ်မှသာ အနာဂတ်လောက လှပပြည့်စုံပေမည်ဖြစ်ပေသည်။ သို့ဖြစ်၍ လူ့ဘောင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူကောင်း၊ လူတော်များ ဖြစ်ပေါ်လာစေရေးတို့အတွက် ဤစာစုကို ရေးသားတင်ပြလိုက်ရပါပေသည်။

❍ စာမျက်နှာ ၁၈ မှ

"မင်း ဝဥကလည်း တယ်ပြီး အယုအယကြိုက်သကိုးကွ။ ဒါနဲ့ မင်းတို့ စိုက်ပျိုးရေးဌာနက ဝဥနဲ့ ပတ်သက်ပြီး သုတေသနလုပ်တာတွေရော ရှိသလား။ ဘာတွေလုပ်ထားသလဲ။"

ဝဥ မျိုးအကြောင်း၊ စိုက်ပျိုးနည်းအကြောင်းတွေ မေးပြီးတော့ ကျွန်တော့်အစ်ကိုကြီးက သုတေသနဘက် လှည့်လာခြင်းဖြစ်သည်။

"လုပ်တာပေါ့အစ်ကိုရ။ ကျွန်တော်တို့ စိုက်ပျိုးရေးသုတေသန အပင်ဇီဝနည်းပညာဗဟိုဌာနက ပြီးခဲ့တဲ့နှစ်ကစပြီး မြန်မာပြည်အတွင်း ဒေသအလျောက်ပေါက်ရောက်နေတဲ့ ဝဥမျိုးတွေကို စုဆောင်းပြီး မျိုးဗီဇအခြေခံတွေကို မော်လီကျူလာမတ်ကာတွေ အသုံးပြုပြီး မျိုးသစ်တွေထွက်ပေါ်လာဖို့နဲ့၊ မျိုးသုဉ်းပျောက်ကွယ်မသွားဖို့ လုပ်နေပါတယ်။ ဒ့ါအပြင် အပင်တစ်သျှူးနည်းပညာနဲ့ အရည်အသွေးကောင်းတဲ့ မျိုးသစ်တွေ ရောဂါပိုးမွှားတွေဒဏ်ခံနိုင်ပြီး ရောဂါပိုးမွှားကင်းစင်တဲ့ အပင်တွေ အချိန်တိုအတွင်း အမြောက်အမြားထုတ်လုပ်ပေးနေပါတယ်။ ဒ့ါအပြင် ဝဥအပင်ရဲ့ အစိတ်အပိုင်းအမျိုးမျိုးကို အာဟာရပြင် Media အမျိုးမျိုးမှာ ဟိုမုန်းဆေးအမျိုးမျိုးထည့်ပြီး စမ်းသပ်ခြင်းဖြင့် အကောင်းဆုံးမျိုးရရှိရေးကို ရန်ကုန်အပင်ဇီဝနည်းပညာဗဟိုမှာ လုပ်နေတာပါ။"

"မွန်ပြည်နယ် အပင်ဇီဝနည်းပညာဌာနမှာတော့ ဝဥမျိုးတွေကို ဘယ်လိုသိုလှောင်ထားရင် အကောင်းဆုံးဖြစ်မလဲဆိုတာကို သိရှိအောင် သိုလှောင်သိမ်းဆည်းနည်းအမျိုးမျိုးကို သုတေသနပြုလေ့လာနေပြီး ကရင်ပြည်နယ် ကော့ကရိတ်မှာတော့ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ လိုက်လျောညီထွေမယ့် ရော်ဘာပင်ကြား၊ ဝဥကို ဘိလပ်မြေအိတ်ခွံမှာမြေဆွေးထည့်စိုက်ပျိုးခြင်း စမ်းသပ်သုတေသန လုပ်နေပါတယ်။ ဝဥမျိုးတွေကို သိုလှောင်ထိန်းသိမ်းတာနဲ့ ပတ်သက်ပြီး ဘာကြောင့်သုတေသနလုပ်ရသလဲဆိုရင် ဝဥမျိုးဥဈေးက တစ်ပိဿာ ငွေကျပ် ၃၅၀၀ ရှိပြီး မျိုးရွက်သီးက တစ်ပိဿာ ငွေကျပ် ၁၅၀၀၀ ဈေးရှိပါတယ်။ ဒါကြောင့် သိုလှောင်ထိန်းသိမ်းတာ အထူးအရေးကြီးပါတယ်။ ဝဥကို မြေပေါ်မှာ ဖြန့်ထားမယ်၊ မြေမြှုပ်ပြီးသိမ်းမယ်၊ သဲဖုံးပြီးသိမ်းမယ်၊ မြေနဲ့ထရိုင်ကိုဒါးမားရောပြီးဖုံးမယ်၊ တစ်လုံးချင်းစီမြှုပ်မယ်၊ ကျင်းတူးပြီးမြှုပ်မယ်၊ စင်ပေါ်မှာသိမ်းမယ်၊ သမံတလင်းပေါ်မှာသိမ်းမယ်၊ ရော်ဘာစိုက်ခင်းအောက်မှာ သိမ်းမယ် စတဲ့သိမ်းမယ့်ပုံစံ ၁၀ မျိုးနဲ့ စမ်းသပ်ထားပါတယ်။ ငါးလကြာစမ်းသပ်ပြီး အဖြေဖော်ထုတ်တာ လောလောဆယ်အတိအကျတော့ မသိရသေးပါဘူး။"




"အဲဒီလိုပဲ ကရင်ပြည်နယ် ကော့ကရိတ် အပင်ဇီဝ သုတေသနမှာလုပ်တဲ့ ရော်ဘာပင်ကြား ဘိလပ်မြေအိတ်ခွံမှာ မြေဆွေးထည့်ပြီး စိုက်တဲ့ သုတေသနလုပ်ငန်းကလည်း ကော့ကရိတ်မြို့နယ် မြောက်ကြားအင်းကျေးရွာအုပ်စု လှိုင်ကွယ်ကျေးရွာ ရော်ဘာစိုက်ခင်းမှာ ထုတ်လုပ်နေတာပါ။ ဒီသုတေသနလုပ်ငန်းကို ၂၀၁၈ ခုနှစ်ကစပြီး လုပ်တာကြောင့် သုံးနှစ်ရှိသွားပါပြီ။ မကြာခင်အဖြေကို သိရှိရပြီး ရော်ဘာစိုက်တောင်သူနဲ့ ဝဥစိုက်တောင်သူတွေကို မကြာမီ ရလဒ်ကို ပြောနိုင်တော့မှာပါ။"

ကျွန်တော်က ဝဥသုတေသနနှင့်ပတ်သက်ပြီး အရှည်ကြီးရှင်းပြလိုက်ရ၍ အေးနေသော ရေနွေးကြမ်းခွက်ကိုယူ၍ တစ်ကျိုက်တည်း မော့ချလိုက်သည်။

"အင်း မင်းဝဥကလည်း တယ်ပြီးလုပ်ရပါလား။ ကဲ ထားပါတော့ ဝဥစိုက်ရင် တစ်ဧက ဘယ်လောက်ထွက်ပြီး ဝင်ငွေဘယ်လောက်ရမှာမို့ မင်းတို့သုတေသနတွေဘာတွေ လုပ်နေရတာလဲ။"

အစ်ကို၏ မေးခွန်းက တကယ့် အဓိကအချက် ဖြစ်နေသည်။

"ကျွန်တော်တို့ လက်ရှိ ချင်းပြည်နယ် မြို့၁၃ မြို့မှာ ဝဥစိုက်ဧရိယာ ၁၆၉၂ ဧက စိုက်ပြီး စုစုပေါင်း ၁၈၂၉၁၄၄၆ ပိဿာထွက်တယ်။ ပျမ်းမျှအထွက်နှုန်း ၁၇၃၇ ဒသမ ၄၀ ပိဿာထွက်တဲ့အတွက် တစ်ပိဿာကိုငွေကျပ်၁၀၀၀ ဈေးနဲ့တွက်ရင် ၁၇ သိန်း ခုနစ်သောင်းကနေ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ ဈေးနဲ့ တွက်ရင် ၃၅ သိန်းလောက်ရမှာ။ ဒါတောင် ပျမ်းမျှအထွက်နှုန်းနဲ့တွက်တာ။ ဝဥအထွက်အများဆုံး မတူပီတို့၊ ဆမီးတို့၊ ပလက်ဝတို့မှာဆိုရင် တစ်ဧက ပိဿာချိန် ၃၀၀၀ ကျော် ထွက်တဲ့အတွက် ဝဥစိုက်တဲ့တောင်သူဟာ တစ်ဧကကို သိန်း ၃၀ ကနေ သိန်း ၆၀ အထိ ရနိုင်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသနေပြည်သူတွေ ဝင်ငွေတိုးတက်ရရှိအောင် ဝဥကို တိုးချဲ့စိုက်ကြဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးက တိုက်တွန်းနေတာပါ။"

"အေးပေါ့ကွာ စိုက်ရမှာပေါ့။ မင်းတို့ဝဥက ရွှေဥပဲ။ မင်းတို့ စိုက်ပျိုးရေးဌာနက လုပ်နေတာ ရွှေဥသုတေသနပဲလေကွာ"

အသက်(၈၀)ကျော် ကျွန်တော့်အစ်ကိုကြီး အားရဝမ်းသာ သူ့ပေါင်ကိုပုတ်၍ ပြောလာခြင်းဖြစ်ပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှု

> **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်။**

တို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❖ဂျာမနီအသင်းမှ**

သွင်းဂိုးတွေကို ပွဲကစားချိန် ၇၅ မိနစ်မှာ စတာလင်နဲ့ ပွဲကစားချိန် ၈၆ မိနစ်မှာ ဟယ်ရီကိန်းတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲမှာ ဂျာမနီအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း ဂျာမနီအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ ၁၉၇၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှာ သုံးဂိုး-နှစ်ဂိုး၊ ၁၉၉၀ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်မှာ လေးဂိုး-သုံးဂိုး၊ ၁၉၉၆ ခုနှစ် ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်မှာ ခြောက်ဂိုး-ငါးဂိုး၊ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်မှာ လေးဂိုး-တစ်ဂိုးနဲ့ အသီးသီးရှုံးနိမ့်ခဲ့တာဖြစ်ပြီး ယခု ယူရို ၂၀၂၀ ပြိုင်ပွဲ ၁၆ သင်းအဆင့်ရောက်မှသာ ဂျာမနီအသင်းကို ပထမဆုံးအကြိမ် ပြန်လည်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အင်္ဂလန်အသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တောင်ပံကစားသမား စတာလင်ဟာ ယူရို ၂၀၂၀ ပြိုင်ပွဲ သွင်းဂိုးသုံးဂိုးရှိသွားပြီဖြစ်ပြီး အင်္ဂလန်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၂၀ မှာ သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ ယူရို ၂၀၂၀ ပြိုင်ပွဲအုပ်စုအဆင့်မှာ ဂိုးပေါက်ပျောက်ခဲ့ပြီး ၁၆ သင်းအဆင့်မှာ ဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ နည်းပြဆောက်ဂိတ်လက်ထက် အင်္ဂလန်အသင်းအတွက် သွင်းဂိုး ၃၀ ပြည့်မြောက်ခဲ့ပြီလည်းဖြစ်ပါတယ်။

ဂျာမနီအသင်းကို အနိုင်ရရှိခဲ့တဲ့ အင်္ဂလန်အသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ ယူကရိန်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ယူကရိန်းအသင်းဟာ ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်မှာ ဆွီဒင်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ယူကရိန်းအသင်းနဲ့ ဆွီဒင်အသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပိုကစားခဲ့ရာမှာ ယူကရိန်းအသင်းက အချိန်ပိုရဲ့ နောက်ဆုံးမိနစ်ဖြစ်တဲ့ ပွဲကစားချိန် မိနစ် ၁၂၀ မှာ ဒေါ့ဗ်ဘစ်ရဲ့သွင်းဂိုးရရှိခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်းမှာ ဆွီဒင်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၄၃ မိနစ်မှာ ဖောစဘတ်ကသွင်းယူပေးခဲ့ပြီး ယူကရိန်းအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၂၇ မိနစ်မှ ဇင်ချန်ကိုကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

## နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆူပူဆန္ဒပြမှုဖြစ်စဉ်များနှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ခုခုကြောင့် အမှုဖွင့်အရေးယူထားသူများအနက်မှ (ပထမဦးစားပေးအဖြစ်) ၂၂၉၆ ဦးတို့၏အမှုများကို ရုပ်သိမ်းပြီး ပြန်လည်စေလွှတ်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် ဆူပူဆန္ဒပြမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က အပါအဝင် အခြားသောဥပဒေပုဒ်မတစ်ခုခုဖြင့် အမှုဖွင့်အရေးယူထားသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုရုပ်သိမ်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတို့မှ ရဲစစ်ဆေးဆဲအမှု အမျိုးသား အမျိုးသမီး ၈၆ ဦး၊ တရားရုံး စစ်ဆေးဆဲအမှု အမျိုးသား အမျိုးသမီး ၂၂၁၀ စုစုပေါင်း ၂၂၉၆ ဦးတို့၏အမှုများကို သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုပြန်လည်ရုပ်သိမ်းပေးခဲ့ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စေလွှတ်ပေးခဲ့သည်။

**လာရောက်ကြိုဆို**

ထိုသို့စေလွှတ်ပေးမှုအပေါ် တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်စေလွှတ်ပေးခဲ့သူများ၏ သက်ဆိုင်ရာဆွေမျိုး၊ မိဘများက လာရောက်ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပုသိမ်ကြီးမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်အတွင်း လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရောဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ထိပ်ဆုံးမှာ တွေ့ကြမယ်

# ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးရှိခြင်း၏ပြယုဂ်များ

ခင်မောင်ညို (ဘောဂဗေဒ)

(၂၄-၆-၂၀၁၂ ရက်နေ့မှ အဆက်)

အကြံဉာဏ်များကို မည်သူ့ထံမှမဆို ရယူနိုင်သည်။ လုပ်ဖော်ကိုင်ဖက်များ၊ လက်အောက်ငယ်သားများကပေးသည့် အကြံဉာဏ်များကိုလည်း အသိအမှတ်ပြုကာ ချီးကျူးတတ်သည်။ မိတ်ဆွေဖြစ်ခြင်းနှင့် ရောရောနှောနှောနေခြင်းတို့ကိုလည်း ခွဲခြားတတ်သည်။ ဆုံးဖြတ်ချက်မှားတစ်ခု ချမှတ်မိသည့်အခါ တုန်လှုပ်သွားခြင်းမရှိ။ အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် ကိစ္စရပ်အတော်များများ၌ ဆုံးဖြတ်ချက်မပေးနိုင်ခြင်းသည်သာလျှင် အညံ့ဆုံး ဆုံးဖြတ်ချက်ဖြစ်ကြောင်းကို သိရှိသည်။ ထို့ကြောင့်မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဆုံးဖြတ်ချက်များကို ချမှတ်သည်။ ထိုသို့ ဆုံးဖြတ်ချက်များ ချမှတ်လိုက်ခြင်းအားဖြင့် ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်မည်။ မှားသွား၍သော်လည်းကောင်း၊ စိန်ခေါ်ခံရ၍သော်လည်းကောင်း အချို့ကိစ္စရပ်များအတွက် ပြင်ပအကူအညီတောင်းခံရလျှင် လည်းကောင်း ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်မနေပေ။

**အထင်အမြင်ကောင်း -ပိုကောင်းသည့်မိဘ၊ ပိုရိုးသားသည့်ပုဂ္ဂိုလ်**

စီးပွားရေးလောက၌ ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးရှိခြင်းသည် လတ်တလောပေးလေ့ရှိသော မဖြစ်နိုင်သည့် ကတိစကားများကြောင့်လည်း ဖြစ်တတ်သည်။ လူအများစု ချက်ချင်းသဘောကျလာရန်အတွက် နည်းပြဆရာ အသစ်တစ်ယောက်က မျှော်လင့်နိုင်သည်ထက် သူလုပ်ပေးနိုင်သည်ထက်ပို၍ ကတိပေးတတ်ကြသည်။ ကုန်ချောထုတ်လုပ်သူ သို့မဟုတ် အရောင်းကိုယ်စားလှယ်များကလည်း ယာယီမျှ ငြင်းပယ်ခံရသည်မျိုးကိုပင် လက်မခံနိုင်သဖြင့် ဖောက်သည်များ ကျေနပ်ရန် ကြိုးစားတတ်ကြသည်။ အမှန်တရားကို လက်လွှတ်ပြီး မဖြစ်နိုင်သည့် တာဝန်များကို ယူတတ်ကြသည်။

အရောင်းလောက၌ ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးဖြစ်တတ်ပြီး စိတ်မချမလုံမခြုံဖြစ်နေသည့် အရောင်းသမားများသည် ပိုပိုသာသာ ထိုးရောင်းတတ်ခြင်း၊ မတန်တဆကတိတွေ ပေးတတ်ခြင်း၊ တကယ့်တကယ် တာဝန်ယူထားသည့်အတိုင်း မဆောင်ရွက်နိုင်ခြင်းများကို တွေ့ရသည်။ သူတို့အနေဖြင့် ငြင်းပယ်မခံချင်။ ရောင်းရလျှင် ပြီးရောဆိုပြီး လုပ်တတ်ကြသည်။ ရောင်းပြီးသည်နှင့် တစ်ပြိုင်နက် သူ့ကိုယ်သူ အပြစ်ရှိသယောင်ခံစားရပြီး ဖောက်သည်များကို ရှောင်နေသည်။ ထိုအခါ ဖောက်သည်များက ပစ္စည်းနှင့်ပတ်သက်၍ လည်းကောင်း၊ အရောင်းသမားများနှင့်ပတ်သက်၍ လည်းကောင်း မကျေနပ်မှုများ တိုးပွားလာကြသည်။ ဖောက်သည်များက မကျေနပ်ကြောင်းပြောသည့်အခါ အရောင်းသမားများ၏ ကိုယ့်ကိုယ်ကိုယ် ထင်မြင်ပုံက ပိုဆိုးလာသည်။ ထို့အတူပင် ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးရှိတတ်သည့် ရုံးဝန်ထမ်းတစ်ယောက်သည် သူ၏ လုပ်သက်အရ လခပိုရသင့်ကြောင်း၊ ရာထူးတိုးပေးသင့်ကြောင်း သိလျက်နှင့်ပင် ရထိုက်သည်၊ တိုးထိုက်သည်ဟု ခိုင်ခိုင်မာမာ မယုံကြည်ပေ။ သို့သော် ထိုက်တန်သည့် အသိအမှတ်ပြုမှုများ၊ လစာတိုးမှုများ၊ ရာထူးတိုးမှုများကို မရရှိခဲ့လျှင် မကျေမနပ် ခါးခါးသီးသီးဖြစ်ပြီး သူလုပ်သမျှကို မည်သူကမျှ နားမလည်ကြောင်း၊ တန်ဖိုးမထားကြောင်း ပြောပြတတ်သည်။ ဤနည်းအားဖြင့် သူ၏ စွမ်းဆောင်ရည်များသာ ကျဆင်းပြီး အနာဂတ်ကာလတွင် လခတိုးစရာ၊ ရာထူးတိုးစရာ အခြေအနေများ ပျောက်ဆုံးလျော့ပါးသွားစေနိုင်သည်။

မိသားစုထဲ၌ မိမိကလေးကို စည်းကမ်းမထားချင်သော မိဘများသည် ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးဖြစ်ခြင်းကို ဖော်ပြနေသည်။ စည်းကမ်းထိန်းသည့်ကိုပင် "ငါကသူတို့ကို သိပ်ချစ်တာဆိုတော့ သူတို့မှာ ထိခိုက်တာထက် ငါ့ကိုပိုပြီး ထိခိုက်စေတယ်" ဟု ဖုံးကွယ်တတ်ကြသည်။ ကလေးက သူတို့ကို ဆန့်ကျင်မှာကြောက်သည်။ သို့သော် ဤအခြေအနေကြောင့် မိဘနှင့်ကလေးများအကြားရှိ ပြဿနာကို ပိုဆိုးစေနိုင်သည်။ မိဘများက ကလေးများကို ထိန်းလည်း မထိန်းချုပ်နိုင်။ လေးစားလည်း မခံရ။ ကလေး၏မေတ္တာကိုလည်းမရဘဲ ဖြစ်သွားတတ်ကြသည်။ ကလေးကလည်း မိဘများအပေါ် ယုံကြည်မှုမရှိ။ မိဘများ၏ ယုံကြည်မှုမှတစ်ဆင့် ရမည့်လုံခြုံစိတ်ချမှုကိုလည်း မရဘဲ ရှိနေသည်။ ဤနည်းအားဖြင့် သြဇာအာဏာရှိသူများအား မလေးစားခြင်း၊ တန်ပြန်ပုန်ကန်ခြင်းများကို ဖြစ်ပေါ်စေတတ်သည်။

ဤသို့ တန်ပြန်ပုန်ကန်ခြင်းများသည် ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးဖြစ်မှု၏ အခြားသရုပ်သဏ္ဌာန်တစ်ခုဖြစ်ပြီး အသက် ၁၈ နှစ်အောက်လူငယ်များ၌ ထင်ထင်ရှားရှား တွေ့ရသည်။ အမေရိကန်နိုင်ငံတွင် ၁၉၇၄ ခုနှစ်က လူငယ်များ ကျူးလွန်ခဲ့သောပြစ်မှုများ၏ ၄၅ ရာခိုင်နှုန်းမှာ ကိုယ့်ကိုယ်ကိုယ် အထင်သေးအမြင်သေးဖြစ်မှုကြောင့် ဖြစ်သည်။ အကယ်၍သာ မိဘများ၊ ဆရာများက ထိုသရုပ်သကန်များကို ကောင်းကောင်းနားလည်သဘောပေါက်ပြီး သူတို့ကို သတိထားချစ်ခင်ဂရုစိုက်မိကြလျှင် ထိုပြဿနာများကို ရှောင်ရှားနိုင်မည်။ ကျောင်းကို အချိန်နောက်ကျမှ တက်သူများ၊ ဟန်ကြီးပန်ကြီးလုပ်သူများ၊ စာအုပ်မေ့ကျန်တတ်သူများ၊ အခြားသူများအား ကျယ်ကျယ်လောင်လောင် စကားပြောဆိုတတ်သူများ၊ မဆီမဆိုင်သည့် မေးခွန်းထုတ်တတ်သူများသည် သူတို့ကို ဂရုစိုက်မိလာအောင် လုပ်နေခြင်းဖြစ်ကြောင်းကို သတိထားသင့်သည်။ သူလိုချင်သည့်အရာနှင့် လိုအပ်သည့် ဂရုစိုက်မှုများကို ရရှိလာခဲ့လျှင် ထောင်ထဲရောက်သွားနိုင်သည့် အပြုအမူများအား မလုပ်မိစေရန်အတွက် တားဆီးနိုင်မည် ဖြစ်ပေသည်။

**သူရဲဘောကြောင်သူများ၊ သီလမရှိသူများ သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးရှိသူများ**

ယခုအခါ ထိုသရုပ်သကန်တို့ကို အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းနယ်ပယ်များသို့ ဖြန့်ကြက်ကြည့်ကြပါစို့။ ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးရှိသည့် ကျောင်းသားတစ်ယောက်သည် သူ့အနေဖြင့် အမှတ်များများရသင့်သည်ကို သိပါလျက်နှင့် အမှတ်နည်းနည်းသာပေးသည့်အတွက် ဆရာ့ကို ဘာမျှပြန်ပြောရဲမည် မဟုတ်ပေ။

> **ကိုယ့်ကိုယ်ကိုယ် အထင်သေးအမြင်သေးရှိသည့် လူငယ်တစ်ယောက်အနေဖြင့် မိမိတွင် အဖော်တစ်ယောက်မျှပင် မှန်မှန်တွဲစရာမရှိဘဲ သူများတွေမှာ တစ်ယောက်စီ တစ်ယောက်စီ ရှိနေကြောင်းကို တွေ့မြင်ရသည့်အခါ တစ်စုံတစ်ယောက်၏ အာရုံစိုက်မှုကိုရအောင် သိသိသာသာ လုပ်ဆောင်ပြတတ်ကြတော့သည်။ ဤနည်းဖြင့် ဒယ်ဥ့်တိုက်ဆွဲသည့်အတွက် ရရှိလာသည့်အထဲက ကိုယ်မလိုချင်သည့် အရာများကို ဖမ်းဖို့လည်းခက်၊ ပစ်ဖို့လည်းခက်ပြီး ကိုယ့်ထက်သာသည့် ငါးမျှားချိတ်နောက်သို့လည်း ကိုယ်ဖမ်းမိသမျှတွေ ပါသွားနိုင်။**

ရေရှည် အကျိုးသက်ရောက်မှုဖြစ်ပွားစေတတ်သည့် သရုပ်သကန်များသည် အထူးသဖြင့် ဆယ်ကျော်သက်အရွယ်မရောက်သေးမီသော်လည်းကောင်း၊ ဆယ်ကျော်သက်အရွယ်၏ စောစောပိုင်းနှစ်များ၌သော်လည်းကောင်း တွေ့ရတတ်သည်။ သူတို့ကိုယ်သူတို့ လက်မခံနိုင်သေးမီ ယောက်ျားလေးနှင့် မိန်းကလေးမတူညီကြောင်း ပထမဦးဆုံး ရှာဖွေတွေ့ရှိသည့်အချိန်တွင် စတင်သည်။ ဆန့်ကျင်ဘက် လိင်တစ်ယောက်နှင့် ဆက်ဆံမိရာမှ ပြဿနာဖြစ်ပြီး တစ်ဖက်မှမိသားစု၏ ငြင်းပယ်ခြင်းကို ခံရသည့်အခါ ပြဿနာပိုဆိုးသွားတတ်သည်။ လူငယ်နှစ်ဦးစလုံးက သော်လည်းကောင်း၊ တစ်ယောက်ယောက်ကသော်လည်းကောင်း ရုပ်ရည်ဆွဲဆောင်မှုမရှိလျှင်၊ ဉာဏ်ပညာနိမ့်ကျနေလျှင် ပို၍ ဆိုးရွားနိုင်သည်။ အများအားဖြင့် လူ့အဖွဲ့အစည်းက အလှအပနှင့် ဦးနှောက်တို့ကို အလွန်တန်ဖိုးထားတတ်ကြသည်။

ဆန့်ကျင်ဘက် လိင်တစ်ဦးတစ်ယောက်၏ဆွဲဆောင်မှုကြောင့် စိတ်အပြောင်းအလဲဖြစ်ကာ အခြေအနေအမျိုးမျိုးကို ပေါ်ပေါက်လာစေသည်။ သူ့အား လက်ခံမည့်သူတစ်ယောက်ကို အဆုံးရှုံးမခံနိုင်သည့်အတွက် ဖြစ်နိုင်သည့်နည်းလမ်းအားလုံးကို အသုံးပြုမည်ဖြစ်သည်။ အဓိပ္ပာယ်ရှိ၍ ရိုးသားသည်ဟုယူဆသော ဆက်ဆံရေးမျိုးကို ခွင့်ပြုသည့် လူ့အဖွဲ့အစည်းနှင့် ပေါင်းစပ်မိသောအခါ အသက်ငယ်ငယ်ရွယ်ရွယ်တွင် အခြေအနေအမျိုးမျိုးကို ရောက်ရှိသွားတတ်သည်။ ရုပ်မြင်သံကြား အစီအစဉ်များ၊ ရုပ်ရှင်ဇာတ်လမ်းများ၌ ပါဝင်သည့် ကိုယ်ကျင့်သီလလျော့ပါးမှု အခန်းများကြောင့် အိမ်ထောင်မပြုဘဲ ဆက်ဆံပေါင်းသင်းခြင်း၊ ကာလသားရောဂါများ ရရှိခြင်း၊ ဖခင်မပေါ်ဘဲ ကလေးမွေးဖွားခြင်းများ ဖြစ်တတ်သည်။ အိမ်ထောင်ဖက် နှစ်ယောက်ကြားတွင် မည်သည့်တူညီမှုမျှမရှိဘဲနှင့် ဇီဝဗေဒပိုင်းဆိုင်ရာ တိုက်တွန်းမှုကြောင့် စောစောစီးစီး လက်ထပ်ရသည့်အဖြစ်မျိုးကို ရောက်သွားတတ်သည်။

ကိုယ့်ကိုယ်ကိုယ် အထင်သေးအမြင်သေးရှိသည့် လူငယ်တစ်ယောက်အနေဖြင့် မိမိတွင် အဖော်တစ်ယောက်မျှပင် မှန်မှန်တွဲစရာမရှိဘဲ သူများတွေမှာ တစ်ယောက်စီ တစ်ယောက်စီ ရှိနေကြောင်းကို တွေ့မြင်ရသည့်အခါ တစ်စုံတစ်ယောက်၏ အာရုံစိုက်မှုကို ရအောင် သိသိသာသာ လုပ်ဆောင်ပြတတ်ကြတော့သည်။ ဤနည်းဖြင့် ဒယ်ဥ့်တိုက်ဆွဲသည့်အတွက် ရရှိလာသည့်အထဲက ကိုယ်မလိုချင်သည့် အရာများကို ဖမ်းဖို့လည်းခက်၊ ပစ်ဖို့လည်းခက်ပြီး ကိုယ့်ထက်သာသည့် ငါးမျှားချိတ်နောက်သို့လည်း ကိုယ်ဖမ်းမိသမျှတွေ ပါသွားနိုင်သည်။ ကိုယ်ကာယ အလှအပအပေါ်မူတည်၍ တည်ဆောက်ထားသည့် ဆက်ဆံရေးများသည် သက်တမ်းတိုတတ်ကြသည်။

ကိုယ့်ကိုယ်ကိုယ် အထင်အမြင်သေးမှုမရှိသည့် လူငယ်များသည် ဆန့်ကျင်ဘက်လိင်များနှင့် စောစောစီးစီး အိမ်ထောင်ကျခြင်း၊ ကြံ့ခိုင်သည့် ဆက်ဆံရေးမျိုးမရှိခြင်းဟူသော အမှားများမဖြစ်ကြပေ။ သူတို့ကိုယ်သူတို့ တော်မှန်းသိပြီး လေးစားမှုလည်း ရှိသည်။ လူတကာလုပ်နေသည့်နောက်သို့ လိုက်စရာ မလို။ သူ့ကို ချစ်ကြောင်းသက်သေပြနေစရာမလို။ အပျော်အပါးနှင့် စစ်မှန်သည့် ပျော်ရွှင်မှုတို့၏ ခြားနားချက်ကို သိသည်။ ဘဝတစ်သက်တာ ပျော်ရွှင်မှု၏ အကျိုးကျေးဇူးများကို ခဏတာအပျော်အပါးနှင့် ကိုယ်ကျင့်သီလမဲ့မှုများဖြင့် မလဲနိုင်ကြပေ။

လူကြီးလူကောင်းဆန်ဆန် ဆောင်ရွက်သူများနှင့် သူတို့၏ အပေါင်းအသင်းများသည် အသက်၊ လိင်၊ ပညာ၊ အရွယ်အစား၊ အသားအရောင်နှင့် မသက်ဆိုင်သည့် အလားတူပြဿနာများကို ကြုံတွေ့တတ်ကြသည်။ "ငါဟာ လူကောင်းတစ်ယောက်ဖြစ်တယ်။ ဘယ်သူ့မှ မစော်ကားဘူး"ဟု ကိုယ့်ကိုယ်ကိုယ် ထင်တတ်ကြသည်။ လူငယ်တစ်ယောက်အနေဖြင့် သူမကြိုက်သည့် ဆေးလိပ်များ၊ အရက်များသောက်သည်။ သူ့ကို ထိပါးစော်ကားသည့် ညစ်ညမ်းသော ပြက်လုံးများကို ရေးသည်။ သူမကြိုက်သည့် အပေါင်းအသင်းများကို ပေါင်းသည်။ သူ မနှစ်သက်သည့် အဝတ်အစားများကို ဝတ်ဆင်၍ မကြိုက်သည့်အပြုအမူများကို ပြုမူသည်။ ဤသို့ပြုမူခြင်းအားလုံးသည် သူ့ကိုယ်သူ လက်မခံနိုင်၍ဖြစ်ပြီး အကယ်၍ သူ့ကိုယ်သူ ခိုင်ခိုင်မာမာ၊ ပြတ်ပြတ်သားသား ရပ်တည်လိုက်လျှင် အခြားသူများနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး သူ့မှာ မိတ်ဆွေများ မရှိနိုင်တော့ဟု ထင်ကာလုပ်နေခြင်း ဖြစ်သည်။

စာမျက်နှာ ၂၃ သို့❖

# ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော်   ဇွန်   ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုကဏ္ဍအောက်ရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ Covid-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

**ပြောကြား**

အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းကြောင့် မြန်မာနိုင်ငံ သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အရာထမ်း/အမှုထမ်းများအနေဖြင့် တွေ့ကြုံရသည့် အခက်အခဲ၊ ပြဿနာများကို ဖော်ထုတ်၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို တွေးခေါ်ကြံဆ စနစ်တကျဖြေရှင်းဆောင်ရွက်နိုင်မည့် အရည်အသွေးရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတ္တုကဏ္ဍအနေဖြင့် သတ္တုတွင်းလုပ်ငန်းများ ပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာများ၊ နိုင်ငံတကာ စံသတ်မှတ်ချက်နှင့် နမူနာကောင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ရှေ့အလားအလာများကိုလည်းကောင်း၊ ကျောက်မျက်ကဏ္ဍအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာ အချောထည်ကဏ္ဍ၊ မြန်မာ့ကျောက်မျက်ရတနာအရိုင်းနှင့် အချောထည်များကို ပြည်တွင်း၌ ရောင်းချမှုနှင့် ပြည်ပတင်ပို့ရောင်းချမှု၊ ပြည်တွင်းအချောထည် ထုတ်လုပ်သူများအတွက် ကျောက်မျက်ရတနာအရိုင်းရရှိနိုင်မှု၊ နည်းပညာနှင့် မတည်ရင်းနှီးငွေများ ရရှိနိုင်မှု၊ အချောထည်ထုတ်လုပ်ရန် ပြည်ပမှ ရင်းနှီးမြှုပ်နှံနိုင်မှု၊ နိုင်ငံတကာအဆင့်မီ ကျောက်မျက်သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်မှု၊ ကျောက်မျက်အချောထည်အတွက် သတ်မှတ်ကောက်ခံသင့်သော အခွန်အခများနှင့် ပတ်သက်သည့် အခြေအနေများကိုလည်းကောင်း၊ ပုလဲကဏ္ဍနှင့်ပတ်သက်၍ "မြန်မာ့ပုလဲ အရောင်မမှိန်စေဖို့ ဂေဟစနစ်ကို ထိန်းသိမ်းစို့" ခေါင်းစဉ်ဖြင့် ရေ၊ မြေ၊ လေ သဘာဝသန့်ရှင်းစင်ကြယ်ဖို့ အစဉ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မုတ်ကောင်သဘာဝ ဖွံ့ဖြိုးတိုးတက်စေရန် ဂေဟစနစ်အား ထိန်းသိမ်းနိုင်ရေး၊ ကျွမ်းကျင်သော လူသားအရင်းအမြစ်များ တိုးတက်စေရေး ဆောင်ရွက်နိုင်ရေးကို စားပွဲဝိုင်းဆွေးနွေးပွဲများဖြင့် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရရှိလာသည့် အချက်အလက်များကို အုပ်စုအလိုက် အပြန်အလှန် ဆွေးနွေးဖလှယ်ကြပြီး ဆွေးနွေးပွဲရလဒ်များနှင့် အနှစ်ချုပ်များကို သက်ဆိုင်ရာဦးစီးဌာန/လုပ်ငန်းများမှ ဌာနအကြီးအကဲများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**❒ အင်းစိန်ဗဟိုအကျဉ်းထောင်မှ**

ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အကျဉ်းဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးဝင်းတင့်နှင့် အတွင်းရေးမှူး ဦးစိုးစိုးဇော်တို့က လွတ်မြောက်သည့် အချုပ်သား အချုပ်သူများအား ဆုံးမသြဝါဒစကားပြောကြားခဲ့ပြီး လွတ်မြောက်သူများအား တစ်ဦးချင်း နှုတ်ဆက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ လွတ်မြောက်သည့် အချုပ်သား အချုပ်သူများကို သက်ဆိုင်ရာမြို့နယ်အလိုက် YBS ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့သည်။

ယနေ့ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၀၅-က ဖြင့် ချုပ်နှောင်ထားရှိသော အချုပ်သား အချုပ်သူများအနက် အချုပ်သား ၅၉၀၊ အချုပ်သူ ၁၃၁ ဦး စုစုပေါင်း ၇၂၁ ဦးတို့ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇွန် ၃၀**

လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော်   ဇွန်   ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

---

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

နေပြည်တော်

---

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၃)ရက် (စနေနေ့)




International Co-operative Alliance

**" Rebuild  Better  Together "**

"လူမှုစီးပွားပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့"

---

❖ စာမျက်နှာ ၂၂ မှ

အရွယ်ရောက်သူ လူကြီးတစ်ယောက်အနေဖြင့်ဆိုလျှင် သူတို့ကြားချင်သည့်အရာများကိုသာ ပြောတတ်၊ လုပ်တတ်ကြသည်။ အကျက်လွန်နေသည့် သားငါးများကို မီးဖိုချောင်ထဲသို့ ပြန်ပေးလိမ့်မည်မဟုတ်။ ဆရာဝန်တစ်ယောက်က ကိုယ့်အလှည့် ကျပါလျက်နှင့် ကိုယ့်ကိုမကြည့်ဘဲ အခြားလူနာများကို ကြည့်နေ၍ အချိန်တွေကြာသွားလျှင်လည်း စောင့်နေမည်။ ဆံပင်ညှပ်ဆိုင်မှာလည်း သူ့နေရာကို လိုချင်လာသူအား ပေးမည်။ မိမိကားရပ်မည့်နေရာတွင် သူများတွေကားဝင်ရပ်သည်ကိုလည်း ခံမည်။ တန်းစီနေသည့်ကြားထဲတွင် ကိုယ့်ရှေ့က ဇွတ်တိုးဝင်လာလျှင်လည်းသည်းခံမည်။ အထက်လူကြီးနှင့်လည်း အငြင်းမသန်။ ကိုယ်လုပ်ထားပြီးသားကို သူများက အမှတ်ဝင်ယူသွားလျှင်လည်း မကန့်ကွက်။

နားလည်မှု မလွဲပါနှင့်။ ခင်ဗျား၏ ကိုယ့်ကိုယ်ကိုယ်ထင်မြင်ပုံက တောင့်တင်းကြံ့ခိုင်၍ ခင်ဗျား လိုချင်သည့်အရာမှာလည်း ဤအရာသာဖြစ်သည်ဟုဆိုလျှင် အလွန်ကောင်းပါသည်။ ထိုဖြစ်ရပ်များသည် ခင်ဗျားဘဝအရေးနှင့်ပတ်သက်၍ အသေးအဖွဲဟု ယူဆလျှင် ခင်ဗျားကိုယ်ခင်ဗျား ရှုမြင်ပုံမှာ အလွန်ထူးခြားပါသည်။ သို့သော် လူအများလက်ခံအောင် ကြိုးစားနေ၍ အခြားအရာများ ရမည်မဟုတ်ပါ။ အကြောင်းမှာ ရှင်းပါသည်။ ခင်ဗျားသည် ခင်ဗျား၏ ဆန္ဒအစစ်အမှန်ကို ထုတ်ဖော်ပြသနေခြင်း မဟုတ်ပေ။ အတုအယောင်များကိုသာ ပြသနေခြင်းဖြစ်သည်။ အတုအယောင်များ ပါဝင်သော လူအတော်များများသည် အခြားသော အတုအယောင်များကို ကြိုက်နှစ်သက်ခြင်း မရှိကြပေ။

ထို့ကြောင့် ဘဝ၏ ဖြစ်ရပ်အားလုံးသည် ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေး ရှိမှုတို့ကြောင့် ထိခိုက်နစ်နာမှု ရှိလိမ့်မည်။ ထိုအထင်သေး အမြင်သေးရှိတတ်သည့် အုပ်စုထဲ၌ ခင်ဗျားဝင်ဆံ့သည်ဟုထင်လျှင် ရှေ့စာမျက်နှာများကို ဆက်ဖတ်ကာ စိတ်မတို၊ ဒေါသမထွက်ရန် ကြိုတင်အသိပေးလိုပါသည်။ နောက်စာမျက်နှာများ၌ ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေး ရှိမှုကိုပြင်မည်။ ကိုယ့်ကိုယ်ကိုယ်ကြည်ကြည်လင်လင်၊ ယုံယုံကြည်ကြည်မြင်လာစေရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ညွှန်ပြထားသည်။ ယခုအခါ ခင်ဗျားအနေဖြင့် အောင်မြင်မှုလှေကားကို စတင်တက်လှမ်းရန် အဆင်သင့်ဖြစ်နေပြီ။ ထိုလှေကား၏ အောက်ဆုံး၌ရှိသည့် အုပ်စုထဲက ထွက်လာနိုင်ခဲ့လျှင် ထိုလှေကားကို မြန်မြန်ဆန်ဆန်တက်ဖို့ လွယ်ကူကြောင်း သဘောပေါက်လာလိမ့်မည်။ ယခုအခါ ခင်ဗျားအနေဖြင့် လှေကားကို စတင်တက်လှမ်းနေပါပြီ။

[ခင်မောင်ညို (ဘောဂဗေဒ)၏ "ထိပ်ဆုံးမှာတွေ့ကြမယ်" စာအုပ်မှ "ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးရှိခြင်း၏ ပြယုဂ်များ" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း]

## အနုပညာ

# အနားယူနေစဉ် သီတင်းတစ်ပတ်အတွင်း တေးသီချင်း ၂၅ ပုဒ်ရေးသားခဲ့ကြောင်း အက်ဒ်ရှီရန်ဆို

ကျော်ကြားတဲ့ ဗြိတိန်တေးသံရှင်တစ်ဦးဖြစ်သူ အက်ဒ်ရှီရန်ဟာ တေးဂီတလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူထားကာ မိသားစုနဲ့အတူ အချိန်တွေ ကုန်ဆုံးနေတာ ဖြစ်ပါတယ်။ သမီးလေးနဲ့အတူ အချိန်ပေးနေထိုင်ရင်းက အက်ဒ်ရှီရန်ဟာ တေးသီချင်းတွေ ရေးသားခဲ့ရာမှာ သီတင်းပတ်တစ်ပတ်အတွင်း တေးသီချင်း ၂၅ ပုဒ်ရေးဖြစ်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ အက်ဒ်ရှီရန်နဲ့ ချယ်ရီဆီးဘွန်းတို့ဟာ သူတို့ရဲ့ ပထမဆုံး ရင်သွေးလေးဖြစ်တဲ့ လာရာကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း မွေးဖွားခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာ အက်ဒ်ရှီရန်ဟာ သမီးလေးအတွက် အချိန်ပေးကာ တေးဂီတလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူထားတာပါ။ ဒီလိုအချိန်အတွင်း အက်ဒ်ရှီရန်ဟာ တေးသီချင်းသစ်တွေ ဖန်တီးကာ တေးအယ်လ်ဘမ်နှစ်ခုအတွက် တေးသီချင်းရေးသားမှုတွေကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်တယ်လို့ ဆိုပါတယ်။

သူဟာ ကျော်ကြားတဲ့ တေးသံရှင်နဲ့ တေးရေးတစ်ဦးဖြစ်သူ အယ်လ်တန်ဂျွန်နဲ့တွဲဖက်ကာ တေးသီချင်းသစ်တွေ ရေးသားခဲ့ကြောင်းလည်း မီဒီယာတွေက ဖော်ပြခဲ့ပါတယ်။ မကြာသေးမီက အက်ဒ်ရှီရန်က သူ့ရဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် တေးသီချင်းတစ်ပုဒ်ရေးပေးခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။



# ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာမှာဖြစ်ကြောင်း ဆန်းရယ်ဂျင်အတည်ပြု

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆန်းရယ်ဂျင်ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားဖို့ရာ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီး လတ်တလောမှာ သူ့အနေနဲ့ အဆိုပါ ဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Crash Landing on You ဇာတ်လမ်းတွဲနဲ့ အောင်မြင်မှုတွေ ရရှိခဲ့တဲ့ ဆန်းရယ်ဂျင်ဟာ အဆိုပါ ဇာတ်လမ်းတွဲထုတ်လွှင့်အပြီး တစ်နှစ်ကျော်အကြာမှာ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ စီစဉ်ခဲ့တာ ဖြစ်ပါတယ်။ ဆန်းရယ်ဂျင်ရဲ့ ဇာတ်လမ်းတွဲသစ်ကတော့ Thirty Nine လို့ အမည်ပေးထားပြီး JTBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲဟာ အသက်လေးဆယ်ပြည့်တော့မယ့် သူငယ်ချင်းသုံးဦးကို အဓိကဇာတ်ကောင်အဖြစ် ဖန်တီးထားတာပါ။ အချစ်ဇာတ်လမ်းဆန်တဲ့ အဆိုပါ ဇာတ်လမ်းတွဲမှာ ဆန်းရယ်ဂျင်ဟာ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ချာမီဂျိုအဖြစ် ပါဝင်သွားမှာ ဖြစ်ပါတယ်။ အဆိုပါဇာတ်လမ်းတွဲမှာ ဆန်းရယ်ဂျင်နဲ့တွဲဖက်ကာ မင်းသမီး ဂျွန်မီဒို ပါဝင်သရုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

# တတိယမြောက်ရင်သွေးလေး မွေးဖွားခဲ့ပြီဖြစ်တဲ့ ဂဲလ်ဂက်ဒေ့ါ



အေးပြည့် - စုစည်းသည်

အမျိုးသမီး လူစွမ်းကောင်းတစ်ဦးဖြစ်တဲ့ Wonder Woman အဖြစ် ပင်တိုင်သရုပ်ဆောင်ခဲ့သူ မင်းသမီး ဂဲလ်ဂက်ဒေ့ါဟာ လတ်တလောမှာ တတိယမြောက် ရင်သွေးလေး မွေးဖွားခဲ့ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂဲလ်ဂက်ဒေ့ါနဲ့ ခင်ပွန်း ယာရွန်ဗာဆာနိုတို့ဟာ သမီးလေးနှစ်ဦး ရရှိခဲ့ပြီးဖြစ်ကာ လက်ရှိမှာ သမီးလေးတစ်ဦး ထပ်မံမွေးဖွားခဲ့တာ ဖြစ်ပါတယ်။ ဂဲလ်ဂက်ဒေ့ါက တတိယမြောက်သမီးလေး မွေးဖွားခဲ့ပြီဖြစ်ကြောင်းကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာလည်း ဖြစ်ပါတယ်။

ဂဲလ်ဂက်ဒေ့ါက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ မိသားစုငါးဦးစလုံး ပါဝင်ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့တာပါ။ အဆိုပါ ဓာတ်ပုံနဲ့အတူ တတိယမြောက် သမီးလေး မွေးဖွားခဲ့ပြီဖြစ်ကြောင်း၊ သမီးလေးကို ဒန်နီရယ်လာလို့ အမည်ပေးထားကြောင်းလည်း သူက ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

အသက် ၃၆ နှစ်အရွယ် ရှိပြီဖြစ်တဲ့ မင်းသမီးက သူနဲ့အတူ မိသားစုဝင်တွေဟာ ဒန်နီရယ်လာကို ကြိုဆိုခွင့်ရရှိခဲ့တဲ့အပေါ် စိတ်လှုပ်ရှားမိကြောင်း၊ မိသားစုဝင်တွေအားလုံး ပျော်ရွှင်နေကြောင်းနဲ့ ပရိသတ်တွေကိုလည်း ကျန်းမာရေးကောင်းမွန်စေကြောင်း ဆုတောင်းစကားကို အင်စတာဂရမ်ပေါ်မှာ ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

# မသန်စွမ်း အိုလံပစ်အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၃၀**

ဂျပန်နိုင်ငံ၌ ကျင်းပမည့် မသန်စွမ်း အိုလံပစ်အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အိုလံပစ်ပြိုင်ပွဲအပြီး ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရေကူးနှင့် ပြေးခုန်ပစ် အားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် မြန်မာအားကစားအဖွဲ့သည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအတွက်ပါ တစ်ပေါင်းတည်း ပြင်ဆင်နေခြင်း ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် နောက်ဆုံးကျင်းပသည့် ၂၀၁၆ ရီယို မသန်စွမ်းအိုလံပစ်ပြိုင်ပွဲတွင်လည်း ရေကူးနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အားကစားသမား ကျော်ကျော်ဝင်းနှင့် ရေကူးအားကစားသမား အောင်မြင့်မြတ်တို့ ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရယူနိုင်ခြင်း မရှိခဲ့ပေ။

၂၀၂၀ မသန်စွမ်းအိုလံပစ်ပြိုင်ပွဲကို ပုံမှန်အရ ပြီးခဲ့သည့်နှစ်က ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ယခုနှစ်သို့ ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

**ကိုညီလေး**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀ -၂၀၀၀-၂၂၆၀၀၀) ရာထူး (၇)နေရာအတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | ဒုတိယဦးစီးမှူး | ၇ နေရာ | ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ယဉ်ကျေးမှု တက္ကသိုလ်မှ ဒီပလိုမာရရှိထားသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၂၀-၇-၂၀၂၁ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် (အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်နှင့် အသက်

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

(င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(စ) အိမ်ထောင် ရှိ/မရှိ

(ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတွင် ကြေညာထားမည်ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များပြည့်စုံစွာ(ပူးတွဲ)ပါရှိရမည်-

(က) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)

(ခ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း (လွန်ခဲ့သောတစ်လအတွင်း)

(ဂ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်

(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း

(ဆ) စာမေးပွဲဝင်ကြေး ငွေကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း

(ဇ) ပတ်စ်ပို့ဓာတ်ပုံ (၃) ပုံ (လွန်ခဲ့သောခြောက်လခန့်) (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)

၅။ လစ်လပ်ရာထူးနေရာများအတွက် လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပါက မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၆။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် (MD-013545)သို့ ပေးသွင်းရမည်။

၇။ လျှောက်လွှာများကို (၂၀-၇-၂၀၂၁)ရက်ထိ ရုံးချိန်အတွင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ဤရုံးတွင် စာမေးပွဲလာရောက်ဖြေဆိုရမည် ဖြစ်ပါသည်။

၈။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားမပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်ရာ၌ ကပြခြင်း၊ သီဆိုခြင်းနှင့် တီးခတ်ခြင်းများကိုပါ လက်တွေ့စစ်ဆေးသွားမည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့် နေ့ရက်နှင့်နေရာကို ၂၆-၇-၂၀၂၁ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ ဦးစီးဌာန ကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၀။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၂)ခုကို ဖြေဆိုရမည်-


(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ

၁၁။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၃၁၆) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။


စာအုပ်စာပေ လူ့မိတ်ဆွေ

ပညာရွှေအိုး လူမခိုး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





[illegible]

## ဒေါ်မအေးနု(ခ)နုချေ (မောင်တော)

### အသက်(၇၇)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နေ (ဦးမဲအောင်–ဒေါ်မစောနု)တို့၏ သမီး၊ (ဦးမောင်စောမြ–ဒေါ်မစောရှိန်)တို့၏ သမီးချွေးမ၊ (ဦးဦးသာထွန်း)၊ (ဦးအောင်သာထွန်း–ဒေါ်ညွန့်စိန်လှ)၊ [ဒေါ်မကျော့နု(ခ)မကြီး]တို့၏ ညီမ၊ (ဦးဦးကျော်စိန်)၏ ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စံပါယ်လမ်း၊ အမှတ်(၁၂၈၈)၊ သုံးလွှာနေ ဦးမောင်သိန်းနု–ဒေါ်ခင်မေသန်းတို့၏အစ်မ၊ (ဦးမြသန်းမောင်)– ဒေါ်ဦးခင်ဝင်း၊ (ဦးကျော်သန်းဝင်း)–ဒေါ်ဌေး ဌေးဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၉–၆–၂၀၂၂ (အင်္ဂါနေ့) ညနေ ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၇–၂၀၂၂(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅–၇–၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ ရန်ကုန်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှမြင့်

### (ကိုဝင်း –ရေကျော်)

### လက်ထောက်ညွှန်ကြားရေးမှူး(သုတေသန)(ငြိမ်း)

### တိုင်းရင်းဆေးပညာဦးစီးဌာန

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင် (၁၂)၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄၂)နေ (ဦးစက်မောင်–ဒေါ်ရီ)တို့၏သား၊ (ဦးပန်းဦး–ဒေါ်ခင်မေဝင်း)တို့၏ သားသမက်၊ ဒေါ်သန္တာဦး(ခ)မအိဖြူ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုတ၏ ကျေးဇူးရှင်ဖခင်ကြီး ဦးလှမြင့်သည် ၂၉–၆–၂၀၂၂ (အင်္ဂါနေ့) ည ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၇–၂၀၂၂ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသာဇံမောင်(မြောက်ဦးမြို့)

### C.D.C 34691 (Bosun) (ငြိမ်း)

### အသက်(၆၆)နှစ်

(ဦးကျော်ထွန်းဇံ–ဒေါ်နုလှဖြူ)တို့၏ သား၊ ဦးထွန်းတင်–ဒေါ်ဦးခင်လှ၊ ဒေါ်အေးမြစိန်၊ (ဦးလှမောင်စိန်)–ဒေါ်စံနုဖြူတို့၏ ညီ/မောင်၊ ဒေါ်စိန်ယဉ်နု (အ.လ.က–၁၂၊ အင်းစိန်)၏ ခင်ပွန်း၊ (ဦးတင်အောင်ကျော်)–ဒေါ်ကေဇာနု၊ ဦးဇံရဲနောင်–ဒေါ်လှလှခိုင်တို့၏ မွေးသဖခင်၊ မင်းသတိုးအောင်၊ ခြူးခေတ်ဇံ၊ သုသဒ္ဒါဇံတို့၏ အဘိုးရှင်သည် ၃၀–၆–၂၀၂၂ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၇–၂၀၂၂ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးသန်းထွန်းအောင်(ငြိမ်း) (OTS–94)

### (လက်ထောက်ညွှန်ကြားရေးမှူး)

### ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊

### ပြည်တွင်းအခွန်များဦးစီးဌာန

### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေတဝန်လမ်း၊ အမှတ်(၄)၊ အခန်း(၄/ဘီ)နေ ဦးချစ်တင်–(ဒေါ်ကြည်သန်း)တို့၏ သား၊ မစန်းစန်းအေး၊ ဦးခင်မောင်ဝင်း–မတိုးတိုးကြည်၊ ဦးသက်နိုင်ထွန်း–မဝင်းဝင်းမော်တို့၏ မောင်၊ မနီလာထွေး၏ အစ်ကို၊ ဒေါ်နှင်းနှင်းညို၏ခင်ပွန်း ဗိုလ်ကြီးသန်းထွန်းအောင်(ငြိမ်း) (OTS–94) (လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန) သည် ၃၀–၆–၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၇–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆–ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၈၃၆)ဟုခေါ်တွင်သော မြေကွက်အမှတ် (၃၆/၈၃၆)၊ မြေအကျယ်ပေ (၆၀x၆၀)ရှိ ဒေါ်ခင်ဝင်းရီ အမည်ပေါက် မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကျွန်တော်၏ မိတ်ဆွေမှ ဦးကောင်းမင်းခန့် [၉/ဇယသ(နိုင်)၀၀၂၆၈၅]ကိုင်ဆောင်သူအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါခြံမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ကျော်ဝင်း (LL.B)**

**အထက်တန်းရှေ့နေ (စဉ်–၃၅၁၆၀)**

**ဖုန်း–၀၉–၄၃၁၁၈၁၂၀**

**အမှတ်(၅၇)၊ အောင်သစ္စာလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**

## ဒေါက်တာဇင်အောင်

### တွဲဖက်ပါမောက္ခ(ငြိမ်း)

### ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

### ညွှန်ကြားရေးမှူး(ငြိမ်း)

### တက္ကသိုလ်များသိပ္ပံသုတေသနဌာန

### URC (Universities'Research Centre)

### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးဖေသော်–ဒေါ်လှထယ်)တို့၏ သား၊ ဒေါ်ခင်ဝင်းကြည် @ Sheila Saing၏ ခင်ပွန်း၊ ဒေါက်တာခင်သန်းဝင်း–Liming Qiang။ ဦးသိန်းဇင်–Warawimon Pankarajang၊ ဦးအောင်ဇင်၊ ဦးစိုးဇင်တို့၏ ချစ်လှစွာသောဖခင်၊ Vincent Qiang၏ အဘိုးသည် ၂၃–၆–၂၀၂၂ရက် ည ၁၀:၃၅ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၂၂ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်ထူး

### ဦးစီးအရာရှိ(ငြိမ်း)၊ မီးသတ်ဦးစီးဌာန၊ ပြည်မြို့

### အသက် (၇၉)နှစ်

ပြည်မြို့နေ (ဦးဘခိုင်–ဒေါ်ဖွားရင်)တို့၏ သား၊ ဒေါ်ခင်ခင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်ဦး)၊ (ဦးသန်းတန်လေး)၊ (ဦးသန်းဟန်)၊ ဦးအောင်ကျော်မြတ်၊ ဦးမောင်အေး၊ ဦးလှသောင်း၊ ဒေါ်ဌေးဌေးတို့၏ ညီ/အစ်ကို၊ ဦးဝေလင်းစိုး–ဒေါ်မျိုးဝင်းသန်း၊ ဦးအောင်စည်ဟိန်း–ဒေါ်တင်နဒီလှိုင်၊ ဒေါ်အေးစန္ဒာခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄–၆–၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၂၂ (သောကြာနေ့) ညနေ ၃ နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစွန်တီ

### ပါမောက္ခ(ငြိမ်း)၊ သင်္ချာဌာန၊ မကွေးတက္ကသိုလ်

### ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

### ကျောင်းအုပ်ကြီး(ငြိမ်း) လုပ်သားများကောလိပ်

### အသက်(၇၉)နှစ်

(ဦးဟုတ်ဟင်း–ဒေါ်ရှုရန်)တို့၏သား၊ (ဦးချစ်ဖူး–ဒေါ်စိန်းကြည်)တို့၏ သားသမက်၊ ဒေါ်တင်တင် (ပါမောက္ခ–ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ Ralf Haeusler–ဒေါက်တာစန္ဒာတင်တင်၊ ဒေါက်တာလွှမ်းမိုးထက်–ဒေါက်တာဆုဝင်းမွန်၊ ဦးမျိုးမြင့်၊ ဒေါ်တင်ရတနာမိုးတို့၏ ချစ်လှစွာသောမွေးသဖခင် ဦးစွန်တီသည် ၂၈–၆–၂၀၂၂(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အကယ်ဒမီဆေးရုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်ကြည်

### အသက်(၆၆)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒေါ်သက်ဆုကြည် (ဦးစီးအရာရှိ)၏မိခင်ဖြစ်သူ ဒေါ်မြင့်ကြည် အသက်(၆၆)နှစ်သည် ၂၈–၆–၂၀၂၂ (တနင်္လာနေ့) ညနေ ၆:၁၅ နာရီတွင် အမှတ် (၁၉၈)၊ မန္တလေးရပ်ကွက်၊ ပျော်ဘွယ်မြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အောင် [၁၂/မဂဒ(နိုင်)၀၃၆၉၄၀]သည် ဒေါ်အုန်းသိန်း [၁၂/ဥကတ(နိုင်)၀၅၉၁၈၀]ထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၃၈၉/၂၀၀၈)အား (၂၀–၃–၂၀၀၈)ရက်စွဲပါဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအား အသုံးပြုရန်မလိုအပ်တော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမျိုးကျော်သူ**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၄၃)(၁၅–၆–၂၀၁၇)**

**၄၁/၉၄၃၊ သဇင်မြိုင်လမ်း၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၄၅၀၀၂၄၀၄၈၊ ၀၉–၇၈၀၉၉၁၇၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၆)၊ ပီမိုးနင်းလမ်း၊ မြေကွက်အမှတ်–၁၈၁၁ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–၃/၄/၁၈၁၁၊ အကျယ်(၄၀x၆၀)ပေရှိ ဦးတင်မြင့်အောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝင်းယုဆွေ [၁၂/ရကန(နိုင်)၀၀၂၃၅၃]က တရားဝင်လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးသင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၅၃)**

**အမှတ်–၂၈၊ ၅–လွှာ၊ ၃၇ လမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့။ဖုန်း– ၀၉–၄၃၁၁၄၄၇၃**

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

## ဦးကျော်ဌေး

### အသက်(၈၃)နှစ်

ပေါင်းတည်မြို့နေ အဘ(ဦးမောင်စံ)၊ အမိ(ဒေါ်ပုစိန်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သံလျက်စွန်း၊ ရေကြောင်းပြမှူးကြီးရိပ်သာနေ ဒေါ်နွဲ့နွဲ့၏ခင်ပွန်း၊ ဦးနေဦး(ရေကြောင်းပြမှူးကြီး)–ဒေါ်သီတာလင်း၊ (ဦးအောင်ကျော်သူ)၊ Singapore နိုင်ငံနေ ဦးသူရကျော်–ဒေါ်ခိုင်ဇင်ကျော်၊ (ဦးသူရလင်း)–ဒေါ်စုစုလှိုင်တို့၏ ဖခင်၊ မောင်အောင်ခန့်ဇော်၊ မခင်ဦးကုံကော်၊ မယွန်းဝတီဦး၊ မောင်စောမြတ်မောင်၊ မမြတ်သူခိုင်၊ မောင်သုဝေယံထက်တို့၏အဘိုးသည် ၃၀–၆–၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးဝင်း

### အသက်(၅၉)နှစ်

မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင် (၃)လမ်း၊ အမှတ် (၁၂၇၅)နေ ဒေါ်သောင်းမြ (မြန်မာ့စီးပွားရေးဘဏ်–ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ဝင်း–ဒေါ်ရင်ကြည်)တို့၏ သားကြီး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နေ (ဦးပန်းစိန်–ဒေါ်ကြေးမုံ)တို့၏ သားသမက်၊ ကိုဝင်းဆန်းအောင်–မရည်မွန်သွယ်(ထိပ်တန်းထွန်းခေါင်ကုမ္ပဏီလီမိတက်)တို့၏ ချစ်လှစွာသောဖခင်၊ မမြယွန်းဘုံ၊ မအမရာစုအောင်တို့၏အဘိုး၊ ဒေါ်မိုးမိုးကျော်၏ မောင်၊ ဒေါ်တိုးတိုးကျော်၊ ဦးသူရကျော်–ဒေါ်မြင့်မြင့်သူ၊ ဦးတင်မောင်လွင်–ဒေါ်မိမိကျော်၊ ဦးနိုင်ဝင်း–ဒေါ်ပပကျော်တို့၏ အစ်ကိုကြီး၊ တူမ ခြောက်ယောက်တို့၏ ဘကြီးသည် ၂၉–၆–၂၀၂၂ (အင်္ဂါနေ့) ညနေ ၄:၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃၀–၆–၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဆေးလိပ်
ဆေးရွက်
ကြီး
အန္တရာယ်
မှ
ဝေးရာသို့
အသိစိတ်
ဖြင့်
ရှောင်
ကြဉ်စို့

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နုနုရီ

### စစ်သူနာပြု၊ ဗိုလ်လောင်းအမှတ်စဉ်(၆)

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄၈)နေ ဦးကျော်သိန်း–ဒေါ်တင်နုတို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ရီ(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒုတိယဗိုလ်မှူးကြီး အောင်စံလင်း–ဒေါ်လှယဉ်ဝင်း၊ ဒုတိယဗိုလ်မှူးကြီး အောင်သန့်ဇော်–ဒေါက်တာမေစိုးအောင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်သုတလင်း၊ မလင်းလဲ့ချယ်တို့၏ ဘွားဘွားသည် ၃၀–၆–၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ညို

### အသက် (၉၃) နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဦးချစ်ဝေ၏မိခင်ကြီး ဒေါ်ခင်ညိုသည် ၂၉–၆–၂၀၂၂ (အင်္ဂါနေ့) နံနက် ၄:၃၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**

**သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၆၂/ခ)၊ ပထမထပ်(၁၈x၅၄)ပေရှိ တိုက်ခန်း(၁)ခန်းအား မြေရှင်များနှင့် ချုပ်ဆိုခဲ့သည့် (၁၇–၃–၂၀၁၉)ရက်စွဲပါစာချုပ်အရ မိမိတရားဝင်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းလှစိန်[၁၂/ဒဂတ(နိုင်)၀၁၁၃၅၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးဝင်း[၁၂/ဥကတ(နိုင်)၀၃၅၄၉၁]သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ)ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအာကာလင်း(LL.B)**

**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်–၂၅၁၃၄/၂၀၀၆**

**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း–၀၉–၂၆၄၁၉၉၂၈၈**

## အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ စိန်ပဒေသာလမ်း၊ (ယခင်အခေါ် မိုးမခလမ်း)ဟုခေါ်တွင်သော မြေအကျယ် အရှေ့အလျား ၁၈ပေ၊ အနောက် အလျား ၂၉ပေ (အနံ၆၃–၆ပေ/၅၀–၈ပေ)Lကွေး အလျား (၁၀ပေx၁၀လက်မ) Lကွေး အနံ(၁၂ပေx၁၀လက်မ)မြေနှင့်၃ထပ်တိုက်(၆)ခန်းတွဲ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းအောင်မှ တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်လျက်ရှိပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ထပ်မံလွှဲပြောင်းဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်သည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်၍ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ပြသကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက "အိမ်နှင့်မြေအရောင်းအဝယ်"ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန္ဒာမြင့်**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၁၅/၁၄–၁၂–၂၀၁၇)**

**အခန်း(၃)၊ နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းတရားရုံးရှေ့**

**ဖုန်း–၀၉–၄၂၀၇၀၆၉၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

( ဂ ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသည့် အချုပ်သား အချုပ်သူ ၇၂၁ ဦး လွှတ်ပေး



ရန်ကုန် ဇွန် ၃၀

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသည့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်တရားစွဲဆိုခံထားရသော အချုပ်သား အချုပ်သူများအား လွှတ်ပေးခြင်း အခမ်းအနားကို ယနေ့တွင် အကျဉ်းဦးစီးဌာန အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်း မိုးလုံလေလုံအားကစားရုံခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မျိုးမင်းထိုက်၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဇော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ခရိုင်တပ်ဖွဲ့မှူးရုံးများမှ ရဲတပ်ဖွဲ့မှူးများ၊ အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိနှင့်

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❒

# ဂျာမနီအသင်းကို အနိုင်ရခဲ့သည့် အင်္ဂလန်အသင်း ကွာတားဖိုင်နယ်တွင် ယူကရိန်းနဲ့ တွေ့မည်



အင်္ဂလန်အသင်းနဲ့ ဂျာမနီအသင်းတို့ ဇွန် ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ပွဲစဉ်မှာ အင်္ဂလန်အသင်းက ဂျာမနီအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အင်္ဂလန်အသင်းဟာ ဂျာမနီအသင်းကို နှစ်ပေါင်း ၅၅ နှစ်ကြာ အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းဆိုးကို အဆုံးသတ်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

**အနိုင်ရရှိခဲ့တာဖြစ်**

အင်္ဂလန်အသင်းဟာ ဂျာမနီအသင်းနဲ့ ပွဲစဉ်မှာ ဒုတိယပိုင်း သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းအတွက်

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖


ကြေးမုံ ယနေ့ ဖတ်စရာ

ရွှေဥသုတေသန

စာမျက်နှာ » ၁၈

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆူပူဆန္ဒပြမှုဖြစ်စဉ်များနှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ခုခုကြောင့် အမှုဖွင့်အရေးယူထားသူများအနက်မှ (ပထမဦးစားပေးအဖြစ်) ၂၂၉၆ ဦးတို့၏ အမှုများကို ရုပ်သိမ်းပြီး ပြန်လည်စေလွှတ်

စာမျက်နှာ » ၂၁

ကိုယ့်ကိုယ်ကိုယ် အထင်သေး အမြင်သေးရှိခြင်း၏ ပြယုဂ်များ

စာမျက်နှာ » ၂၂